
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ပိုင်နှင်းဆီ

အားအား ယားယား

www.burmeseclassic.com

www.burmeseclassic.com

## ဦးရွှင်မောင်

နာမည်ကလည်း ရွှင်တယ်၊ လူကလည်းပဲ. . အဲ. . ရွှင်ပါတယ်လေ. .

အသက်အရွယ်နဲ့ မလိုက်အောင်ကို ဖျတ်လတ်လွန်း၊ သွက်လက်လွန်းလို့ ခက်နေတာ. . .

သူ့မှာ ပြောစရာဆိုလို့ တစ်ခုပဲ ရှိတယ်. . ဘာလဲဆိုတော့ အပေါက်ဆိုးတာ။

ဘယ်လိုအပေါက်ဆိုးမှန်းကို မသိပါဘူး။

ဒါကြောင့် ရပ်ကွက်ထဲက လူတွေက ပြောကြတာ. . . သူ့

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က အမြောက်နဲ့ တူတယ်တဲ့။ ဟိုးအဝေးကနေလည်း လှမ်းပြီး ထုတာပဲ။

သူတစ်ပါးနားဝင်ချိုအောင်မပြောတတ်တဲ့အပြင် ဟုတ်တိုင်း မှန်ရာတွေပဲ လျှောက် လျှောက်ပြောလွန်းလို့ ရန်ဖြစ်ရတာလည်း ခဏခဏ. .

ဒီလို. . ဒီလို ဂုဏ်ပုဒ်တွေနဲ့ပြည့်စုံလွန်းတဲ့ လူကြီးကို ဒီနေ့ ဒီရက်အထိ ပေါင်းနိုင်သေးတဲ့ ဒေါ်အဥ္စလီကို ဆုတစ်ဆုတော့ ပေးသင့်ပါသည်။

'ကမ္ဘာ့သည်းအခံနိုင်ဆုံးလူသား'ဆုလေ. .

ဦးရွှင်မောင်မှာ မိန်းမချောချော ရှိတာတင်မကဘူး. . အရမ်းလန်းပြီး အရမ်းလှတဲ့ သမီးလေးနှစ်ယောက်လည်း ရှိပါသေးတယ်။

ကိုရီးယားမင်းသမီးလေးတွေနဲ့ နင်လားငါလား ယှဉ်လို့ရတဲ့ ရုပ်ရည်ကလေးတွေ ကိုယ်စီရှိကြပါသည်။

သူတို့လေးတွေကို တွေ့ရင် ကောင်လေးတွေခမျာ အကြောတွေအားလုံး ထုံသွားကြရော. .

သူတို့မို့ တစ်ချက်လောက် စိုက်ကြည့်လိုက်ရင် ဒုက္ခတွေရောက်လို့. . .





ရင်ဘတ်ချင်း နီးအောင် ကြိုးစားချင်သူတွေချည်းပဲ။

ကုမ္ပဏီတစ်ထောင်အားနဲ့ စောင့်နေတဲ့. . ဦးရွှင်မောင်ကြောင့် အဲဒီပန်းကလေးနှစ်ပွင့် ဘေးမသီရန်မခ ရှိနေဆဲပါ။

'တိုးအမရာ'နဲ့ 'ကိုးအမရာ'လို့ ခေါ်တဲ့ ကောင်မလေးနှစ်ယောက်ကို ကောင်လေးတွေ ပြောကြတာက ဘီလူးအိမ်ထဲက မင်းသမီးလေးတွေတဲ့. .

သူ့သမီး နှစ်ယောက်ကို သဘောကျကြတဲ့အထဲမှာ ဗိုလ်တောက်လို့ခေါ်တဲ့ ကျွန်တော်လည်း ထိပ်ဆုံးက ပါတယ်ခင်ဗျ. . . နည်းနည်းတော့ လောဘကြီးသွားသလား မသိပါဘူး။

ကမ္ဘာကျော်အောင် လှတဲ့ ဂန္ထဝင်မြောက်အလှတွေကြောင့် ရွေးရ ခက်နေလို့ပါ။

နှစ်ယောက်စလုံးတော့ မဖြစ်နိုင်ဘူးလေ. . . (ဟဲဟဲ. . ရရင်တော့ လိုချင်တာပေါ့)

သူတို့အဖေကိုတော့ ကြောက်တယ်ခင်ဗျ. . .

ယောက္ခထီး တော်ဖို့အရေး သေအောင် ကြောက်ပါတယ်ဆို. .

ကျွန်တော်ပြောတာ ခင်ဗျားတို့မယုံဘူး မဟုတ်လား. .

ကဲ. . ဦးရွှင်မောင်အကြောင်း အကုန်အစင်ဖောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ချပြီဗျာ. . .

လူတစ်ရာမှာ တစ်ရာလုံးက ကျွန်တော် ပြောတာ နည်းသေးတယ်လို့ ပြောကြမှာ သေချာပါတယ်။

▲ ▲ ▲



သမီးတွေ အရွယ်ရောက်နေပြီဆိုပေမယ့်. . သူကိုယ်တိုင် ဈေးခြင်း ဆွဲပြီး ဈေးဝယ်တတ်တဲ့ ဦးရွှင်မောင်. .

မနက် ခုနစ်နာရီဆို ဈေးခြင်းကြီး ဆွဲပြီး ပုဆိုး တိုတိုဝတ်ထားတဲ့ ဦးရွှင်မောင်ရဲ့ပုံစံကို မျက်စိထဲမှာ မြင်ယောင်ကြည့်ကြပါကုန်။

ဦးရွှင်မောင်ကိုတွေ့လို့ ပါးစပ်ဆော့ပြီး သွားနှုတ်ဆက်မိတဲ့ သူဟာ ဒီနေ့အဖို့တော့ စားမဝင် အိပ်မပျော် ဖြစ်တော့မှာ သေချာနေပြီ။

(ဆတ်ဆော့ပြီး သွားနှုတ်ဆက်တာကိုး)

'ကိုရွှင်မောင် သမီးတွေကို ဈေးမလွှတ်ဘူးလားဗျ'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဦးရွှင်မောင်က ဘာပြန်ပြောတယ်ထင်သလဲ။

'မလွှတ်ပေါင်ဗျာ၊ ကျုပ်သမီးတွေ ပင်ပန်းနေမှာစိုးလို့. . . ခင်ဗျားသားတွေ အားနေတယ် မဟုတ်လား၊ အိမ်ခဏလွှတ်လိုက်စမ်းဗျာ. . ဈေးဝယ်နိုင်းရအောင်'

ပြောပြီး သူက ကော့တော့ကော့တော့နဲ့လျှောက်ထွက်သွားသည်။

ကျန်နေခဲ့တဲ့လူက

'ဟ. . ဟ. . ကြည့်စမ်း ဒါလေးပြောမိတာနဲ့ ငါ့ကို ဘလိုင်းကြီးခွပ်သွားတယ်. . သေနာကောင် ရွှင်မောင်၊ မိန်းမရွှင်. . အဲ. . မဟုတ်ဘူး ယောကျ်ားရွှင်ကောင်. . ငါ့သားကိုများ သူက ဈေးဝယ်နိုင်းဦးမတဲ့. . တောက်'

နေ့တစ်နေ့ရဲ့အစမှာ မင်္ဂလာရှိစွာနဲ့ နှုတ်ဆက်နေကြတာလေ. .

နောက်တစ်ခါ ကံဆိုးချင်သူ နောက်တစ်ယောက်က. . . အမှတ်မရှိဘဲ နှုတ်ဆက်မိပြန်ပါသည်။

'ဟိုင်း. . ကိုရွှင်မောင်. . ဘယ်သွားမလို့လဲ'

'သချိုင်း'

အတည်ပေါက်ကြီးနဲ့ ပြန်ဖြေလို့ . .





တစ်ဖက်လူက သူ့ကို နောက်တယ်ထင်ပြီး

'ခင်ဗျားကလည်းဗျာ. . ဈေးခြင်းကြီးဆွဲလာပြီး သချိုင်းတဲ့၊ လာနောက်နေပြန်ပြီ'

'ရော်. . တယ်ခက်ပါလားဗျာ. . အသေကောင်တွေချည်းရောင်းတဲ့နေရာက သချိုင်းမဟုတ်လို့ ဘာလဲ. . . ခင်ဗျားတို့တွေ နေ့တိုင်း အဲဒီ အသေကောင်တွေကို မျိုဆို့နေတာ. . . မဟုတ်ဘူးလား'

'ဗျာ. .'

ကျန်ခဲ့ပြန်ပြီ နောက်တစ်ယောက်။

ပါးစပ်ကြီး အဟောင်းသားနဲ့ သူ့ခမျာအံ့သြလွန်းလို့ ဗျာတစ်လုံးသာ ထွက်လိုက်နိုင်တယ်။

'ဟာ. . ဘယ်လိုလူလဲကွာ. . ဈေးသွားမလား မေးမိတာနဲ့ ငါ့ကို ဘာတွေပြောသွားမှန်းကို မသိဘူး၊ ဒါကြောင့် ဂွစာရွှင်မောင်လို့ နာမည်ကြီးနေတာကိုး. . ဟူး. .'

ဒါတင်ပဲလားဆိုတော့ ဇာတ်လမ်းက မဆုံးသေးဘူး။

ဦးရွှင်မောင်တစ်ယောက် ဈေးထဲရောက်ပြီ ဆိုတာနှင့် ပွဲက ဆူပြီးသားပဲ။ ကြက်သည်ရှေ့မှာ ရပ်လိုက်တော့ ကြက်သည်ဒေါ်ခင်ကြည်က



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး တစ်ပိဿာချိန်လိုက်ရမလား'

ဟု မေးသည်။

ဒါကို ဦးရွှင်မောင်က

'အေး. . အလကားပေးမယ်ဆို ချိန်လိုက်'

'အမယ်လေး. . လေး. . ကြက် တစ်ပိဿာလုံး အလကား ပေးရအောင် ကျုပ်ကိုသာ အိမ်ခေါ်သွားပါတော်'

'နင့်ကိုအိမ်ခေါ်ပြီး ငါက ဘာလုပ်ရမှာလဲ. . ငါ့သမီးထဘီ တွေ လျှော်ပေးမယ်ဆိုရင်တော့ လိုက်ခဲ့လေ'

ဒေါ်ခင်ကြည်က ဒေါ်ကြီးမောကြီးဖြင့်

'ရှင်ကြီးနော်. . စကားပြောတာကိုက အကြောကြီးနဲ့၊ ကဲ . . ဘယ်လောက်ချိန်ရမလဲ ပြော'

ဦးရွှင်မောင်က သူ့ဈေးခြင်းထဲမှ ငါးဆယ်သားအလေးကို ယူထုတ်လိုက်ပြီး

'ရော့. . ဒီအလေးနဲ့ပဲ ချိန်'

ကြက်သည်က သူ့ကို တစ်ခါမှမမြင်ဖူးတဲ့ လူထူးဆန်းသတ္တဝါကို ခုမှမြင်ဖူးသည့်ဒီဇိုင်းဖြင့် ကြည့်ပြီး

'ရတယ်လေ. . ဈေးကတော့ ခြောက်ရာဈေးပဲ'

'ဟ. . မနေ့ကတင် ငါဝယ်သွားတာ ငါးရာဈေးပါ၊ ဘာလဲ





နင်က အလေးမခိုးရလို့ ဈေးတင်လိုက်တာမဟုတ်လား၊ လာစမ်း. . နင် အခု ငါနဲ့ ဈေးခေါင်းဆီ လိုက်ခဲ့'

ဈေးတာစနိုဆီ သွားမယ်ဆိုတော့ ကြက်သည်လည်း ပျာပြီပေါ့။

ဒါနဲ့ပဲ ဦးရွှင်မောင်ကို အမြန် တောင်းပန်ပြီး သူ့အိမ်က ယူလာတဲ့ အလေးနဲ့ ချိန်ပေးလိုက်ရတယ်လေ. .

ဦးရွှင်မောင်ဆိုတဲ့လူက သူ့ဥစ္စာသာ တွန့်တိုတာ။

သူများပစ္စည်းကျတော့ အဆစ်တောင်းရမှ ကျေနပ်တဲ့လူစားမျိုး။

နောက်ဆုံး တောင်းစရာကုန်ရင် ငရုတ်သီးစိမ်းငါးဆယ်ဖိုး ဝယ်ပြီး လေးတောင့်လောက် ပိုပေးပါဦးလို့ တောင်းတာ။

ကြက်ဝယ်ရင်လည်း ခြေထောက် တစ်ချောင်း၊ ခေါင်းတစ်လုံးလောက် အဆစ်ရမှ စားဝင်အိပ်ပျော်တော့သည်။

သူ့ဝမ်း သူ မသထာတဲ့နေ့မျိုးတွေမှာ ဦးရွှင်မောင်တို့ ငါးတန်းဘက်ကို ခြေဆန့်ပါတယ်။

ငါးသေးသေးကလေးတွေကို ငါးရာဖိုးလောက်ဝယ်ပြီး လူကြားကောင်းအောင် ပြောပုံက

'အိမ်က ကြောင်မလေးတွေ စားဖို့'



www.burmeseclassic.com

www.burmeseclassic.com



တဲ့. .။

အလိုလိုနေရင်း သူ့မိန်းမဒေါ်အဥ္စလီနှင့်သမီးနှစ်ယောက်မှာ ကြောင်မတွေကိုဖြစ်လို့. .

ဒီထက်ပိုပြီး စေတနာသဒ္ဓါတရားတွေ ပေါက်လာပြီဆိုရင် သက်သတ်လွတ်ဟင်းသီးဟင်းရွက်တွေ ဝယ်ပြီး ပြန်တော့တာပါပဲ။

စိတ်တွေက နှစ်ဆယ့်လေးနာရီ နှစ်ဆယ့်လေးမျိုးဆိုတာ ဦးရွှင်မောင်မှအစစ်။

▲ ▲ ▲



## ‘ရွှင်မောင်ဆေးဆိုင်’

ဒီဆိုင်းဘုတ်အောက်ကို ဝင်လာတဲ့သူတွေဟာ တော်တော်အမှတ်သညာနည်းတဲ့သူတွေပဲ ဖြစ်မှာပါ။

ကိုယ့်ပိုက်ဆံနဲ့ကိုယ် အပြောခံ အဆိုခံပြီးတော့ လာဝယ်ကြတာ နည်းတဲ့သတ္တိမှမဟုတ်တာ. .

တစ်နေ့မှာ ရပ်ကွက်ထဲက ပိုက်ဆံ အတော်အတန် ရှိတဲ့ လူကြီးတစ်ယောက် ရွှင်မောင်ဆေးဆိုင်ကို ရောက်လာပါတယ်။

ဦးရွှင်မောင်က ပျားသကာကဲ့သို့ ချိုသာလှသောစကားဖြင့် နှုတ်ဆက်လိုက်ပုံက



www.burmeseclassic.com

www.burmeseclassic.com



'ပြော.. ဘာလိုချင်လို့လဲ'

'ဟိုဟာလေ.. ဟိုအတံလေး ဝယ်ချင်လို့'

'ဘာတုန်း.. ဘာအတံလဲ.. ဒီမှာ ဆေးပဲ ရောင်းတာ.. လေထိုးတံ မရှိဘူး'

ထုံးစံအတိုင်း ဘုကျကျ ပြန်ဖြေတဲ့ ဦးရွှင်မောင်ကြောင့် မိုက်ကယ်လှထွန်း ဆိုတဲ့ လူကြီးက

'ခင်ဗျားကလဲ.. တိုးတိုးပြောပါဗျ.. ကျွန်တော် ပြောတာက အမျိုးသမီးတွေ ကိုယ်ဝန်ရှိမရှိ စမ်းတဲ့အတံကို ပြောတာ'

'နို့.. အဲဒါက ခင်ဗျားနဲ့ဘာဆိုင်လို့လဲ.. မိန်းမတွေကိစ္စ မဟုတ်လား'

'ရောင်းမှာသာ ရောင်းစမ်းပါဗျာ'

ဦးရွှင်မောင်တို့ ချက်ဆို နားခွက်က မီးတောက်လိုက်ပုံများ..

'ပေါက်ပြီ.. ကျုပ် ပေါက်သွားပြီ'

'ဗျာ..'

'အခု ခင်ဗျား လာဝယ်တဲ့ဟာက.. ခင်ဗျားမိန်းမအတွက် လုံးဝ မဖြစ်နိုင်ဘူး.. ခင်ဗျားမိန်းမက အသက် ငါးဆယ် ကျော်နေပြီ ဆိုတော့... မီးယပ်သွေးဆုံးနေပါပြီ.. ကိုယ်ဝန်နဲ့ အဝေးကြီး





ပါဗျာ... ခင်ဗျားအိမ်က အိမ်ဖော်မကလေးအတွက်.. မဟုတ်လား'

အကြားအမြင်ပေါက်သလို ဒဲ့ကြီးပြောချလိုက်တော့ ဦးမိုက်ကယ်လှထွန်းတောင် ကြောင်သွားပါသည်။

'ဘယ်သူ့အတွက်ပဲဖြစ်ဖြစ်ပေါ့ဗျာ.. ခင်ဗျား ရောင်းမှာလား မရောင်းဘူးလား'

ဦးရွှင်မောင်ကလည်း ပြတ်တယ်။ ပြန်ပြောလိုက်တာက သုံးခွန်းတည်း။

'မ.. ရောင်း.. ဘူး'

'ပိုက်ဆံပေးပြီးဝယ်တာများ ကြီးကျယ်လို့ကွာ.. ဆေးဆိုင်တွေ ပေါ.. ပေါလွန်းလို့'

'ဝယ်ပေါ့.. ကြိုက်တဲ့ ဆိုင်သာ သွားဝယ်.. ခင်ဗျား သမထားလို့ ကြောက်နေတာ မဟုတ်လား.. မသိတာမှတ်လို့'

ကဲ.. သူနဲ့ ဘာဆိုင်တာလိုက်လို့.. သူများကိစ္စကို အမှန်အတိုင်း လျှောက်လျှောက်ပြောတာ...

ဟိုက ဆွဲမထိုးတာ ကံကောင်း။

ခိုးစားတာ လူမိရုံတင် မကဘူး.. အရှက်ပါ အခွဲခံလိုက်ရတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်ကို ဦးမိုက်ကယ်လို စားနေကျ ကြောင်ဖားကြီးတွေသာ ကြောက်တာမဟုတ်. . .

ဆိုက်ကားဂိတ်က ဆိုက်ကားသမားတွေလည်း ကြောက်ကြတာပင်။

တစ်နေ့ အောင်တင့်ဆိုတဲ့ ဆိုက်ကားဆရာတစ်ယောက် ဦးရွှင်မောင်ဆေးဆိုင်ကို ရောက်လာပါသည်။

သူ့မလဲ သူ့ပြဿနာနဲ့သူပေါ့. .

ဦးရွှင်မောင်ကို တွေ့ပြီး သူ့ခမျာ အားတက်သွားပုံ ရပါတယ်။

ယောကျ်ားအချင်းချင်းတွေ မဟုတ်လား. . .

'ဟိုဆေးလေး ရောင်းပါလားဗျာ'

'ဆေးနာမည်ပြောမှပေါ့ဗျ'

'ကျုပ်လည်း မသိဘူးဗျ၊ သူများတွေ ပြော ပြောနေလို့. . ဟိုဒင်းလေ. . ယောကျ်ားအားဆေးကို ပြောတာ'

ဦးရွှင်မောင်သည် ပါးစပ်မှလည်း ပွစိပွစိပြောကာ ဆေးဘူးကိုဖွင့်ပြီး

'အစောကြီးကတည်းက ပြောလိုက် ပြီးတဲ့ဟာကို. . အလကား ကွေ့ဝိုက်နေတယ်. . ကဲ. . ရော့. . ဘယ်နှလုံးယူမှာလဲ'





ကိုအောင်တင့်လိုလူမျိုးတွေဟာ ဆေးကို ကဒ်လိုက်၊ ဘူးလိုက် ဝယ်လေ့မရှိတာ သိထားသော ဦးရွှင်မောင်က အလုံးကြွေသာ ရောင်းလေသည်။

'ဒါ ဘယ်လောက်အားလဲ အစ်ကို. . ကျွန်တော့်ကို အားများတဲ့ဆေး ရောင်းပါနော်'

သူပြောတဲ့ အားဆိုတာ 100 လား၊ 150လား၊ 500 လား၊ ဦးရွှင်မောင်က သဘောပေါက်ပါသည်။

သဘောတွေ အပေါက်လွန်ပြီး ပိသာလေးနဲ့ ပစ်ထည့်လိုက်ပုံက

'အေး. . ငါပေးတာသာ ယူ. . အကြောမရှည်နဲ့၊ အားများများ ပါတာ စားပြီး မင်း စောစောသေမှာ နားလည်လား. . တကတဲ ပြောလိုက်ရ မကောင်းရှိတော့မယ်. . ဒီဆေးများ ဘာအောက်မေ့နေလဲ မသိဘူး'

ဦးရွှင်မောင် အကြိမ်းလွန်နေလို့. . ကိုအောင်တင့်လည်း ဆေးကို မြန်မြန်ယူ၊ ပိုက်ဆံရှင်းပြီး တစ်ချိုးတည်း လစ်တော့သည်။

ဒါတောင်မှ ဦးရွှင်မောင်က ပြောဖြစ်အောင် လှမ်းပြောလိုက်သေးသည်။

'ဟော့ကောင်. . မင်း အသက်လည်း မငယ်တော့ဘူးပဲ. .



www.burmeseclassic.com

www.burmeseclassic.com



ဒီဆေးတွေပဲ သောက်ပြီး သောင်းကျန်းမနေနဲ့. . ဘုရားတရားလေး လုပ်ဦးကွ'

သူ့အသံ အာပြဲကြီးကြောင့် ပတ်ဝန်းကျင်က ကိုအောင်တင့်ကို ဝိုင်းရှိုးကြပါသည်။

ကိုအောင်တင့်လည်း သူ့ကိုယ်သူအပြစ်တင်လို့ မဆုံးတော့ပါ။

လမ်းဘေးက ကုလားလေးဆိုင်မှာ ဝယ်ရင်တောင် ဒီလို အရှက်ခွဲခံရမည် မဟုတ်. . အခု ဒီလူကြီးဆိုင်မှာ လာဝယ်မိကာမှပဲ. .

▲ ▲ ▲



ဦးရွှင်မောင်ပါးစပ်က ယောကျ်ားသော၊ မိန်းမသော ရှောင်တာ မဟုတ်။

သူပြောချင်ရာ ပြောချလိုက်တာက များသည်။

အချိန်အခါမဟုတ်တဲ့ မိုးလို ရွာချင်တဲ့အချိန် ရွာချလိုက်တာမျိုးပင်။

တစ်နေ့မှာ မေလား လို့ခေါ်တဲ့ ကုလားမလေးတစ်ယောက် သူ့ဆိုင်မှာ ပဋိသန္ဓေတားဆေး လာဝယ်ပါသည်။

ဦးရွှင်မောင်က ဆေးလည်း ရောင်းရင်း သူ့ဝသီအတိုင်း ပြောချင်ရာ ပြောရင်းပေါ့. . .

'နင်တို့မလဲ အလုပ်ကို ရှုပ်နေတာပဲဟာ. . ကလေး မလို



www.burmeseclassic.com

www.burmeseclassic.com



ချင်ရင် အစောကြီးကတည်းက ယောကျ်ားမယူနဲ့ပေါ့ဟ. . ရှင်းရှင်းလေး. .'

ကဲ. . အဲသလို. . အဲသလို အပေါက်က ဆိုးတာ။

ကုလားမလေးက အေးအေးဆေးဆေးသမားမို့လို့ ငြိမ်ပြီးပြန်သွားတာပေါ့။

သူများကိစ္စ သူနဲ့ဘာဆိုင်တာလိုက်လို့. . .

ဒေါ်အဠလီလည်း မနေသာတော့သဖြင့် သူ့မယောကျ်ားပါလေရာ ကိုရွှင်မောင်ကြီးကို

'ကိုရွှင်မောင်ရယ်. . ကိုယ့်ထမင်း ကိုယ် စားပြီးတော့. . . အလကားနေ အမုန်းခံနေတယ်. . . ဘာဖြစ်လို့ လျှောက်ပြောနေရတာလဲ'

'မင်း မသိပါဘူး လီလီရာ. . . သူတို့တွေက ပြောမှ သိကြတာ'

ဦးရွှင်မောင်က သူ့မိန်းမကို ချစ်စနိုးဖြင့် လီလီဟု ခေါ်ပါသည်။

ကိုမောင်နှင့်လီလီ မကြာခင်မှာ စစ်ဖြစ်ပါတော့သည်။

'အဲဒါ ရှင့်အပူလား. . သူတို့မှာ သူတို့မိဘရှိတယ်လေ'

'ရှိ. . ရှိကွာ. . ငါ့မျက်စိနဲ့မတွေ့ရင်တော့ ပြောမှာပဲ'





'ပြော. . ပြော. . ရှင် အဲသလိုသာ ကြပ်ကြပ်ပြော. . အခုရှင့်ကို ပတ်ဝန်းကျင်က ဘာတွေပြောနေကြတယ် ထင်သလဲဟင်'

ဦးရွှင်မောင်ကလည်း တစ်ခွန်းမခံပင်. . .

'ပြောရဲရင် ငါ့ရှေ့ လာပြောမှာပေါ့ကွ. . သတ္တိမရှိလို့ ငါ့အနောက်မှာ ပြောတာ ပြောတဲ့လူ ငါ့ဟိုဒင်းရှူပေါ့'

ဦးရွှင်မောင်ရဲ့လေဒီလီလေးလည်း တစ်ခါတည်း ပါးစပ်ပိတ်သွားပါတော့တယ်။

ပြောမရလွန်းလို့ လွှတ်ထားကာမှ တစ်နေ့တခြား ပိုပိုဆိုးလာတော့သည်။

အဲဒီမှာ ကလေးလေးတစ်ယောက် ဆေးလာဝယ်ပါသည်။

'နှာစေးချောင်းဆိုးနေလို့ ဆေးတွဲစပ်ပေးပါ ဦးလေး'

'ဘယ်လောက်ဖိုးလဲ'

'နှစ်ရာဖိုး'

'မင်းမှာ အကြွေပါလား'

'ငါးရာတန်ပဲ ပါတယ်'

'အေး. . အဲဒါဆို ပြန်တော့. . ငါ့မှာ အမ်းစရာမရှိဘူး'

ကလေးလည်း မျက်နှာလေးငယ်ပြီး ပြန်သွားရော. . ကြီးကောင်ကြီးမားနဲ့ ကလေးရ ကလေးနှင့်ဖက်ပြီးဖြစ်သည့်လူ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဥ္စလီလည်း ဦးရွှင်မောင်ကို ခပ်ချဉ်ချဉ်ရှိသည်နှင့် စကားမပြောတော့ဘဲ အသံတိတ်ဆန္ဒပြပါတော့သည်။

ဦးရွှင်မောင်က အပေါက်သာ ဆိုးတာ. . . သူ့မိန်းမ စိတ်ကောက်ရင်တော့ သူ မနေနိုင်ပါဘူး။စိတ်ကောက်မပြေမချင်း သူ ပြန်ချော့တတ်သည်။

အဲ. . နောက်ဆုံးအဆင့်ဆိုလျှင် ဇက်ကြောကလေး ဆွဲပေးမှ ဒေါ်လီလီက စိတ်ကောက်ပြေတော်မူသည်။

ဒေါ်လီလီတို့ ဒီထက် ပိုပြီး စိတ်ကောက်ပြီ ဆိုလျှင် ဆိုင်ကယ်တစ်စီး ယူ၊ တက်ခွပြီး မြို့ပတ်တော်မူပါတော့သည်။

ဦးရွှင်မောင်ကတော် လေဒီလီက အဲဒီလို ပော့တာ။ သမီးတွေနှင့်အပြိုင်ပေ့ါ။

နေကာမျက်မှန်ကြီးတပ်ပြီး ဆိုင်ကယ်စီးနေတဲ့ ဒေါ်အဥ္စလီကို မြို့ခံလူတွေအားလုံး သြချယူရသည်။ ဒီအသက်ဒီအရွယ်ကြီးနှင့်လေ. .

ဦးရွှင်မောင်က သူ့မိန်းမ သူ မနိုင်တော့ သမီးတွေကို ပိုပြီး ဖိနှိပ်သည်။ ကြပ်မတ်သည်။

▲ ▲ ▲



အဖေ့အရိပ်အကဲကိုကြည့်ပြီး ညီအစ်မနှစ်ယောက် အပြင်ထွက်ဖို့ တာစူနေကြသည်။

တိုးအမရာက ကိုးထက် နှစ်နှစ် ကြီးသည်ဆိုပေမယ့် ကိုယ်လုံးကိုယ်ပေါက်ရော၊ အရပ်အမောင်းပါ မတိမ်းမယိမ်းမို့ ရုတ်တရက်ကြည့်လျှင် ဘယ်သူက အကြီး၊ ဘယ်သူက အငယ်ဆိုတာ ခွဲခြားဖို့ မလွယ်ပါ။

သတင်းစာ ဖတ်နေသော ဦးရွှင်မောင် မမြင်အောင် တိုးနှင့် ကိုးက အသာလေး လစ်ထွက်ဖို့ ပြင်သည်။

နားပါးလှသော သူတို့အဖေက ချက်ချင်းသိလိုက်သည်။

‘ဟိတ်. .’



www.burmeseclassic.com

www.burmeseclassic.com



ဟုလှမ်းလည်းအော်ရော ညီအစ်မနှစ်ယောက်က ကြောက်လန့်တကြားဖြင့် -

'အမယ်လေး. . .'

'အမယ်. . အမယ်. . ငါ့ကိုများ နင်တို့က လန့်ရသေးတယ် ဟုတ်လား. . နင်တို့အဖေဟဲ့. . . အဖေ. . ပြောစမ်း. . ဒါက ဘယ်သွားမလို့လဲ'

'ဟိုလေ မိဇင်တို့အိမ်မှာ ပန်းသေးခေါက်ဆွဲချက်ထားလို့ တဲ့. . အဲ. . အဲဒါ သူက ခေါ်လို့'

ဦးရွှင်မောင်က ရှယ် လန်းနေသော သမီး နှစ်ယောက်ကို သေသေချာချာ တစ်ပတ်လှည့်ကြည့်ရှုရင်း

'မ. . သွား. . ရ. . ဘူး'

ဟု တင်းပြတ်စွာပြောပြီး အထဲပြန်ဝင်စေသည်။

ဒေါ်လီလီလည်း မနေသာတော့ သမီးတွေရှေ့ကို ရောက်လာရသည်။

'တစ်ခါတလေပဲရှင်. . ကလေးတွေလည်း သွားချင် လာချင်မှာပေါ့. . ပြီးတော့ ဇင်ဇင်တို့အိမ်မှာ ကောင်လေးတွေလည်း မရှိပါဘူး'

'တော်စမ်း. . မင်း သမီးတွေကို ကြပ်ကြပ်အလိုလိုက်နော်၊





တော်ကြာ မတော်တရော်တွေနဲ့ညားမှ မျက်ရည်ကို ထဘီနဲ့သုတ်နေရမယ်'

'အို. . ကျွန်မမှ ထဘီမဝတ်တာ၊ မသုတ်ရပါဘူး'

တိုးနှင့်ကိုးမှာ ကိုးက အငယ်ပီပီ နွဲ့ဆိုးဆိုးချင်သည်။

သူလုပ်ချင်တာ လုပ်ရမှ ကျေနပ်တတ်သည်။ ပြောရလျှင်တော့ တဇွတ်ထိုး၊ တယူသန်၊ တဇောက်ကန်းမို့ သူ့အဖေနှင့်တူသည်ဟု ပြောကြပါသည်။

အခုလည်း ကိုးက မကျေမနပ်ဖြင့်

'အဖေက အရမ်းချုပ်ချယ်တာပဲ၊ ဟိုမသွားရ ဒီမလာရနဲ့၊ သမီးတို့ဘဝက ရေအိုင်ထဲက ဖားမတွေ ဖြစ်နေပြီ သိလား၊ ဖားကမှ ခုန်ချင် ခုန်လို့ရသေးတယ်. . ဟွန်း'

ပြောပြီး ခြေဆောင့်ဝင်သွားသောသမီးကို ဦးရွှင်မောင်က

'အေး. . ဖားဖြစ်တာက ကိစ္စမရှိဘူးဟေ့၊ အဲဒီဖားကို ဝစ္စနှစ်လုံးပေါက် အဖြူတ်ခံရမှ ဒုက္ခလှလှကြီး တွေ့မှာ၊ မိကိုးနော်. . မိကိုး. . ခုတစ်လော နင် တော်တော်ဂြိုဟ်ကြွနေတယ်'

ဆယ့်ရှစ်၊ ဆယ့်ကိုး အရွယ်ကောင်းလေးတွေမှာ ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်းပဲဆိုတာမျိုးက ဒီဘက်ခေတ်မှာ မဖြစ်သင့်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုဆို state ကျောင်းသူဘဝကို ကျော်လို့ dayတက်နေကြပြီပဲ။

ဒါတောင်မှ အဖေက လွတ်လပ်ခွင့်မပေးချင်ဘူးဆိုတော့ နည်းနည်းတရားလွန်သည်ဟု ထင်သည်။

သမီးတွေ မွေးထားပြီး စကားပြောလည်း မဆင်ခြင်။ ညင်သာဖို့ နူးညံ့ဖို့ဆို ဝေလာဝေး. . .

'မမ. . ကိုး ဇင်ဇင်တို့အိမ် သွားချင်တယ်. . သူတို့အိမ်က ပန်းသေးခေါက်ဆွဲက အရမ်းစားကောင်းတာပဲ'

တိုးက အနေလည်း အေးသည်။ ယဉ်ကျေးသိမ်မွေ့သည်။

ပြီးတော့. . သူ့ညီမလေးကိုလည်း အရမ်းချစ်ရှာသည်။

'ညီမလေးရယ်. . အဖေ စိတ်ကြီးတာ သိရဲ့သားနဲ့ ဘာလို့ ဆန့်ကျင်ဘက်လုပ်ချင်ရတာလဲကွယ်'

'ပေးမှမသွားတာ. . ကိုးတို့က ငှက်တွေလား၊ လှောင်ချိုင့်ထဲမှာပဲ အသေပိတ်ထားတာကိုး မမရဲ့'

စိတ်ဆိုးနေသော ညီမလေးကို ဆံပင်လေးတွေ ပွတ်သပ်ပေးရင်း တိုးက ချော့သည်။

'ညီမလေး စားချင်ရင် နောက်နေ့ မေမေ့ကိုချက်ကျွေးခိုင်းမယ်လေ. .'





'ဟင့်အင်း. . ဒီနေ့ပဲ စားချင်တာ၊ မမ မယုံရင် ကြည့်နေ၊ ကိုးက ရအောင် ထွက်မှာပဲ'

ဘုကျသော ဖခင်နှင့် စိတ်ဆတ်သော ညီမကြားမှာ တိုးတစ်ယောက် ဗျာများရပါပြီ။

ညနေ ခြောက်နာရီ ဒေါင်ဆို ဘုရားရှိခိုးတတ်တာ ဦးရွှင်မောင်ရဲ့အလေ့အကျင့်ပင်။

မနက်ဆို ကိုးနာရီ ဒေါင်မှာ ဘုရားစင်ရှေ့ ရောက်နေပြီဖြစ်သည်။

ဘုရားရှိခိုးတာတောင်မှ အချိန် အတိအကျနှင့် ဝကျသူဖြစ်သည်။

ကိုးသည် ဦးရွှင်မောင် ဘုရားရှိခိုးချိန်ကို ချောင်းပြီး ရအောင် လစ်ထွက်ခဲ့လေသည်။

ကိုးရဲ့စိတ်ကိုက မလုပ်နဲ့ဆိုတာကို လုပ်ချင်သည်။ မသွားနဲ့ဆို ရအောင် သွားချင်သည်။

ကိုယ့်ဟာကိုယ် နေလျှင် အကောင်း။

ဒါပေမယ့်. . .

သူများပါးစပ်က တစ်ခွန်းထွက်လိုက်တာနှင့် အဲဒီစကားနဲ့ ဆန့်ကျင်ဘက်တွေချည်း ရွေ့ပြီး လုပ်ပြတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညခြောက်နာရီမှာ အပြင်ထွက်ဖို့နေနေသာသာ၊ ခြံတံခါးဝကိုတောင်မှ ငေးမျှော်ကြည့်ခွင့်ရှိတာမဟုတ်သော ကိုးသည် အိမ်အရိပ်နဲ့ဝေးလာလေ. . စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးလေပင်။

အိမ်က ဒယ်ဒီ၇၀စာကြီးသာ သိလို့ကတော့ မိုးမီးလောင်ပြီပေါ့။

မမနဲ့မေမေက ဟိုဖုံးဒီဖိလုပ်ပေးမှာပဲ။

no problem. .

ကိုးသည် ပျော်လွန်းသဖြင့် လမ်းလျှောက်တာတောင် ခုန်ဆွ၊ ခုန်ဆွ ဖြစ်နေသည်။

ဗိုက်ကလည်း ဆာနေပြီဆိုတော့ (သူများ အိမ်က ကျွေးတာဆို အကုန်စားချင်နေတာ. . )

'ဗိုလ်တောက်. . ဟိုမှာ လာနေတာ. . . မင်းတို့အိမ်နားက ကောင်မလေး မဟုတ်လား'

ဗိုလ်တောက်လို့ သူငယ်ချင်းတွေကခေါ်ကြတဲ့ ခွန်းတောက်က ကိုးကိုလည်း မြင်ရော မျက်နှာမှာ အပြုံးတွေ auto ပွင့်လာကာ. . .

'တိုးလား. . ကိုးလား မသိဘူး၊ လာကွာ. . ပြောနေ ကြာတယ်. . သွားရှိုးရအောင်'





ဗိုလ်တောက်နှင့် မင်းကိုတို့ နှစ်ယောက် ကိုးအနောက်မှ လိုက်လာကြသည်။

ဗိုလ်တောက်က သီချင်းတစ်ပိုင်းတစ်စကို စ,ဆိုသည်။

♬ ရှိမီယို. . ဂျူးလိယက် မမီနိုင်ဘူးဆို. .
အာဒံ ဧဝနဲ့. . . . ♬

မင်းကို ဆိုတဲ့ ကောင်ကလည်း အားကျမခံ ယုန်လေးရဲ့ 'အရင်အတိုင်းပဲ'သီချင်းကို ဆိုသည်။

♬ အရင်အတိုင်းပဲ. .
ဘယ်တော့မှ မပြောင်းလဲတဲ့ ငါ့စိတ် အိပ်မက်တွေတိုင်း
လည်း လုံးဝမေ့ပျောက်လို့ မရတဲ့ ငါ့စိတ်. .
ငါ့စိတ်တွေတိုင်းမှာ မင်းပဲရှိနေ. .
မယုံနိုင်ရင် စောင့်ကြည့်နေ
လေးနက်တဲ့ ကတိတွေ ♬

ကိုးက သူမနောက်မှာပါလာသော သီချင်းရှူးအဆိုတော်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နှစ်ကောင်ကို ရယ်ချင်စိတ် ပေါက်လာသည်။ သူတောင်းစား ခွက်ပျောက်မယ့်အသံတွေ။

ဗိုလ်တောက်နှင့် မင်းကိုတို့ လက်ဝါးချင်း ရိုက်လိုက်ကြသည်။

ဗိုလ်တောက်က

'ဟော့ကောင်၊ မင်းရော ငါပါ အသံpower မိုက်တယ်ကွ၊ ငါတို့နှစ်ယောက်ပေါင်းပြီး ခွေထုတ်ကြမလား၊ စာကလေးခွေ. .'

ဗိုလ်တောက်စကားဆုံးတော့ ကိုးထံမှ တခွီးခွီးနှင့် ရယ်သံထွက်လာသည်။

ဒီအဆင်မြင်လို့ ဒီခွင်ကို ထွင်တာပဲလေ. . ဗိုလ်တောက်အူမြူးသွားသည်။

ဒီကောင်မလေးက 'ကိုးအမရာ' ဆိုတာ သေချာသွားပြီ။ အငယ်မလေးပေါ့။

တစ်ဝေးတစ်လံမှာ သွားရှာစရာမလို။

onlineပေါ်လည်း တက်ရှာနေစရာမလိုဘူးလေ။

ကောင်မလေးက ကိုယ့်ရှေ့တည့်တည့်မှာ တိုးနေပြီပဲ. . . ရောရောရှိ လုပ်ပစ်လိုက်ရုံပေါ့. .

'ဟော့. . မင်း ဦးရွှင်မောင်သမီး မဟုတ်လား'





'ဟုတ်တော့ ဘာဖြစ်သလဲ ကိုစာကလေးခွေ'

'ဟား. . ဟား. . ဟား. . မင်းက ချက်ချင်း ချေပကိုး ပြန်သွင်းတာကိုး. . မိုးချုပ်နေပြီ. . ဘယ်သွားမလို့လဲ'

'ဟိုးနားဒီနားပေါ့'

'ဘော်ဒီဂတ်လိုရင် တို့ကိုငှားလေ'

တိုးက အေးပြီး၊ ကိုးက စွာတေးလန်လို့ သူသိထားသည်။ အဲဒီစွာတေးကလေးကိုပဲ စချင်နေတော့သည်။

ကိုးက သူမ ခြေလှမ်းကိုရပ်ပြီး ဗိုလ်တောက်ဘက် လှည့်ကာ ခါးထောက်ပြီး စွာသည်။

'နေစမ်းပါဦး ကိုတောက်တဲ့'

'ဟာကွာ. . ဘယ်က တောက်တဲ့ရမှာလဲ၊ ခွန်းတောက်ကွ. . ခွန်းတောက်'

'သိဘူးလေ ရှင်တို့အိမ်က တစ်ချိန်လုံး တစ်တောက်တည်း တောက်နေတာကိုး'

'ဒါဆို မင်းက ငါတို့အိမ်ကို စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေတာပေါ့ ဟုတ်လား. .'

'ဒါ. . ပေါ့၊ ရှင့်ကို ကျွန်မ ကောင်းကောင်း သိတာပေါ့. . ရှင်တို့အုတ်ကန်နားမှာ ရှင်ချော်လဲတုန်းက. . ကျွန်မတွေ့သားပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်'

သွားပြီ. . .

ဒီကောင်မလေး စပ်စပ်စုစုနဲ့ အကုန် လျှောက်ကြည့်နေတာပဲကိုး။

အဲဒီတုန်းက ချော်လဲပြီး ပုဆိုးပြဲသွားဖူးသည်။ ချော်လဲတာတောင် တွေ့တယ်ဆိုတော့ ပုဆိုးကွဲနေတာလည်း မြင်သွားမလား မသိဘူး။

ဗိုလ်တောက်မျက်နှာတစ်ပြင်လုံး နီရဲလာသည်။

ကောင်မလေးက သူ့ပုံစံကိုကြည့်ပြီး -

'အဟိ'တဲ့. .။

ရယ်သံက ထွက်လာသေးသည်။

'ရှင့်အဖေနဲ့ ကျွန်မအဖေ ဒီလောက် နောင်ဂျိန် playနေတာ၊ ရှင်က ကျွန်မကို လာရော့သေးတယ်. . အံ့ဖွယ်ပဲ'

ခွန်းတောက်အဖေ ဦးဘိုကြီးနှင့် ကိုးရဲ့အဖေဦးရွှင်မောင်က အရင်ဘဝက အမွှာညီအစ်ကိုဖြစ်လိမ့်မည်။

တည့်သမှ သိပ်တည့် . . . တစ်ယောက်နှင့် တစ်ယောက်မျက်နှာမြင်ရင် တွေ့ကရာဆွဲပြီး ကောက်ပစ်ချင်နေကြသည်။

အိမ်နီးနားချင်းမို့ ချစ်ချစ်ခင်ခင်နေခြင်းဖြစ်သည်။





'ကြိုးတန်း'ဇာတ်ကားထဲမှာလို ကြွပ်ကြွပ်အိတ်တွေ တန်းစရာမလို။

သူတို့နှစ်ယောက်က သူဦး သူခုတ်၊ ငါဦး ငါခုတ်ပင်။

ကိုးတို့ခြံထဲက သရက်ပင်အကိုင်း ဟိုဘက်ခြံထဲ နည်းနည်းကလေး ကျော်ဝင်တာနှင့် ဗိုလ်တောက်အဖေဦးဘိုကြီးက သရက်ကိုင်းကို ခုတ်ချပစ်သည်။

သူတို့ခြံဘက်က သစ်ကိုင်း ဒီဘက်ခြံထဲ ကျူးကျော်လာပြီဆိုတာနှင့် ဦးရွှင်မောင်က ခုတ်ချပစ်သည်။

အဲဒီလောက်အထိ သူတို့က ပြတ်တာ။

ကျောင်းတော်က ရန်စတော့ မဖြစ်နိုင်ပါ။ ဒီရပ်ကွက်ထဲပြောင်းလာပြီး ခြံချင်းကပ်နေတော့မှ ရှေးရေစက်ကြောင့် ရန်ဖြစ်ကြတာ။

ယောကျ်ားတွေပဲလား ဆိုတော့. . no ပါ။

သူတို့ရဲ့ကတော်တွေကလည်း လမ်းမှာ မျက်နှာချင်းဆိုင်တွေ့ရင် တစ်ယောက်က မျက်နှာကို ဘယ်လှည့်ရင် နောက်တစ်ယောက်က ညာလှည့်ပြီးသားပဲ။

ဦးဘိုကြီးကတော်က ဒီနေ့ စကဒ် ဝတ်ရင် ဦးရွှင်မောင်ကတော် လေဒီလီက နောက်နေ့မှာ ဘောင်းဘီ ဝတ်ထားမှ ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စရာပင် မလိုပါ။ သူတို့နှစ်အိမ်ရဲ့ပြိုင်ဆိုင်မှုက ပရီးမီးယား လိဂ်က ဘောလုံးအသင်းတွေနှင့် နင်လား ငါလားပင်။

ဘောလုံးအသင်းတွေက ရာသီမစခင် ကစားသမားတွေ ဝယ်ယူကြသည်။ အပြောင်းအရွှေ့လုပ်ကြသည်။

သူတို့နှစ်အိမ်ကလည်း အားကျမခံ၊ အိမ်မှာရှိတဲ့ ခွေးတွေကို အလိုက်ပေးပြီး အလဲအထပ်လုပ်ထားကြသည်။

ဦးရွှင်မောင်တို့ လုပ်ပုံက သူ့အိမ်က ခွေးထီးကလေးကို

'ဘိုကြီးရေ. . ဘိုကြီး. . အို့. . အို့. .'

ဆိုပြီး ခေါ်သည်။

ဦးဘိုကြီးတို့ ခံပြင်းတာပေါ့။

အမေမွေးကတည်းက ပေးခဲ့တဲ့ 'ဘိုကြီး' ဆိုတဲ့နာမည်ကို register မလုပ်ထားမိလို့ သူများခိုးချတာ ခံလိုက်ရသည်။

'ဘတစ်ပြန် ကျားတစ်ပြန်'ပေါ့လေ။

သူလည်း အိမ်က ခွေးမလေးကို 'လီလီ'လို့ ကောက်ခေါ်ပစ်လိုက်သည်။

လူကြားလို့မှမတော်။

ရပ်ကွက်ထဲမှာ၊ လမ်းထဲမှာ သူတို့နှစ်အိမ်အကြောင်းကို အားလုံးသိကြသည်။





ဗိုလ်တောက်တို့က အိမ်ရှေ့မှာ 'Beer Station' ဖွင့်ထားသည်။

နောက်ဖေးမှာ စားဖိုမှူး မရှိတဲ့ restaurant ပေါ့။

ဦးဘိုကြီးကတော်က စားဖိုမှူးလုပ်ပြီး ဦးဘိုကြီးကိုယ်တိုင် စားပွဲထိုးလုပ်သည့် 'စောင့် Restaurant'

ဘာပဲမှာမှာ စောင့်ရလွန်းသည့်အတွက် လူတွေက အဲဒီလို ခေါ်ကြသည်။

ဦးရွှင်မောင်ဆေးဆိုင်ကိုကျတော့ ဂွကျလွန်းလို့ 'ဂွ ဆေးဆိုင်'တဲ့။

'စောင့် Restaurant နှင့် ဂွဆေးဆိုင်'ပေါ့။

ဗိုလ်တောက်က ကိုးရဲ့ အမေးကို ဝိနည်း လွတ်အောင် ရှောင်ထွက်သွားသည်။

'လူကြီးတွေ မလိမ္မာလို့ ရန်ဖြစ်ကြတာပဲကွာ. . တို့လူငယ်တွေက အတွေးအခေါ် ရှိတယ်. . ရင့်ကျက်တယ် မဟုတ်လား. . . သဘောထားလည်း ကြီးတယ်လေ၊ သင့်သင့်မြတ်မြတ်နေကြတာပေါ့ OK'

'မဆိုးပါဘူး၊ ရှင်နဲ့စကားပြောရတာ ပျော်ဖို့ကောင်းတယ်၊ ဒါပေမယ့် ရှင်နဲ့ပဲ ခေါ်မှာနော်၊ ရှင့်အဖေက အပေါက်ဆိုးတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဩ. . မင်းအဖေကျတော့ရော၊ ပြည်သူ့ချဥ်ဖတ်. . ကိုရီးယားကင်မ်ချီ'

ကိုးကလည်း ခေသူ မဟုတ်ပါ။

'အမယ်လေး အဲဒီကင်မ်ချီမျိုး လူတစ်ရာမှာ တစ်ယောက်လိုက်ရှာကြည့်စမ်းပါဦး. . သူ့ကုသိုလ်နဲ့သူ ဝွစာဖြစ်နေတာ. . ရှင်မနာလိုမဖြစ်နဲ့'

ကိုယ့်အဖေသူ့အဖေရဲ့ဂုဏ်ပုဒ်တွေကိုဖော်ပြီး အမွှန်းတင်နေကြသည်။

ဗိုလ်တောက်က ကိုးကို သူမသူငယ်ချင်းအိမ်ရှေ့အထိလိုက်ပို့ပေးခဲ့ပြီးမှ ပြန်ဖို့ပြင်သည်။

အမှန်က ဒီအချိန် ဆိုင်မှာလူကျချိန်မို့ သူ ရှောင်ထွက်လာခြင်းဖြစ်သည်။ လူတွေရဲ့ ပွစိပွစိ အပြောကို မခံနိုင်တာလည်း ပါသည်။

အဖေနဲ့အမေ လုပ်ပုံကလည်း ကြည့်ဦးလေ. . .

စားဖို့မှူးတစ်ယောက်လောက် ခေါ်ပါ ဆိုတော့လည်း ပေသီးခေါက်သည်။

စားပွဲထိုးရှာပါဆိုတော့လည်း 'မင်း အားနေတာပဲ၊ မင်းဝင်ထိုး'တဲ့လေ။





မသကာ ကိုယ့်သားလေးကို ကောင်တာရှေ့မှာ အလှပြထားရင် တစ်မျိုးပေါ့။

ဒါမျိုးကျတော့ ဦးဘိုကြီးတို့က လာဘ်မြင်သည်။

သူ့သား ဗိုလ်တောက်ကို ကောင်တာအနား ကပ်ခွင့်မပေးပါ။

body ဖြောင့်ဖြောင့်၊ ရုပ်လှလှကောင်မလေးတစ်ယောက်ခေါ်ပြီး ကောင်တာမှာထိုင်ခိုင်းထားသည်။

သူ့အပြောက ဒီအလုပ်ဟာ 'မျိုးတူချင်းဆို စီးပွားပြုတ်' မတဲ့လေ. . .

သံလိုက်လိုပဲ အဖိုနဲ့အမ ဆွဲငင်နိုင်မှ စီးပွားက ဖြစ်တာတဲ့. . .

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တောက်ရဲ့ အိမ်အပြန် ခြေလှမ်းတိုင်းမှာ အသက်ပါနေသည်။

သူ တိတ်တခိုး ချောင်းကြည့်ပြီး ရင်ခုန်ခဲ့ရတဲ့ ကောင်မလေးနဲ့ မမျှော်လင့်ဘဲ ခင်မင်ခွင့်ရလိုက်ပြီပဲ. . .

ကိုးအမရာရဲ့လှချက်က ကမ်းကုန်သည်။

အသားအရည်လေးက အမှောင်ထဲမှာတောင် ဝင်းမွတ်နေသည်။

သူ့မျက်နှာမှာ ဆွဲဆောင်မှုတစ်ခုခုက ရှိကိုရှိနေသည်။

ရာသီတိုင်း၊ နှစ်တွေ၊ လတွေတိုင်းမှာ မေ့ပျောက်ဖို့ ခက်စေတဲ့မျက်နှာလေးပေါ့. . .





ရှေ့ဆက်ဖို့ plan ကောင်းကောင်းဆွဲမှရမည်။

အီရန်နှင့် အီရတ်စစ်ပွဲထက် ကြီးကျယ်တဲ့ လူကြီးတွေရဲ့တိုက်ပွဲကြောင့် အချစ်ရဲ့ကြိုးကလေးတွေ ရစ်နှောင်ဖို့ခက်ခဲမှာ သေချာသည်။

ဗိုလ်တောက်က အိမ်ရှေ့မှာ ခြေထောက်ချရုံ ရှိသေး. . ဆယ်ပေအကွာကနေ သူ့အဖေက တာဝေးပစ်ဒုံးကျည်နှင့်လှမ်းထုတော့သည်။

'ဟေ့ကောင် တောက်'

ကြည့်ဦး. . '

ခေါ်ပုံကိုက. . . အရပ်ရပ် နေပြည်တော်. . ကြားလို့မှ မတော်. . .

'ဗျာ'

'ဒီမှာ လူကျနေတာ မင်း မသိဘူးလား၊ မင်းကို ငါကြည့်နေတာ ကြာပြီ. . ဒီအချိန်ဆို ပျောက်သွားပြီ၊ မိသားစုစိတ်ဓာတ်ကို မရှိဘူး'

'အဖေ့ကိုပြောသားပဲ လူငှားပါလို့၊ အဖေ့ဟာ အဖေ ဖင်မနိုင်ဘဲ ပဲကြီးဟင်း စားပြီးတော့'

ခွန်းတောက်စကားကြောင့် သူ့အဖေ တင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်စမ်း၊ ဒါကြောင့် ငါပြောတာ. . ငါ့ကို သမီးမွေးပေးပါဆို၊ အထီးတစ်ကောင် ရအောင်မွေးပေးတဲ့ မိန်းမ၊ အလကား. . ဘာမှသုံးစားလို့ မရဘူး'

သား မနိုင်တော့ အမေ အမဲခံရတာ မဆန်း။ ခွန်းတောက်ကလည်း မခံ. .

'ကျွန်တော် သိသားပဲ. . အဖေက သမီးဆို ကောင်တာမှာ လူလုံးပြမလို့ မဟုတ်လား. . ဒီကောင်ကြီးကျတော့ စားပွဲထိုး လုပ်ခိုင်းတယ်. . နည်းနည်းမှမတရားဘူး'

သားအဖနှစ်ယောက် စစ်ဖြစ်နေကြတုန်း စားပွဲတစ်လုံးမှ အသံတွေ ထွက်လာသည်။

'ဗျို့. . ဒီည ညစာရင်းတိုင်ပြီး စားရမှာလား'

'ဟုတ်ပ. . မှာထားတာ ကြာလှပြီ. . ဗိုက်ထဲက ကလေးတောင် အပြင်ရောက်တော့မယ်'

ဗိုက်ကြီးနဲ့ မိန်းမရဲ့ အသံ။

နာမည်တစ်လုံးနဲ့ နေတဲ့ ဦးဘိုကြီးပဲ. . ဘာပြန်ပြောသလဲ ဆိုတော့. .

'ရတော့မှာ ခင်ဗျ. . အခုချက်တော့မှာပါ။ ဟင်းရွက် လှီးနေတုန်းမို့လို့'





'ဟာ. . ဒါဆို ဒီနေ့စားရဦးမှာပဲ. . အခုမှ ဟင်းရွက်လှီးတုန်း'

ထိုအချိန်တွင် ခွန်းတောက်တို့အိမ်မှ အဝယ်တော်ကောင်လေး ထမင်းထုပ်တွေဆွဲပြီး ဝင်လာသည်။

'ဟာ. . ထမင်းလည်း. . အခုမှ ပြေးဝယ်တုန်း. . . ဒုက္ခပဲကွာ'

ပြောလည်း ပြောစရာပင်။

ဒီလိုအပြောအဆိုတွေ နေ့တိုင်း ဘယ်ခံနိုင်မှာလဲ။

ခဏနေတော့ ဦးဘိုကြီးက ဟင်းတစ်ပွဲကိုင်ပြီး ထွက်လာသည်။

'ကန်စွန်းရွက်ကြော် လာပြီ'

သူ့ကန်စွန်းရွက်ကြော်ကိုကြည့်ပြီး ထိုဝိုင်းက လူတွေ နှာခေါင်းရှုံ့ကြသည်။

'ဟင်. . မည်းတူးနေတာပဲ'

တစ်ယောက်က ကန်စွန်းရွက်ကြော် တစ်ဇွန်းခပ်ပြီး မြည်းကြည့်သည်။

သူ့မျက်နှာက ရှိ ရှိသမျှ အကြောတွေ အကုန် ရှုံ့ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ထွီး . . ငန်လိုက်တာ၊ ဆားတစ်အိုးလုံး ထည့်ကြော်ထားသလား မသိဘူး'

တွေ့လား . .

အမေ့လက်ရာက အဲသလောက်အထိ အစပ်အဟပ်တည့်တာ . . ။

ထိုဝိုင်းကလူတွေ ထပြန်ဖို့ ပြင်တော့သည်။

'တော်ပြီကွာ . . ပြန်မယ် . . ဒီလောက် စောင့်ရတဲ့ဆိုင်မျိုးတွေ့ကို မတွေ့ဖူးဘူး'

အဖေကလည်း ရင့်သည်။

'နေဦး၊ ပြန်မယ်ဆိုလည်း ဟင်းဖိုးတစ်ဝက်တော့ ရှင်းသွားဦး၊ ဟိုမှာ ဟင်းက ချက်နေပြီကွ'

ဦးဘိုကြီးတို့က ကဏန်း မံရ လက်မတော့ ဖဲ့လိုက်ရမှ . . ဟိုလူကလည်း ဆောင့်ဆောင့် အောင့်အောင့်ဖြင့် ငါးထောင်တန်တစ်ရွက် ပစ်ပေးသွားသည်။

'အဖေကလဲဗျာ . . သူတို့မစားဘဲနဲ့ ဘာလို့ ပိုက်ဆံ သွားတောင်းရတာလဲ'

'တောင်းတော့ ဘာဖြစ်လဲကွ၊ သူတို့ မစားပေမယ့် ငါပိုက်ဆံရဖို့ အရေးကြီးတယ်၊ မစားဘဲနဲ့ ဘာလို့ လာမှာသေးလဲ'





ခွန်းတောက်က ကျွေးဖေဖေ ကျေးဇူးရှင်ကို ခွန်းတုံ့ပြန်မနေတော့ဘဲ သူ့အခန်းထဲဝင်သွားသည်။

ဒီလောက် အပေါက်ဆိုးပြီး ဆက်ဆံရေးမပြေပြစ်တဲ့ အဖေ့ဆိုင်မှာ အမာခံအားပေးသည့်သူတွေက ရှိသေးသည်။

သူ သိသလောက်တော့ ကောင်တာ ထိုင်သည့် ကောင်မလေးကို လာပြီး နှာဘူးကျနေကြတာ ဖြစ်သည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဦးရှင်မောင်တစ်ယောက် မိုးလင်းကတည်းက ခြံထဲမှာ ကုန်းကွ၊ ကုန်းကွဖြင့် ဘာတွေ ကောက်နေမှန်းမသိ။

ကိုးက သူ့အဖေအနားကို ခြေသံမကြားအောင် ဖွနင်းသွားပြီး -

'အဖေ. . . ဘာတွေ ကောက်နေတာလဲ. . ဟယ်. . ခရေပန်းတွေတော့၊ ဘာလဲ. . မေမေ့ကို ပေးမလို့မဟုတ်လား'

'ရှူး. . တိုးတိုး၊ ဘယ်ကလာ. . အဲဒါ ဟိုဘက်ခြံက ကြွေကျလာတဲ့ပန်းတွေ၊ သူတို့ခြံထဲ ပြန်ပစ်မလို့ကောက်နေတာ'

ဘုရား. . ဘုရား. . ကြောက်မက်ဖွယ်ရာပါလား။ ပန်းပွင့်သေးသေးလေးကအစ ကျူးကျော်မခံဘူးဆိုတော့. . .





ကိုးမျက်လုံးထဲမှာ ညတုန်းက တွေ့ရတဲ့ ဗိုလ်တောက်ရဲ့ မျက်နှာချောချောလေးကို ပြေးပြီး မြင်မိသည်။

သူတို့ခြံဘက်က ဘာပဲ ကျော်လာ. . ကျော်လာ၊ အဖေက ခုတ်ထစ်ဖို့ ကောက်ပစ်ဖို့ ဝန်လေးတာ မဟုတ်။

သူ့လိုသာ. . လူအကောင်လိုက်ကြီး ကျော်လာလို့ကတော့ တွေးပင် မတွေးဝံ့ပါ။

ပန်းတွေကိုတစ်ပွင့်ချင်းကောက်ပြီး ပါးစပ်ကလည်း ပေါက်ပေါက်ဖောက်သေးသည်။

'အလကားဟာတွေ၊ သူများခြံထဲ အမှိုက်ရှုပ်အောင် လုပ်ထားတာ. . ဒင်းတို့ခြံထဲကဟာဆို ပန်းတစ်ပွင့်ကအစ မမြင်ချင်ဘူး၊ ကျက်သရေတုန်းလွန်းလို့'

သူ့သခင်ကသာ ကျက်သရေတုန်းနေတာ. . ဦးရှင်မောင်မွေးထားတဲ့ ဘိုကြီး ဆိုတဲ့ အယ်လ်ဆေးရှင်းခွေးကြီးကတော့ ဟိုဘက်ခြံထဲက ခွေးမလေးကို တအီအီနှင့် ဖိုသံပေးနေသည်။

အမယ်. . ဟိုခွေးမကလည်း အလာသား။

သူ့ကို လူပျိုလှည့်နေမှန်းလည်းသိရော. . ပြီစီတီနှင့် ပဲကပေးရသေးသည်။

ခွေးမတို့ကြွန်နွေ ရွှေပေးလို့မရ ဆိုတဲ့အတိုင်း ခြံစပ်နားကို



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ပြေးကပ်လာသည်။

သူတို့နှစ်ကောင်က ပလူးပလဲနှင့် ဂူးဂဲလုပ်နေသမျှ ကိုးမှာ မျက်ခမ်း တလှုပ်လှုပ်ပင်။ အဖေ တွေ့သွားလျှင် ပြဿနာက တက်ဦးမည်။

ထိုအချိန်တွင် ဦးဘိုကြီး၏မိန်းမ ဒေါ်မိမိတင် ထွက်လာပြီး. . .

'ဟဲ့ကောင်မ လာစမ်း၊ နန့်ကြောဆွဲမနေနဲ့. . အဲဒီကောင်က နင်နဲ့ ဂုဏ်ရည်တူတာမဟုတ်ဘူး နားလည်လား၊ ကိုယ့်အဆင့်အတန်းနဲ့ကိုယ်နေ. . မတူမတန်တဲ့ ပေါက်လွတ်ပဲစားတွေနဲ့အရောဝင်တာ အမေ မကြိုက်ဘူး သမီး'

ဦးရှင်မောင်ရဲ့ဒေါသတွေက မီးတောင်လို ပေါက်ကွဲထွက်လာသည်။

'ဟေ့. . ဒီမှာ စကားကိုကြည့်ပြောကွ၊ နင့်အိမ်က ချေးစားခွေးနဲ့ ငါ့အိမ်က ချိစ်စားတဲ့ခွေး. . ဘယ်လိုလုပ်ပြီး တူတန်မှာလဲ၊ မဟုတ်ဘူးလား. . ဟေ့ကောင် ဘိုကြီး၊ လာစမ်း. . သား. . ပါကင်မဟုတ်တဲ့ဖာကြီးကို သွားမျှော်မနေနဲ့ကွ၊ အဲဒီကောင်မက သုံးသားကျပြီးသားကြီး. . လာ. . သား. . မင်း မိန်းမလိုရင် ငါကိုယ်တိုင်စပ်ဟပ်ပေးမယ်. . ဟုတ်လား. . original ရစေရမယ်'





ဒေါ်မိမိတင်လည်း ရှုံးရှဲလက်ဖက်စားမိသလို ရှုံးရှုံးရှဲရှဲတွေ ဖြစ်လာသည်။

'ရှင် စကားပြောတာ မမိုက်ရိုင်းနဲ့နော်၊ နေစမ်းပါဦး. . . ကျုပ်ယောကျ်ားနာမည်ကို တော်တော်ကြိုက်တယ်နဲ့တူတယ်. . ခိုးချလိုက်တာများ ပုံတူ၊ မိုက်ရိုင်းလိုက်တာ. . လူကဖြင့် အသက်ကြီးပြီး အချိန်မစီးဘူး'

'အေး. . ငါက အသက်ကြီးပေမယ့် သေမင်း မျက်စိလည်အောင် မလုပ်ဘူး၊ ဟောဒီမှာကြည့်. . ဆံပင်တွေ ဖြူနေတာ အဖြူအတိုင်းထားတယ်၊ မင်းတို့လို ဖြူနေတာကို မည်းအောင် ဆေးမဆိုးဘူး ရှင်းလား'

ဦးရှင်မောင်က အနိုင်နဲ့ပိုင်းပြီး အိမ်ထဲ ဝင်ချသွားသည်။

ဒေါ်မိမိတင်ရဲ့ မျက်လုံးတွေက ကိုးဆီ ဒိုင်းကနဲ ရောက်လာသည်။

ဒီစက်ကွင်းက လွတ်အောင်ရှောင်နိုင်မှ လွတ်မည်မို့ ကိုးလည်း အဖေ့နောက်ကို ပြေးလိုက်ခဲ့ရသည်။ ဒါတောင်မှ စက်ကွင်းက မလွတ်။

'သေရင် ပြိတ္တာဖြစ်မဲ့ ဟာကြီး၊ အဖေလည်း ရှင်ရှင်၊ သမီးတွေလည်း ရှင်ရှင်ပဲ. . . ဆတ်ကော့ လတ်ကော့နဲ့ တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



အချိုး မပြောဘူး . . ဟွန်း’

ကိုးက ဒေါ်မိမိတင်ကို လျှာထုတ်ပြပြီး ပြောင်ပြသွားသည်။

အဘွားကြီးခမျာ ဆွေ့ဆွေ့ခုန်ပြီး ကျန်ခဲ့သည်။

အဲဒီကောင်မလေးကို သူ့သားက ပြစ်မှားချင်နေတာ သူ မသိသေးလို့ . . . သိများ သိလို့ကတော့ ဒွန်းထဲ ရေငုပ်ပြီး သတ်သေမလား မဆိုနိုင်ပါ။

▲ ▲ ▲



နေကာမျက်မှန်ကြီးတပ်ပြီး ဆိုင်ကယ်ပေါ်တက်ခွနေသော ဒေါ်အဥ္ဇလီကိုမြင်တော့ ဒေါ်မိမိတင်က သူ့ယောက်ျားကို ခေါ်ပြသည်။

‘ကိုကိုရေ ကိုကို၊ လာစမ်း . . မြန်မြန်လာကြည့် . . လာဦး’

‘ဘာလဲကွ . . အလန့်တကြား’

‘ဟိုမှာတွေ့လား . . ဟိုဘက်ခြံက ဟာမကြီးလေ . . မကြီးမငယ်နဲ့ တက်ခွနေတာ . . ဒါမျိုးကျတော့ ဟိုဂွကြီးက မနိုင်တော့ဘူး ထင်တယ်၊ အမယ်လေး . . လေး . . ညနေပဲ စောင်းနေပြီ၊ နေကာမျက်မှန်ကြီးက တပ်ရသေးတယ်၊ ပဒိုင်းသီးစားပြီး ဘဝင်ရူးရူးသွားပြီနဲ့တူတယ်’



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ. . ကိုယ့်အသက်အရွယ်မှ ကိုယ်အားမနာ၊ ဝတ်လိုက်ရင်လည်း သမီးတွေထက်ကို လန်းသေးတယ်'

မိန်းမအချင်းချင်း မနာလို ဝန်တိုနေတာ သိလို့ ဦးဘိုကြီးက သူ့မိန်းမအကြိုက်လိုက်ပြီး ပြောပေးနေရသည်။

မိမိ ဆိုတဲ့ သူ့မိန်းမက ပါးစပ်ကသာ ပြောနေတာ၊ နောက်နေ့ကျ ဟိုမိန်းမဝတ်သလို လိုက်ဝတ်မှာ တစ်ရာ ရာနှုန်း သေချာနေပါသည်။

တွေးလို့မှမဆုံးသေး. . .

'အမယ် ဟိုမိန်းမ ဝတ်ထားတဲ့အင်္ကျီက နှစ်သောင်းကျော်တယ် ကိုကို. . မိ တွေ့ခဲ့ပြီးပြီ. . ကြည့်စမ်း မိက ဝယ်ရမှာ နှမြောလို့၊ ဒင်းက ဝတ်တောင်ဝတ်ပြီးနေပြီ. . ကိုကို. . မိကို ဒါမျိုးအင်္ကျီ ဝယ်ပေးနော်'

'ဝယ်စေဗျာ. . . ဝယ်စေ'

▲ ▲ ▲



ကိုးသည် မနေ့တုန်းက မြင်ခဲ့ရသော ဒေါ်မိမိတင်၏မျက်နှာကြီးကို ပြန်မြင်မိပြီး အသံထွက်အောင် ရယ်မိလေသည်။

ဒီမိန်းမကြီးကို ယောကျ်ားမနေရာမှာထားပြီး ရီဟာဇယ်လုပ်ကြည့်ရုံနှင့်တင် လန်သည်။

အလကားနေရင်း ဂျေများနေတဲ့ အဘွားကြီး. . မေမေ့ကိုဆို အချိန်တိုင်း လိုက်လိုက်ပြိုင်နေတာ. .

'ဟဲ့. . ကိုး၊ ဘာတွေသဘောကျနေတာတုန်း တဟီးဟီးနဲ့'

'လာဦး မမ၊ ပြောပြမယ်. . ဟီး. . ဟီး'

သူ့ဟာသူ ပြော၊ သူ့ဟာသူ ရယ်နေသော ကိုးကို တိုးက

'ဟယ်. . ဘာမှမပြောဘဲနဲ့ ရယ်ပဲ ရယ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ပြောမယ် . . . ခဏလေး . . . သူ့ပုံကြီးကို မြင်ပြီး ရယ်ချင်လွန်းလို့ ဝအောင် ရယ်လိုက်ဦးမယ်နော် မမ'

'ဘာလဲ . . ဟိုဘက်က အဘွားကြီးလား'

'ဟုတ်တယ်လေ . . မနေ့က ဖေဖေနဲ့သူ ရန်တွေဖြစ်ကြတာ . . အလကားပါ မမရယ် . . အားအားယားယား တော်ကီတွေ ပွားနေတာ . . အဲလိုဘွားတော်မျိုးကို ယောက္ခမတော်မိရင်တော့ . .'

'အဟမ်း . . အဟမ်း'

ဦးရွှင်မောင်၏အဟမ်း . . အဟမ်း အချက်ပေးသံကြောင့် ကိုး၏စကားသံ ရပ်သွားသည်။

'ငါ ကြားလိုက်သလားလို့၊ ခုနက ယောက္ခမ တော်နေတာ ဘယ်သူ့ကိုလဲ'

'ဒါလား . . ဒါက . . ဟို . . . ဟိုလေ . .'

အထစ်ထစ်အငေါ့ငေါ့ဖြင့် ဘာပြန်ပြောရမှန်း မသိသော ကိုးက သူမ ခေါင်းထဲမှာ အတွေးပေါက်သလို ပြောလိုက်လေသည်။

'ဟိုဥစ္စာလေ . . ဟိုဘက်အိမ်က ခွေးမလေးကိုပြောနေတာ သူက သမီးတို့အိမ်က ဘိုကြီးကို လာမြူဆွယ်ပြီး ဖေဖေ့ကို ယောက္ခမ တော်ချင်နေတာလို့'

'နေဦး . . နေဦး . . နင်တို့ကို ငါမေးစရာရှိသေးတယ်၊ ဒီမှာ





ကြည့်စမ်း . . ဒီကောင့်ပုံ နင်တို့အခန်းထဲက ရတာ . . . ဒါ ဘယ်သူ့ဟာလဲ'

ကိုးက ဝမ်းသာအားရ အော်ပြီး ဖြေသည်။

လက်ညှိုးတစ်ချောင်းက ထောင်ရသေး . .

'သမီး . . ဟာ ဖေဖေ'

ဦးရွှင်မောင် တော်တော်တင်းသွားသည်။

မွေးထားတာက သမီး။

အဖေ့ ရှေ့မှာ သူ့ရည်းစားဓာတ်ပုံ မြင်ပြီး ငမ်းငမ့်တက် အဖြစ်သည်းနေတာ . .

'မိကိုး . . နည်းနည်းပါးပါး ဣန္ဒြေလေးဘာလေး ဆယ်ပါဦး ဟ . . ဒီမှာ နင့်အဖေလေ'

'သိတယ်လေ၊ ဖေဖေနဲ့မေမေနဲ့သဘောတော်ကျပြီး စုလျားရစ်ပတ်မင်္ဂလာဆောင်ပြီး မွေးလာတဲ့ ဒုတိယသမီး'

'မရှည်နဲ့ ငါသိတယ်၊ ပြောစမ်း ဒီကောင့်နာမည်'

'Rain'

'ဘာ . .'

'ရိန်း . . လို့ ပြောတာ'

'အာ . . အေ . . အိုင် . . အင်န် . . လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

'ဒါဆို မောင်မိုးပေါ့. . ဘယ်မှာနေသလဲ'

'ဆိုးလ်. . မှာ'

အမယ်. . .

သမီးကောင်လေးက ဘယ်ဆိုးလို့တုန်း။

နိုင်ငံခြားမှာ နေတာပဲ. . ရုပ်ကလေးကလည်း ကိုရီးယားမင်းသားရုပ်။

မျိုးရိုးဇာတိလေး ဘာလေး မေးကြည့်ဦးမှ .

'သူ့မိဘတွေက ဘာအလုပ်လုပ်သလဲ၊ ဘယ်သူတွေလဲ'

'ဟာ. . အဖေကလည်း. . ရှုပ်ရှုပ်ယှက်ယှက်၊ သမီး စိတ်မဝင်စားပါဘူး'

'ဟ. . မဝင်စားလို့ရမလားကွ၊ လူမှာ အမျိုး ကြက်မှာအရိုးတဲ့. . မျိုးရိုးမကောင်းရင် သွားပြီပေါ့'

သူ့သမီး ပြန်ဖြေတဲ့ အဖြေကြောင့် ဦးရွှင်မောင်ဗိုက်ထဲက ကလီစာတွေ အကုန် မရိုးမရွဖြစ်လာရသည်။

'သူ့ရဲ့မိဘတွေကို သမီးမှ စိတ်မဝင်စားတာ. . . သမီးက သူ့ကိုပဲ သိတယ်. . . သူ့ကိုပဲ ချစ်တယ်. . . သူ့ကိုပဲ စိတ်ဝင်စားတယ်'





ဘေးမှာ နားထောင်နေတဲ့ တိုးက အခုမှ သဘောပေါက်သလိုရှိလာသည်။

အဖေနဲ့သမီး ပြောတော့ ပြောနေတာပဲ. . ဒါပေမယ့် လွဲတာက လွဲနေသည်။

လွဲတာမှ နည်းနည်းမဟုတ်. . .

အများကြီးကို လွဲနေတာ. .

'ကဲ. . ဒါဆို သူ့ဝင်ငွေက တစ်လ ဘယ်လောက်ရှိသလဲ'

'အိုး. . ခန့်မှန်းလို့တောင် မရဘူး၊ ဘီလျံနာမဟုတ်တောင် မီလျံနာတော့ ဖြစ်မှာပေါ့'

အားပါး။

ကောင်ကလေးက အဲသလောက်တောင် ချမ်းသာတာပါလား။

'သူ့မိဘတွေကို ပြောလိုက်၊ နေ့ကောင်းရက်သာ ရွေးပြီး ငါ့ဆီမှာ လာကြောင်းလမ်းလို့'

'ရှင်. . '

'ရှင် မနေနဲ့နော်. . သမီးကညာ အခါမလင့်စေနဲ့ တဲ့. . . မကြားဖူးဘူးလား. . အခုလိုမျိုး ကောင်းသူကောင်းသားတွေ့တုန်းမှာ ဆွဲစိထားမှစိတ်ချရတာ'



www.burmeseclassic.com

www.burmeseclassic.com



တိုးက ကျိတ်ပြီးရယ်နေသည်။

ဒေါ်ရွှေကိုးက ရယ်ချင်ပေမယ့် အူလိပ်သွားမှာစိုးလို့. . အောင့်ထားရသည်။

ဒေါ်အဥ္စလီက အပြင်မှ ပြန်ရောက်လာပြီး ဦးရွှင်မောင် လက်ထဲက ဓာတ်ပုံကို တွေ့သွားကာ

'ဟယ် Rain တော့. . ချောလိုက်တာ ဒီပုံက အသစ်လား . . မေမေ့ကိုပေးနော် သမီး'

ဦးရွှင်မောင်က သူ့မိန်းမကို ဘုရှုံး ရှုံးသည်။

'နေစမ်းပါဦး. . ဒါက ဘယ်လိုဖြစ်နေတာလဲဟမ်. . မကြီး မငယ်နဲ့ ဆိုင်ကယ်တစ်စီးနဲ့မြို့ပတ်တယ်၊ ဟော. . ပြန်လာပြန်တော့ သမီးဟာမှန်းမသိ ဘာမှန်းမသိ. . မင်း ဘယ်လိုမိန်းမလဲကွ'

ဒေါ်အဥ္စလီကလည်း ပြတ်သည်။

'အိုး. . ဒါလေးက သမီးဟာ မဟုတ်ဘူး တော်ရေ. . ပြည်သူပိုင်. . ပြည်သူပိုင်လေးတော့. . ရှင်ကြီးက တော်တော်ဗဟုသုတ နည်းတာပဲ. . . အဲဒါ ကိုရီးယားက အဆိုတော်မင်းသား. . ကမ္ဘာတောင် ကျော်နေပြီ၊ အဲဒါကြောင့် ပြောတာ. . ဆေးဘူးတွေကြားမှာပဲ ခေါင်းနစ်မနေနဲ့. . . အပြင်လောကမှာ ဘာတွေ ဖြစ်နေသလဲ ဆိုတာ လီလို့လို လေ့လာလိုက်ဦး၊ ဆိုင်ကယ်နဲ့ နေ့တိုင်း မြို့ပတ်ပြီး





လေ့လာနေရတာ'

အပြောနဲ့ အဟော မကိုက်တော့ ဦးရွှင်မောင်တို့ ငြိမ်ခံလိုက်ရသည်။

ဒီမိန်းမကတော့ လစ်ရင် နှိပ်ဖို့ပဲ ချောင်းနေတာ။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တောက် အခုတစ်လော စိတ်တွေ လေနေသည်။

အကြောင်းအရာတွေက ပေါင်းဆုံနေတာ တစ်ခုမှ မကဘဲ. . . .

နေ့ရှိသရွေ့ စောင်နေကြတဲ့ လူကြီးတွေကြောင့်. . ကိုးရဲ့ အနားကို ဘယ်လိုမှကပ်လို့မရတာ. . .

ဒီလူကြီးတွေဟာလေ ပြောရင်လည်း ငရဲက ကြီးဦးမယ်. . အသက်သာ ကြီးတာ၊ အလကား. . အချိန်လည်း မစီးဘူး။

တစ်နေ့ကလည်း ဦးရွှင်မောင်တို့အိမ်က ရေတံလျှောက်ကြောင့် စကားများကြပြန်သည်။

မိုးရွာတော့ ရေတံလျှောက်က ရေတွေက ဒီဘက်ခြံထဲကို





ဒလဟောစီးဝင်လာသည်။

ဖေဖေက မကျေမနပ်ဖြစ်ပြီး တစ်ယောက်တစ်ခွန်းစကားများကြရာကနေ ရပ်ကွက်လူကြီးဆီကို ရောက်တဲ့အထိ ဖြစ်သွားသည်။

ရန်ဖြစ်တာက တိုးတိုးတိတ်တိတ်လည်း မဟုတ်။ ရပ်ကျော်ရွာကျော်တဲ့အထိကို ဖြစ်ကြတာ. .

အဖေချင်း မတည့်သလို၊ အမေချင်းလည်း မျက်နှာကြော မတည့်သော မိသားစုနှစ်စုတွင် သူတစ်ယောက်တည်းက အံချော်ပြီး ကိုးအမရာ ဆိုတဲ့ကောင်မလေးကို စိတ်ဝင်စားမိသွားတာ ကျိန်စာသင့်ဖို့ဖြစ်လာတာလား။

ညနေစောင်းချိန် နေဝင်ပြီ ဆိုတာနှင့်. . သူတို့ ဆိုင်ထဲတွင် ကိုကိုဘီယာတွေ. . ဘီယာမောင်မောင်တွေနှင့် စည်ကားနေသည်။

အဖေကလည်း သူ့အလုပ်နှင့်သူ၊ ပတ်ချာလည် ဝိုင်းနေတော့ သူ့ကို သတိထားနေမည် မဟုတ်ပါ။

ဗိုလ်တောက်သည် စာရေးထားသောစာရွက်လေးကို ခဲလုံးခံပြီး လုံးချေကာ ဦးရွှင်မောင်တို့ခြံထဲမှ မီးလင်းနေသောအခန်းထဲသို့ ပစ်ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သော်ရှိ မဟုတ်သော်ရှိ သူ့စိတ်ထဲမှာတော့ ဒါ. . ကိုးရဲ့အခန်းပဲဟု ထင်သည်။

တစ်နေ့က ကိုး အဲဒီအခန်းထဲမှာရပ်နေတာ သူတွေ့ထားတာပဲ. . ဟုတ်မှာပါ။

အခန်းထဲမှာ ဇက်ကြောတွေ တက်လို့ အနှိပ်ခံနေသော ဒေါ်အဥ္ဇလီ၏ခေါင်းပေါ်သို့ ခဲလုံးက လာမှန်သည်။

'အမယ်လေးတော့ ဘာကြီးလဲ'

မိန်းမကို ဇက်ကြောဆွဲပေးနေရသော ဦးရွှင်မောင်က

'ဟာ. . ခဲလုံးပဲ၊ ဘယ်ခွေးမသားက လက်ကမြင်းပြီး ပစ်လိုက်လဲ မသိဘူး'

'ကိုမောင်. . ကျွန်မခေါင်း ပေါက်သွားလား မသိဘူး၊ ကြည့်ပေးပါဦး. . အား. . နာလိုက်တာ'

'ခေါင်းတော့ မပေါက်ဘူး၊ အာလူးသီးလောက်တော့ ထွက်လာမှာပေါ့. . နေဦး. . ငါသွားကြည့်ဦးမယ်'

ဦးရွှင်မောင်သည် ခဲလုံးကိုကိုင်ပြီး ပြတင်းပေါက်မှာ ရပ်လိုက်သည်။

'ဟာ. . . သွားပြီ. . အဘိုးကြီးအခန်းထဲ ရောက်သွားတာကိုး'





ဥပုသ်စောင့်မထားတဲ့ ဦးရွှင်မောင်ရဲ့ပါးစပ်က အယုတ္တအနတ္တတွေ တန်းစီပြီးထွက်လာတော့သည်။

'ဘယ်ဥက ပေါက်တဲ့ အကောင်လဲကွ၊ ငါ့အိမ်ကို ခဲနဲ့ပစ်ရအောင် ဒါ ခဲမလောက်တီးဝိုင်း မဟုတ်ဘူး၊ မကောင်းတာလုပ်စားနေတဲ့ ခေါင်းအိမ်လည်း မဟုတ်ဘူး'

'ကိုမောင်. . ကိုမောင်'

ဦးရွှင်မောင်ရဲ့ လေဒီလီက အသံခပ်အုပ်အုပ်ဖြင့် ခေါ်၏။

'ဘာလဲ'

'ရှင့်ပါးစပ်က တွေ့ကရာတွေ စွတ်အော်မနေနဲ့. . . ရှင့်မှာ မွေးထားတာ သမီးမိန်းကလေးတွေလေ၊ ဘာလဲ. . ခေါင်းအိမ်လေး ဘာလေးနဲ့'

ဦးရွှင်မောင်က အခုမှ သတိထားမိပုံရသည်။

ပြတင်းပေါက်နားမှာရပ်ပြီး စွာနေရာမှ သူ့မိန်းမဆီပြန်လျှောက်လာသည်။

'ခုနက ခဲလုံးမှာ စက္ကူပတ်ထားသလိုပဲ၊ ပြစမ်း. . ဘာတွေရေးထားလဲ'

ဒေါ်အဥ္ဇလီ လက်ထဲမှ စက္ကူကို ဆွဲယူပြီး ဖတ်ကြည့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ပဲ. . ဦးရွှင်မောင်၏ မျက်နှာမှာ ပန်းသီးကြီးလို ရဲတွတ်လာသည်။

'ဒီနေ့ အပြင်မထွက်ဘူးလား
မင်းကို အရမ်းတွေ့ချင်တယ်ကွာ
မင်းမျက်နှာလေးကို တစ်နေ့မတွေ့ရရင်
ဘာလုပ်လုပ် အဆင်မပြေဘူး'

'တောက်'ခေါက်သံက ကျယ်လွန်းတော့ ဒေါ်အဥ္ဂလီ လန့်ဖျပ်သွားသည်။

'တွေ့လား. . ဇာတ်လမ်းတွေက စလာပြီ. . နေ့နေ့ ညည ဆိုင်ကယ်တစ်စီးနဲ့ လမ်းသလားပြနေတဲ့ မိန်းမ၊ အခုကြည့်စမ်း. . ဇာတ်လမ်းက အိမ်အထိပါလာပြီ၊ ငါ့ကိုပြောစမ်း. . ဒီကောင် ဘယ်သူလဲ'

ဒေါ်အဥ္ဂလီ ခေါင်းနပမ်းကြီးသွားသည်။

ဘယ့်နှယ်. . သူမဘက် မြားဦးက လှည့်လာပါလိမ့်။

လမ်းထွက်တာကလည်း သူပဲ ဆိုတော့ ဒီလိုပဲ ထင်တော့မပေါ့။





ဒါ ဘယ်သူ့ကို ရည်ရွယ်သလဲ ဆိုတာ. . . ဒေါ်အဥ္ဂလီက ကောင်းကောင်းသိပါသည်။

လာအုံ့တဲ့ယင်ကောင်ကိုသာ မသိရှိရမည်။

ဒီအိမ်က အညီအဟောက်ကတော့ အငယ်မ မိကိုးဆိုတာ ပေဒင်မေးကြည့်နေစရာ မလိုပါ။

တစ်ညကလေး အပြင် ထွက်လိုက်တာနှင့် အစွမ်းအစက လေးက ပြလာခဲ့ပြီ။

အရည်အချင်းကတော့. . အမေငယ်ငယ်က အတိုင်းပဲ။

သူမလည်း အပျိုပေါက်အရွယ်မှာ ခပ်ကဲကဲပဲ။

ဦးရွှင်မောင်လို မတုန်မလှုပ်ကျောက်ရုပ်နှင့် ငွေစာကြီးကို ရအောင်ယူခဲ့တာပဲ ကြည့်လေ. . တော်ရုံအစွမ်းအစနှင့်တော့ ဘယ်ရမလဲ။

'နေစမ်းပါဦး ကိုမောင်. . ဒီအိမ်မှာ မိန်းမဆိုလို့ ကျွန်မပဲ ရှိလို့လား. . ဟင်၊ ရှင့်သမီးတွေကျတော့ ဘာလို့ မထင်တာတုန်း. . တကတဲ ငါးဆယ်နားနီးနေတဲ့ အရွယ်ကြီးကို ထင်စရာလား'

မိန်းမဖြစ်သူ ဒေါ်ပွနေပြီ ဆိုတာနှင့်. . . ဦးရွှင်မောင်တို့က လျှော့ချသွားသည်။

ခုနကလို ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် မဟုတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်သားပဲ. . ငါသမီး ဆတ်ဆလူးလေးတွေကို ဘာဖြစ်လို့ မတွေးမိပါလိမ့်. . . sorry နော် လီလီ. . ကိုမောင် လောကြီးသွားလို့. . မဖြစ်ဘူး. . ဒီကိစ္စကို သေချာစုံစမ်းမှ ဖြစ်တော့မယ်. . နေဦး. . ဒီပြတင်းပေါက်ထဲ တည့်တည့်ဝင်ပုံထောက်တော့ အိမ်ရှေ့က ပစ်တာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး. . ဧကန္တ ဟိုဘက်ဘေးခြံက ပစ်လိုက်တာဖြစ်မယ်. . ငါ အခုသွားရှင်းမယ်'

သူ့ဟာသူပြော၊ သူ့ဟာသူ ဆုံးဖြတ်ပြီး၊ အောက်ထပ် ဆင်းသွားသော ဦးရွှင်မောင်ကို သူ့မိန်းမက ပါးစပ်အညောင်းခံပြီးတော့ မတားပါ။

ဗိုလ်တောက်သည် ဦးရွှင်မောင်အထဲပြန်ဝင်သွားပြီအထင်နှင့် ခြံစည်းရိုးအုတ်တံတိုင်းနားတွင် ရစ်သီရစ်သီလုပ်နေသည်။

'ဟော့ကောင်'

'ခင်ဗျာ'

သူ့ရှေ့မှာ အရှင်လတ်လတ် အကောင်လိုက်ကြီး ပေါ်လာသော ဦးရွှင်မောင်မျက်နှာကြီးကြောင့် ဗိုလ်တောက်က ယောင်ပြီး ထူးမိသည်။

'ဒီမှာကြည့်စမ်း. . ဒါမင့်လက်ချက်မဟုတ်လား'

အဘိုးကြီးလက်ထဲက စာရွက်ဟာ ခုနလေးတင် သူ လက်





စွမ်းပြထားသော စာရွက်ဆိုတာ ဗိုလ်တောက် သိတာပေါ့။

ဘူးတစ်လုံး ခံ၊ အိုတောင် မဆင်းရဲဘူး တဲ့. . အမေ ပြောတာပဲ။

'မဟုတ်ဘူး၊ ဒါ ဘာကြီးလဲ'

အမယ်. . ငြင်းတာတောင်မှ ပြန်အကြောင်ရိုက်လိုက်သေးသည်။

ဦးရွှင်မောင် ဒေါသအိုးကြီးက မိုးမျှော်ငရုတ်သီးစားမိသလို ရှူးရှဲဖြစ်လာပြီး

'မင်း ဒီလိုပဲ ငြင်းမယ်ဆိုတာ ငါ သိပြီးသားပဲ. . ဒီအိမ်မှာ အထီးဆိုလို့ မင်းနဲ့မင်းအဖေပဲရှိတာ၊ မင်းလက်ချက်မဟုတ်ရင် ဟိုကောင် ဘိုကြီးလက်ချက်ပဲ'

သားလိမ္မာလေး ဗိုလ်တောက်က

'ဟုတ်ချင် ဟုတ်မယ် ဦး၊ ကျွန်တော်က ဒါမျိုး မလုပ်တတ်ဘူး၊ အဖေဆိုရင်တော့ လုပ်ချင်လုပ်လိမ့်မယ်'

'အေး. . မင်း ဆိုရင် ငါ့သမီးတွေ စိတ်ဝင်စားလို့. . အခုက မင်းအဖေဆိုတော့ ဒီကောင် ငါ့မိန်းမကို စိတ်ဝင်စားလို့ပဲ ဖြစ်ရမယ်'

'ဟုတ်မှာပေါ့. . အဖေက ခြံခုန်ရတာ ဝါသနာပါတယ်. .



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက သူ ခုန်လာတာ. . ဝါးလုံး ထောက်ပြီးတော့လေ'

ဒီအခြေအနေထိရောက်တာတောင်မှ သူက ပို့လို့ကောင်းတုန်း။

'ဟား. . ဟား. . ခြံခုန်ချင်လို့ ဟုတ်လား၊ ငါ့ခြံထဲကို တစ်လက်မ ကျူးကျော်တာနဲ့ မင်းတို့သစ်ကိုင်းတွေ ဘာဖြစ်သွားသလဲ သိတယ်နော်. . အေး. . မင်းအဖေကိုလည်း ကြည့်ထိန်းထား၊ တစ်နေ့နေ့တော့ အဖြတ်ခံရလိမ့်မယ်'

'ဘာကိုဖြတ်မှာလဲဟင် ဦး'

ဗိုလ်တောက်က အထိတ်တလန့်ပြန်မေးသည်။

ဦးရွှင်မောင်က ရှုသိုးသိုးကြည့်တော့ သူ့စကားကို ပြန်ပြင်ပြီး ပြောရသည်။

'ဦးပဲ ပြောတယ်လေ၊ အဖေ့ကိုပြန်ပြောပြလိုက်ဆိုလို့ ရှင်းရှင်းလင်းလင်းသိအောင် မေးတာပါ'

'ခြေကျူး ခြေဖြတ်၊ လက်ကျော်လာရင် လက်ဖြတ်မယ်လို့ ပြောလိုက် ကြားလား'

'ဟုတ်ကဲ့ပါ ဦး. . အဲဒီအတိုင်း တစ်လုံးမကျန် အပိုအလိုမရှိ ဆင်ဆာမဖြတ်ဘဲ ပြန်ပြောလိုက်ပါ့မယ်'





'ငတောက်ရေ. . ငတောက်'

ဦးဘိုကြီးက ဆိုင်ထဲကနေ 'ငတောက်'ချင်း ထပ်အောင် အော်ခေါ်နေပြီ။

'ဟော. . ခေါ်နေပြီ၊ ကျွန်တော် သွားတော့မယ်နော်'

ပုံစံကိုက ထောင့်မှမကျိုးတာ။ သူ့အဖေအတိုင်းပဲ။

အဖေလည်း မျက်နှာရှုး။

မကြီးမငယ်နဲ့ သူများမိန်းမကို လာကျူချင်သေးတယ်. . ဒါမျိုး လာစမ်းလို့ကတော့ ရွှင်မောင်နဲ့တွေ့သွားမှာပေ့ါ။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဦးရှင်မောင် ဈေးသွားတာ တွေ့လိုက်ရတော့ ဗိုလ်တောက် ပျော်သွားသည်။

ဒေါ်အဥ္စလီကတော့ မနက် အစောကြီးကတည်းက ဆိုင်ကယ်တစ်စီးနဲ့ ထွက်သွားပြီ။

အိမ်ထဲမှာ ဟိုညီအစ်မ နှစ်ယောက်ပဲ ကျန်ခဲ့မှာ သေချာသည်။

ဒီအချိန်ဝင်သွားရင်တော့ ခွင်ပဲ။

ဟုတ်တယ် စောစောစီးစီး ဈေးဦးပေါက်သွားအောင် ဆေးသွားဝယ်ရမည်။

ဗိုလ်တောက်သည် အင်မတန်မှသွက်လက်သောခြေလှမ်း





များဖြင့် တစ်ဖက်အိမ်(ရန်သူ့နယ်မြေ)ထဲသို့ ဝင်သွားလေသည်။

'ဆေးဝယ်ချင်လို့'

အသံပေးလိုက်တော့ မျှော်နေတဲ့ မျက်နှာလေးက ထွက်မလာပါ။

ကိုးရဲ့အစ်မ တိုးအမရာက ထွက်လာပြီး

'ဘာဆေးယူမလဲ'

ဟု ယဉ်ကျေးစွာလှမ်းမေးသည်။

သူ့ကို ဟိုဘက်ခြံထဲကမှန်း သိပေမယ့် မလိုတမာရှိပုံမရတာ ကျေးဇူးတင်ရသည်။

ဗိုလ်တောက်က သူ့လက်ထဲမှကြွပ်ကြွပ်အိတ်ကို လှမ်းပေးရင်း -

'ဒါလေး လာပေးတာ'

'ဘာတွေလဲ'

'အချဉ်ထုပ်တွေ၊ နေကြာစေ့နဲ့အာလူးကြော်လည်း ပါတယ် . . . မချစ်စုသရက်သီးလည်း ပါတယ် အစ်မ'

တိုးရဲ့မျက်နှာမှာ ရှက်သွေးလေး ဖြာသွားသည်။

ဒီတစ်ယောက်ဟာဖြင့် ရဲတင်းလိုက်တာ. . အိမ်ထဲအထိ ဝင်လာပြီး ပေးရဲတာသာ ကြည့်တော့. .



www.burmeseclassic.com

www.burmeseclassic.com



'တိုးရေ. . သမီးကြီး. . ဖေဖေ ဆီပုံးမေ့လာလို့'

ခြံဝကနေ အသံပေးပြီး ဝင်လာနေသော ဦးရွှင်မောင်ကို တွေ့တော့ တိုးမှာ ပျာပျာသလဲဖြစ်သွားကာ

'ဟာ. . ဖေဖေ လာနေပြီ၊ ရှင် မြန်မြန်ပုန်းနေလေ'

'ဟာ. . ဘယ်နားသွားပုန်းရမလဲ'

'ဟိုရေတိုင်ကီထဲ ခဏဝင်နေ'

မိုးရွာလျှင် ရေခံသော ရေတံလျှောက်အောက်ရှိ တိုင်ကီထဲသို့ ဒိုင်ဗင်မထိုးရုံတမယ် ဝင်ချသွားသော ဗိုလ်တောက်။

တိုးက ဆီပုံးအလွတ်ကို ယူလာပေးရင်း

'ဖေဖေ တစ်ခေါက်ပြန်လာရတာပေါ့'

'အေးပေါ့. . ဈေးတောင် ရောက်ခါနီးနေပြီ၊ ဟာ. . ပုံးထဲမှာ ဆီတွေ ကျန်နေသေးတယ်'

'သိပ်မရှိပါဘူး ဖေဖေရဲ့. . နည်းနည်းလေးပဲဟာ'

'နည်းနည်း. . များများ. . သူတို့ အလေးခိုးတာတော့ ငါ မခံနိုင်ဘူး'

ဦးရွှင်မောင်က ပြောပြောဆိုဆိုပင် ရေတိုင်ကီ အနားသို့ လျှောက်သွားတော့ တိုးခမျာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

ဦးရွှင်မောင်က ဆီပုံးကို အဖုံးဖွင့်ကာ ပုံးထဲမှ ဆီတွေကို





ရေတိုင်ကီထဲ လောင်းထည့်လိုက်လေသည်။ သူ့ခေါင်းပေါ်ကို ဘာမှန်းမသိတဲ့ အရည်တွေ တတောက်တောက် ကျလာတာ သိလိုက်သော်လည်း အသံမထွက်ရဲပါ။

လျှာနဲ့လည်း မတို့ရဲပါ. .

ဘာမှန်းမှမသိတာ။

လက်နဲ့စမ်းကြည့်တော့မှ ဆီတွေဆိုတာ သိလိုက်ရသည်။

သွားပြီပေါ့. . အင်္ကျီအသစ်ကလေး။

ဒီနေ့မှ ပဲပေးချင်လို့ ဝတ်လာမိတာ။

သူ့သမီးမျက်စိထဲမှာ ကြွေ မကြွေတော့ မသိ။ သူ့အဖေ လက်ချက်နဲ့ တည့်တည့်တိုးနေပြီ။

'သွားပြီ သမီး. . မိကိုး မထသေးဘူးလား'

'အိပ်တုန်း ဖေဖေ'

'နင်တို့အမေ ဘာမှာခဲ့သေးလဲ'

'ဟိုဥစ္စာလေ. . ဟိုအသီး ဝယ်ခဲ့တဲ့'

'ဟိုအသီး. . ဘာလဲဟ. . ဒီမိန်းမ တော်တော်အဆန်းထွင်တာပဲ. . သူနဲ့ ယူပြီးကတည်းက ငါ ဈေးဝယ်လာတာ. . အဲဒီအသီး တစ်ခါမှ မကြားဖူးဘူး'

'တနလ်ာနံနဲ့ စ,တာလေ ဖေဖေရဲ့၊ ငပိချက် ချက်မလို့တဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှင်မောင် အခုမှ သဘောပေါက်သွားပုံရသည်။

'ဟား. . ဟား. . ဟား. . ငွေးသီးကိုပြောတာလား၊ ဒါများ သမီးရယ်. . တနလ်ာန်တွေ ဘာတွေနဲ့ လျှောက်ပြောနေတယ်. . . ဝယ်ခဲ့မယ်. . ဈေးထဲမှာ ငွေးသီးနုနုကလေးတွေ ဖေဖေ တွေ့တယ်၊ အတော်ပဲ ဒီနေ့ ဈေးဖိုး သက်သာသွားပြီ. . နင့်အမေကတော့လေ ငွေးသီးဆို ကြိုက်မှ ကြိုက်. . တစ်ရေးနိုးတောင် ထပြီး စားမလား မသိဘူး'

သူတို့သားအဖ ပြောနေတာတွေ ကြားပြီး ရေတိုင်ကီထဲမှ ဗိုလ်တောက်က ကျိတ်ပြီး တစ်ချက်ရယ်လိုက်သည်။

သူ ကျိတ်ပြီးရယ်တဲ့အသံက သူများတွေ ဝါးလုံးကွဲရယ်သလောက်နီးနီး ကျယ်သွားလေသည်။

သမီးမိန်းကလေးများသာ ရှိသော ဤအိမ်ထဲတွင် ဘယ်က ယောကျ်ားရယ်သံကြီးက ထွက်လာပါလိမ့်။

'သမီး. . ရယ်သံကြားလား'

တိုးက ဘူးခံပြီး ငြင်းသည်။

'မကြားပါဘူး ဖေဖေ'

'ဘာလို့ မကြားရမှာလဲ. . ငါ့နားနဲ့ ဆတ်ဆတ်ကြားလိုက်တာ'





'ဖေဖေကလည်း. . ဟိုဘက်ခြံထဲက ရယ်နေတာ နေမှာပေါ့'

'ဟိုဘက်ခြံ ဆိုလို့ ပြောရဦးမယ်. . . နင့်အမေကို သေချာစောင့်ကြည့်ထားကြ. . ကြားလား၊ ဟိုဘက်က နှာဘူးဘိုကြီးကလေ နင့်အမေကို သဘောကျနေတာတဲ့၊ ငါ့ကို သူ့သားကိုယ်တိုင် ပြောသွားတာ'

'ဖေဖေရယ်. . ဒီအသက်အရွယ်ကြီးကျမှ မဖြစ်နိုင်တာ'

'နင် ဘာနားလည်လို့လဲ. . ဘယ်လောက် serviceရင့်နေလို့လဲ. . အချစ်မှာ အသက်အရွယ်နဲ့ အချိန်အခါဆိုတာ မရှိဘူး. . ရွက်ကျပင်ပေါက်လိုပဲ ပေါက်ချင်တဲ့ အချိန် ထပြီး ပေါက်တာ. . . ဖြစ်လည်း ဖြစ်နိုင်တယ်လေ. . ငါ့မိန်းမက ရုပ်ရှင်မင်းသမီးစိုးမြတ်သူဇာလိုပဲ လုံးကြီးပေါက်လှ. . ချောတုန်း လှတုန်း. . သူ့မိန်းမက အရုပ်ကလည်း ပုသေး. . ဇာတ်ပို့သာသာရုပ်ရည်ပဲ ရှိတာ ဆိုတော့ ပစ်မှားချင်စရာပေါ့. . ဒီကြားထဲ မီးယပ်သွေးဆုံးကိုင်လို့ ငါးဖောင်ရိုးကိုယ်လုံးနဲ့ ပဲလင်းမြွေသီးမျက်နှာဖြစ်နေတာ. . တစ်နေကုန် ထိုင်ကြည့်လို့မှ တစ်ပြားမတန်တဲ့ရုပ်၊ ဟိုကောင်ဘိုကြီးဆိုလည်း ဘီယာဗိုက်နဲ့ ကြက်ဟင်းခါးသီးမျက်နှာ. . သိလား သမီး၊ ဝက်ခြံတွေ ဗရပွနဲ့လေ'



www.burmeseclassic.com

www.burmeseclassic.com



ကျွေးသဖခင်နဲ့ မွေးမိခင်ကို ပယ်ပယ်နယ်နယ်ကြီး စော်ကားနေတာ အတိုင်းသား ကြားနေပေမယ့် ထ,မချဲရဲတဲ့ သူ့ဘဝ။

နေနှင့်ဦးပေါ့လေ. . ယောက္ခမ တော်ရမှ ကောင်းကောင်း နှိပ်ကွပ်ရမည်။

'ဖေဖေ. . ဈေးထဲမှာ ဘာမှ ကျန်မှာမဟုတ်တော့ဘူး၊ သွားတော့လေ'

'အေး. . အေး. . သွားပြီ'

ဗိုလ်တောက်ခမျာ ဦးရွှင်မောင် သွားပြီ ဆိုလို့ အပြင်ထွက်မလို့ ခေါင်းပြူရုံပဲ ရှိသေးသည်။

ဆိုင်ကယ်တစ်စီးနဲ့ ဂိုဏ်းစတား ယောက္ခမလောင်းကြီးက ဝင်လာပြန်သည်။

သူလည်း ခေါင်းကို အမြန်ငုံ့ကာ ရေတိုင်ကီထဲမှာ ပြန်ထိုင်ရပြန်သည်။

ဒေါ်အဋ္ဌလီက ဆိုင်ကယ်ကို စက်ပိတ်ပြီး တိုးကိုလှမ်းခေါ်သည်။

'သမီး. . ဒီမှာ မုန့်ဟင်းခါးဝယ်လာတယ် လာယူ'

တိုး စိတ်ညစ်သွားသည်။

ဆန့်ကျင်ဘက်ကောင်လေးချောချော တွေ့လို့ ခုန်ချင်နေ





တဲ့ ရင်ခုန်ချင်သံတွေကို pause နှိပ်ထားသလို ခဏရပ်စဲထားရတာ မဟုတ်လား။

'မေမေ့လက်ထဲမှာ ကျန်သေးတယ်လေ'

'ဒါ ထားလိုက်တော့ သမီး. . . လမ်းမှာ ကောင်လေးတစ်ယောက် ဝင်တိုက်သွားလို့ ဖိတ်ကုန်ပြီ၊ ဟင်းရည်ဖိုး ထပ်ကုန်သွားတာပေါ့ဟယ်. . သွား. . သမီး၊ ပန်းကန်ထဲထည့်ပြီး ပြင်ဆင်ထားလိုက်၊ မိကိုးကိုနိုးပြီး မေမေတို့ စားကြတာပေါ့၊ ဟင်းရည်အေးသွားရင် စားလို့မကောင်းတော့ဘူး၊ နင့်အဖေ ထမင်းချက်သွားပြီးပြီလား'

'ချက်ပြီးသွားပြီ မေမေ'

'အေး. . နင့်အဖေ မရှိတုန်း ပြောရဦးမယ်. . ယောက်ျားယူရင် မေမေ့ကို နမူနာကြည့်ထား၊ ရှိတဲ့ပညာ အကုန်ထုတ်မသုံးရဘူး နားလည်လား. . မေမေဆို သူနဲ့ စယူကတည်းက ထမင်းဟင်းမချက်တတ်ဘူးလို့ no ခံလိုက်တာ ဒီနေ့ထက်ထိ ဘယ်လောက်သက်သာသလဲ. . သမီးတို့ကို မွေးတုန်းကလည်း အူဝဲ ဆိုတာနဲ့ အိပ်ချင်ယောင်ဆောင်ခဲ့တာ နှစ်ယောက်လုံးပဲ. . ကလေး သေးဝတ် ချီးဝတ် အကုန် သမီးအဖေပဲ လုပ်ရတာ၊ မေမေတို့က အိပ်ရေးမပျက်ပေါင်၊ နားလည်လား. . နင်တို့ကို lectureပေးရမှာတွေ အများကြီးရှိသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



တော်တော် လေးစားချင်စရာ ကောင်းတဲ့ ယောက္ခမ လောင်းပဲ. .

ဒါကြောင့် မေမေ ပြော ပြောနေတာကိုး. . သမီးလိုချင်ရင် သူ့အမေကို ကြည့်. . တဲ့။

ငရဲသာ မကြီးဘူး ဆိုရင် သူ့ယောက်ျားကို ထဘီတောင် လျှော်ခိုင်းမလား မသိဘူး တဲ့။

'မေမေ. . လာတော့လေ. . မုန့်ဟင်းခါးစားကြမယ်'

တိုးက သူ့အမေကို အတင်းဆွဲခေါ်နေသည်။

'နေဦး. . ဒါလေး သွန်လိုက်ဦးမယ်'

ဒေါ်အဋ္ဌလီက အမှိုက်ပုံးရှိရာ မသွားဘဲ ရေတိုင်ကီဆီသို့ လျှောက်သွားသည်။

မြင်နေသော်လည်း တိုးမှာ မတားရဲပါ။

အမေက ပိုဆိုးနေသည်။

မုန့်ဟင်းခါးဟင်းရည်ထုပ်ကို ရေတိုင်ကီထဲသို့ ပစ်ထည့်ပစ်လိုက်သည်။

အဖေကမှ တော်ဦးမည်။

ဟင်းရည်ပူပူတွေက ဗိုလ်တောက်တစ်ကိုယ်လုံးအနှံ့ ပွစာကျဲသွားသည်။





အပူခံနေရသော်လည်း ကိုယ့်ပါးစပ်ကိုယ် နာနာပိတ်ထားရသည်။

တော်တော်စည်းကမ်းရှိတဲ့ မိသားစုပင်။

နီးရာကြုံရာကို အမှိုက်ပုံးလုပ်ပြီးနေကြသလား မသိပါ။

တစ်ယောက်လာ ပစ်ထည့်လိုက်. . . နှစ်ယောက်လာ ပစ်ထည့်လိုက်နှင့် သူ့တစ်ကိုယ်လုံးလည်း အမှိုက်ပုံးဖြစ်နေပါပြီ။

ကျေးဇူးရှင်ယောက္ခမလောင်းကြီးတွေ ကျန်းမာ ချမ်းသာလို့ အသက်မြန်မြန်တိုကြပါစေ. . . သူတို့ အသက် မတိုရင် ကိုယ့်အသက်က တိုမှာ သေချာနေပြီလေ. . .



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထဲသို့ ကုပ်ချောင်းကုပ်ချောင်းဖြင့် ဝင်လာသော ဗိုလ်တောက်ကို ဦးဘိုကြီးက မြင်ဖြစ်အောင် မြင်သွားပြီး

'ဟော့ကောင် မင်းအင်္ကျီမှာ ဘာတွေလဲ၊ ဟာ. . ဒီကောင် စောစောစီးစီး အင်္ကျီအသစ်မှာ ကုန်ပြီပေါ့. . ဘာလဲ. . မစင်ပုံထဲ ပြုတ်ကျလာတာလား'

'ဝေါ့. . ထွီ. . ရွံစရာကြီး'

အဖေ မေးကာမှပဲ ရင်ထဲမှာ ပျို့ပြီး တက်လာသည်။

'အမယ် မင်းကပဲ ရွံရသေးတယ်၊ မှန်းစမ်း. . ဘာတွေလဲ'

ဦးဘိုကြီးက နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံနေသည်။

ငရဲကြီးကာမှ ကြီးရော သူ့ပုံက ဘာနဲ့တူသလဲဆိုတော့. .





အိမ်က ခွေးမလေး မစင်ပုံတွေ့ရင် နှာခေါင်းတရှုံ့ရှုံ့လုပ်နေတာနှင့် တစ်ပုံစံတည်းပင်။

'ဟာ. . ဒါ ငံပြာရည်နံ့ပဲ'

'ဟုတ်တယ်. . သား မုန့်ဟင်းခါးသွားစားတာ၊ ဘေးနားက ကလေးလေး ဟင်းရည်မှောက်ကျလို့ ပေကုန်တာ'

'နေစမ်းပါဦး. . မင်းအရပ် ခြောက်ပေနီးပါးက ကလေး ဟင်းရည်မှောက်တာ တက်စင်စရာလား'

'သားက ထိုင်နေတာလေ. . သူက မတ်တတ်ရပ်နေတော့ စင်မှာပေါ့'

'သွား. . သွား. . နံစော်နေတာပဲ၊ ရေအမြန် သွားချိုး. . သွား'

ဗိုလ်တောက်ကို မောင်းထုတ်ရင်း သားဖြစ်သူ ထွက်သွားတော့ ဦးဘိုကြီးက

'ဒီကောင် မုန့်ဟင်းခါး သွားစားတာ မိဘအတွက် ဆိုပြီး ပါဆယ်ထုတ်လာဖော် မရဘူး၊ အလကား. . မွေးရကျိုးမနပ်တဲ့သား'

ဆိုပြီး သူ့သားလိမ္မာလေးကို ထောပနာပြုလေသည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဆုံနေကျ 'Eagle'အအေးဆိုင်မှာ ဆုံမိတယ်ဆိုရင်ပဲ ဗိုလ်တောက်သည် သူ မနေ့က ခံလာရပုံကို ပြန်ပြီး ဖောက်သည် ချလေသည်။

'ဒါဆို မင်း မနေ့က ပယ်ပယ်နယ်နယ်ကြီးကို ခံလာရတာ ပေါ့. . ဟား. . ဟား. . . စုတ်ပြတ်သတ်နေမယ့် မင်းအခွက်ကြီးကို ကိုးအမရာ မြင်သွားသေးလား'

'မြင်ဖို့နေနေသာသာ မဖုရားလေးက အိပ်တော်မူနေတုန်း၊ ငါ့မှာတော့ သူ့မျက်နှာလေး မြင်ရမလားလို့ သွားမိပါတယ်. . သူ့ အဖေအမေတွေ ဝိုင်းသမတာ ခံလိုက်ရတယ်. . တကယ် အသည်း နာတယ်ကွာ'





သန့်စင်က သူအတွေးပေါက်သလို ဝင်ပြောသည်။

'ဦးရွှင်မောင်ကြီးက ဘာသာရေးတော့ တော်တော် ကိုင်းရှိုင်းတယ်ကွ. . ငါတို့ရပ်ကွက်ထဲမှာ ဝတ်ရွတ်ဖို့ လူလိုနေတယ်ဆိုတော့. . ရပ်ကွက်လူကြီးကို အကူအညီ တောင်းပြီး စည်းရုံးကြည့်ခိုင်းပါလား. . . အဲဒါဆို တစ်ပတ်မှာ နှစ်ရက်လောက်တော့ မင်း တွေ့လို့ရတာပေါ့'

'မင်းအကြံ မဆိုးဘူး. . စမ်းကြည့်တာပေါ့ကွာ'

ဗိုလ်တောက်က ပုဆိုးတစ်ထည်နှင့် ရမ်တစ်ပြားဝယ် ကန်တော့လိုက်တော့ ဦးသုကြီးခမှာ ဦးရွှင်မောင်အိမ် စည်းရုံးရေးဆင်း ရတာပေါ့. . (တော်ကြာ စားပြီးနားမလည်လို့ အပြောခံရမှာ)

'ကိုရွှင်မောင်. . ဗျို့. . ကိုရွှင်မောင်'

ဦးသုကြီးကိုမြင်တာနှင့် ဦးရွှင်မောင်သည် ဆေးဗီရိုနောက်မှာဝင်ပုန်းရင်း အသံကို မိန်းကလေးအသံဖြင့် ဖျက်ပြောလိုက်သည်။

'အဖေ. . ရှိ. . ဘူး. . အလှူခံ. . . ဆို. . နောက်. . မှ. . လာ. . ခဲ့'

ညောင်နာနာနှင့် အိစိ အိစိအသံကလေး ထွက်လာသည်။

'အလှူခံဖို့ မဟုတ်ပါဘူး သမီးရယ်. . ဦးတို့ရပ်ကွက်ဓမ္မာရုံမှာ တနင်္ဂနွေနဲ့ ဥပုသ်နေ့တွေမှာ ဝတ်ရွတ်ဖို့ သမီးတို့ညီအစ်မကို



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်တာ. . ဘာသာရေးလုပ်တာ ကောင်းပါတယ် သမီးရယ်. . ဘယ်လိုလဲ. . လာမယ် မဟုတ်လား'

ကိုယ့်အတတ်နှင့် ကိုယ်စူးနေသော ဦးရွှင်မောင်က မလာနိုင်ဘူးလို့ ငြင်းလို့က မဖြစ်တော့။

'ဟုတ်. . ကဲ့. . အဖေ့ကိုပြောပြီး လာခဲ့ပါ့မယ်'

ဒီလူကြီး မြန်မြန်ပြန်သွားဖို့ အရေးကြီးသည်။

ဒါတောင်မှ ဒင်းက မပြန်သေးဘဲ. . အရစ်ရှည်နေသေးသည်။

'အေး. . ဦးက သိပြီးသား. . ငါ့သမီးလေးတွေ လိမ္မာရေးခြား ရှိတာ. . မင်းတို့အဖေက ခွကျကျ လူ့ကန့်လန့်ပေမယ့် သမီးလေးတွေကျ ဘာမှအပြစ်ပြောစရာမရှိဘူး. . ဒါနဲ့ အခုပြောနေတာ အကြီးလား အငယ်လားဟင်'

ဦးရွှင်မောင်လည်း ဒေါပွလာပြီး

'အငယ်. . အငယ်'

ဟု ပြန်ပြောသည်။

'သမီးရေ. . ဦး လည်ချောင်းနာနေလို့ ဒီ vicks သကြားလုံးလေး ယူသွားမယ်နော်၊ ဒီ Sundayကျရင် ဆက်ဆက်လာခဲ့နော် သမီး. . ဪ. . ယောဂီလည်း ဝတ်ခဲ့ဦး'

*ဆောင်းညပြာသိုစာပေ*

BURMESE CLASSIC .com



ဦးသုကြီး ပြန်ထွက်သွားတော့ ဦးရွှင်မောင်က မကျေမနပ်ဖြင့် -

'တောက်. . သူများဟာဆို သကြားလုံးက အစ. . အလစ်မပေးဘူး၊ ဘယ်အချိန်ကတည်းက ငတ်ကြီးကျနေသလဲ မသိပါဘူး'

ဆိုပြီး ဆေးပါကင်ထဲ လက်က အနှိုက် အချဉ်ထုပ်တွေ တစ်အိတ်ကြီး ပါလာသည်။

'လီလီရေ. . ခဏ လာစမ်း ဒီကို. . ဒီမှာ အချဉ်ထုပ်တွေ အများကြီးပဲ၊ ဘယ်သူဝယ်ထားတာလဲ. . ကြည့်စမ်း ပိုက်ဆံတော်တော်ဖြုန်းတဲ့ဟာတွေ'

လီလီဆိုတဲ့ သူ့မိန်းမက ထွက်လာပြီး မျက်နှာက မှိုပိသာလိုက် ရလိုက်တဲ့အတိုင်း ဝင်းဝင်းကိုလက်လို့။

'ဟယ်. . ဘယ်သူကျန်ခဲ့တာလဲ မသိဘူး ပွတာပဲ၊ အချဉ်ထုပ်လေး တောင့်တနေတာ'

'ဘာလဲ. . မင်း. . ဟိုဟာ ကြီးပြန်ပြီလား'

'ဘာတုန်း. . . ဘာကြီးရမှာလဲ. . ရှင့်ဟာက အရင်း မရှိ၊ အဖျားမရှိနဲ့'

'မသိဘူးလေ. . . ဒီအချဉ်ထုပ်တွေက မင်း ဗိုက်ကြီးတိုင်း စားနေတာလေ'

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အဥ္စလီက ဦးရွှင်မောင်နောက်ကျောကို အုန်းခနဲ ထုထည့်လိုက်ပြီး

'သူငယ်ပြန်နေနော်. . ဒီအသက်အရွယ်ကြီးကျမှ ကြီးစရာလား'

တိုးအမရာသည် သူ့အဖေ လက်ထဲမှာ ရောက်နေသော အချဉ်ထုပ်တွေကို နှမြောတသစွာကြည့်ရင်း အရဲစွန့်ကာ

'ဖေဖေ. . ဒါ သမီးဝယ်ထားတာတွေပါ'

'ဟော. . နေစမ်းပါဦး. . နင်က ဘယ်တုန်းက အပြင်ထွက်သွားတာလဲ. . ငါလည်း မသိရပါလား'

ထိုအချိန်တွင် ကိုးက ဝင်ပြီး

'ဟေး. . ဘယ်သူတွေ ဘာပဲပြောပြော၊ မိကိုးတို့က စားရကံကြုံလို့ မုတ်ဆိတ်ပျားစွဲတာပဲ'

ပြောပြောဆိုဆိုပင် အချဉ်ထုပ်တွေ တစ်အိတ်လုံးကို ဆွဲယူပြီးထွက်ပြေးသွားသည်။

တိုးလည်း ကိုး အနောက်မှ ပြေးပြီး လိုက်သွားသည်နှင့် ဦးရွှင်မောင်က

'ကဲ. . ဒေါ်လီလီ. . ခင်ဗျားသမီးတွေကို ကြည့်ကျက်ထိန်းထားဦး. . ကြည့်ရတာတော့ တစ်ခုခုပဲ'



BURMESE CLASSIC .com



'ကိုမောင်. . ရှင် မကြားဖူးဘူးလား. . သမီး တစ်ကောင် နွားတစ်ထောင်. . တဲ့၊ ရှင်ဆို နွားနှစ်ထောင်တောင် ရမှာ. . အပယ် . . . ပျော်စရာကြီး'

'အေး. . ပျော်နေ. . ပျော်နေ၊ မတော်တရော်တွေနဲ့ တွေ့မှ ငါ မပြောလိုက်ချင်ဘူး'

'ဟုတ်တယ် မပြောချင်တာဆို ပြောမနေနဲ့၊ နေဦး. . ခုန တုန်းက ဟိုရပ်ကွက်လူကြီးက ဘာလာလုပ်တာလဲ'

'ငါ့သမီးတော်တွေကို လာပင့်တာဟေ့. . ဝတ်ရွတ်ဖို့တဲ့. . ဘာများ ရွှတ်တတ်နေလို့ လာခေါ်သလဲ မသိပါဘူး. . ဒီသမီးတွေ ငါ့ကို အရှက်ခွဲလာမှာ မြင်ယောင်သေး'

'ဩော်. . ဒါဆို ရှင်က သမီးတွေကို လွှတ်မှာပေါ့'

ဦးရွှင်မောင်က မအီမလည်ဖြင့်

'မလွှဲသာလို့ လွှတ်ရတာပဲ'

ဟု ပြောသောအခါ ဒေါ်လီလီက တစ်ဖက်သို့လှည့်၍ မဲ့ပြုံး ပြုံးလေသည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

အချဉ်ထုပ် စားလိုက်၊ နေကြာစေ့ စားလိုက်ဖြင့် ကိုရိုးယား ဇာတ်လမ်းတွဲကို စိတ်ဝင်စားစွာကြည့်နေသော ညီမဖြစ်သူကို တိုး မကျေမနပ်ဖြစ်မိသည်။

သူများကို ပေးထားတာတွေ ကြည်ဖြူမှုန်း မသိ၊ မကြည်ဖြူ မှုန်းမသိ၊ စားနေလိုက်တာများ တစ်ဖြုန်းဖြုန်းဖြုံ. .

ကိုယ့်ညီမကိုယ် မကြည်မဖြူဖြစ်မိတာ ဒီတစ်ခါပဲ ရှိဖူးသေး သည်။

စိတ်ထဲမှာ ကျိတ်ပြီး ဖုနေတုန်း အမေက ဝင်လာပြီး

'ငါ့သမီးတွေမှာ ယောဂီထဘီတွေ ရှိရဲ့လား'

ကိုးက တအံ့တဩဖြင့်



BURMESE CLASSIC .com



'ဘာဖြစ်လို့လဲ မေမေ. . . သမီး တရားစခန်း မဝင်ချင်ဘူး နော်. . ငယ်ငယ်လေး ရှိသေးတာ. . မေမေဖြင့် မဝင်ဘဲနဲ့'

ဒေါ်အဥ္စလီက သမီးငယ်၏ခေါင်းကို လက်သံပြောင်ပြောင် ဖြင့် ဒေါက်ခနဲ ခေါက်ထည့်လိုက်သည်။

'ဟင်. . မအေကိုဆို ပြန်ပြောဖို့ ချောင်းနေတယ်၊ အငယ်မ နင် ဘာဇာတ်လမ်းတွေ ရှုပ်လာသလဲ ငါ့ကို ပြောစမ်း. . ဟိုတစ်နေ့ တုန်းကလည်း ငါ့အခန်းထဲကို စာတစ်စောင် ခဲလုံးနဲ့ ရောက်လာ တယ်၊ ဘာတဲ့. . မတွေ့ရရင် မနေနိုင်ဘူးတဲ့. . မဟုတ်မှလွဲရော. . ဒါ ဟိုဘက်ခြံက အကောင် လက်ချက်မဟုတ်လား'

ကိုးမျက်နှာ တစ်မျိုးလေး ဖြစ်သွားသည်။ ကိုး အံ့ဩသလို တိုးလည်း အံ့ဩသွားသည်။

ခွန်းတောက် ဆိုတဲ့အကောင်က ခဲတစ်လုံးတည်းနှင့် ငှက် နှစ်ကောင်ကို ချိန်နေတာလား. . .

'ဟော. . အခုတစ်ခါ အချဉ်ထုပ်တွေ ရောက်လာပြန်ပြီ၊ အဟမ်း. . အဟမ်း. . ငါက နင်တို့အမေနော်. . ဒီအဆင်နဲ့ ဒီခွင် လောက်က ပျင်းတောင် ပျင်းသေးတယ်. . child play. . ဟွန်း. . ငါတို့ငယ်ငယ်ကဆို ဒီလိုစာတွေ လက်ဆောင်တွေ ရောက်မလာစေ ရဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကိုးက ဆတ်ဆတ်ဆော့ဆော့ဖြင့်

'ဘာလို့ ရောက်မလာတာလဲ မေမေ'

'အို. . ရောက်လာစရာလား. . သူတို့ လာပေးတာတောင် စောင့်မနေဘူး'

'ဟင်. . ဒါဆို မေမေက သွားပေးတာလား'

'ဒါပေါ့'

ပေါက်ပေါက်ရှာရှာမေးတဲ့ သမီးက မေးသလို ဖြေတဲ့အမေကလည်း ဖြေသည်။

'အဲလေ. . ဘာတွေ လျှောက်မေးနေတာလဲ. . ဒီကောင်နဲ့ သမီးက ဘာတွေလဲ'

မိကိုးတို့က ရှူးချင်ယောင်ဆောင်ပြီး

'မမ. . မေးနေတာ ဖြေလိုက်လေ'

'ဟဲ့. . ငါက နင့်အစ်မကို မေးနေတာ မဟုတ်ဘူး၊ သူက အိမ်တွင်းပုန်း၊ အပြင်ထွက်ပြီး ကမြင်းချင်တာ. . ကဲချင်တာက နင်၊ နင့်ကို မေးနေတာ'

'ဘာဇယားမှမရှိပါဘူး မေမေရယ်. . အေးဆေးပါ'

ဒေါ်အဥ္စလီက သိပ်တော့ ယုံပုံမရပေမယ့်

'ပြီးရော. . ဒီတစ်ပတ် တနင်္ဂနွေနေ့ကျရင် ဓမ္မာရုံမှာ ဝတ်





ရွတ်ဖို့ သွားကြဦး၊ အကျီအဖြူတော့ ရှိတယ် မဟုတ်လား၊ ယောဂီ ထဘီနဲ့တဘက် မရှိရင် ပြော၊ မေမေ ဝယ်လာခဲ့ပေးမယ်'

လမ်းထွက်ချင်လွန်းလို့ တစ်ပိုင်း သေနေသော မိကိုးတို့ အကြိုက်တွေ့ကာ 'ဝေး'ဟု အသံထွက်အောင် အော်တော့သည်။

ဗိုလ်တောက်ရေ. . ရှင်ပဲ သတိရနေတယ် မထင်နဲ့၊ ကျွန်မ လည်း ရှင့်ကို သတိရနေတာပဲ. . အခု ကျွန်မ စားနေတာတွေက ရှင် လာပေးတာ တဲ့. . အရသာရှိလိုက်တာရှင်. . အလကား ရလို့ လား မသိပါဘူး. . အချဉ်ထုပ်ဆိုလည်း ပိုချဉ်သွားသလိုပဲ. . .

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

တိုးတစ်ယောက်တည်း ပန်းကန်ဆေးရင်း ကြွေနေမိသည်။ အိမ်ထဲမှာနေရင်း ဇာတာတွေ၊ စန်းတွေ တက်လာပြီလို့ ထင်နေမိတာ. .

ခုတော့. . ကိုယ့်ဆီ လာတာ မဟုတ်ဘဲ၊ ညီမလေးကို လာချောင်းတာတဲ့. . ရှက်ဖို့ကောင်းလိုက်တာ. . အေးလေ. . မိကိုးက သွက်တာကိုး. . ငါ့ကျတော့ ရိုးပုံရိုးလက်နဲ့ ခပ်တုံးတုံးကြီးဆိုတော့ ဒင်းတို့က ဘယ်စိတ်ဝင်စားမလဲ. .

နေဦးပေါ့လေ. . ဒင်းထက်သာတာ ရှာလို့ရအောင် ဟော့ပြလိုက်ဦးမယ်. . ကဲပြလိုက်ဦးမယ်. . အမယ်လေး. . အဆိုတော်မတွေ ခါတာလောက်တော့ ပျင်းတောင် ပျင်းသေးတယ်။ ဒီကလည်း

ဆောင်းညပြာသိစာပေ



အဖေ့ကို ကြောက်လို့သာ ငြိမ်နေတာ. . သိပ်ရိုးလွန်းလို့ မဟုတ်ဘူး။ မိန်းမတွေ တတ်သင့် တတ်အပ်တဲ့ လမ်းလျှောက်ရင် တင်ကလေးပင့်လျှောက်တာတို့၊ ကောင်လေးတွေ့ရင် စပါးကြီးမြွေလို ကြည့်တာတို့. . အားလုံးကို သိပါတယ်။ လုပ်လည်း လုပ်တတ်တယ်. . ဟွန်း . . .

ရိုးလွန်း အေးလွန်းလို့ အမေက အားမလိုအားမရဖြစ်နေတာ မဟုတ်လား. . စောင့်ကြည့်နေလို့ပဲ တိုးက ပြောလိုက်ချင်တာ။

ကြိတ်မနိုင် ခဲမရဖြစ်ပြီး ပန်းကန်တွေကို သဲကြီးမဲကြီးဆေးနေသော တိုး. .

သူ့ခံစားချက်တွေကို ပန်းကန်တွေသာ သိပါလိမ့်မည်။ ဘာဖြစ်လို့လဲဆိုတော့ သူပေါက်ကွဲသမျှ ခံနေရလို့လေ. .

▲ ▲ ▲

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ Sundayမို့ ဗိုလ်တောက်တို့အုပ်စုက ဝီရိယပိုစွာပင် ညနေကတည်းက ကိုးတို့ညီအစ်မကို စောင့်နေကြသည်။

ဝတ်ရွတ်သွားမည့် ညီအစ်မကို ပြစ်မှားသည့်အတွက် ငရဲကြီးမည်ဆိုက ကြီးစေတော့ပေါ့။

ဗိုလ်တောက်က အငယ်မကို ကိုယ်ပိုင်brandလုပ်ဖို့အတွက် နံပါတ် ချိတ်မည်မို့ ကျန်တဲ့ကောင်တွေက ကိုးရဲ့အစ်မ တိုးကို ချိန်ရွယ်နေကြသည်။

အားလုံးက ကိုယ့်အစီအစဉ်နှင့် ကိုယ်. . တက်ကြွနေကြသည်။

စကားတွေ ဖောင်ဖွဲ့ကာ ဘောလုံးကွင်းထဲ ရောက်နေသ





လို အားရပါးရအော်ဟစ်နေကြသော သူတို့ကို မြင့်သူရိန်က အော်ပြီး သတိပေးသည်။

'ဟေ့ကောင်တွေ. . ဘရိတ်ဆွဲထားမယ်. . ဟိုမှာ လာနေပြီ'

ဗိုလ်တောက်က သူ့နံပါတ်ကလေးဆီကို ပြုံးပြုံးကြည့်ပြီး

'ရင်ထဲမှာ အေးသွားတာပဲကွာ၊ ယောဂီထဘီလေးနဲ့လည်း လှတာပဲ'

လင်းနေက,တိုးကို သဲသဲမဲမဲကြည့်ပြီး အထိတ်တလန့်နိုင်စွာ -

'ဟာ. . မင်းတို့ပြောတော့ အကြီးက အေးတာဆို. . အခု ဘယ်လိုဖြစ်သွားတာလဲ. . ဆေးစားများ မှားလာလို့လား. . ဟိုမှာ ကြည့်ကြပါဦး'

ဗိုလ်တောက်ပင် မျက်စိလည်သွားသည်။

'ဟောဗျာ. . လမ်းလျှောက်တာလည်း ကြည့်ဦး normal မဟုတ်ဘူးနော်. . ရှိရှိသမျှ တစ်ကိုယ်လုံးကို ခါနေတာပဲ. . ရှာကီရာများ အားကျလို့လား မသိဘူး'

အဲဒီမှာ. . နောက်တတ် ပြောင်တတ်လွန်းသော သာကြီးအောင်က



www.burmeseclassic.com

www.burmeseclassic.com



'ဟေ့ကောင်တွေ. . . သတိ၊ ဟိုမှာ ဘိုးတော်ဘုရားလက်ထက်က နွားလှည်းကြီး ရှေ့မီးလင်းပြီး ဘရိတ်ပေါက်လို့ တစ်လမ်းလုံး ရမ်းလာပြီကွ'

ဟု ထပြီး အော်သည်။

ဗိုလ်တောက်က သာကြီးအောင်ရဲ့ဇက်ပိုးကို ခပ်ဆတ်ဆတ်လေး အုပ်ပစ်လိုက်သည်။

'နွားလှည်းက ရှေ့မီး လင်းမလားကွ. . ဘရိတ်ကော ပါပဲ့မလား'

'ဟ. . သူက အပျို့ဆို. . နောက်မီးလင်းလို့မှမရတာ၊ ရှေ့မီးပဲ လင်းမှာပေါ့'

'တော်. . တိတ်၊ မင်း ငှါမရီးကို ပိုးစိုးပက်စက် ပြောစရာမလိုဘူး၊ ဘိုးတော်ဘုရားလက်ထက် မဟုတ်ဘူး. . ITခေတ်ကွ၊ သူဒီလောက် မတုံးသေးဘူး'

'အောင်မာ. . နာခနေလိုက်တာ. . နာချင်း နာရင် ငါတို့ကနာရမှာကွ၊ မင်းဟာနဲ့မင်း ဂဏန်းငြိမ်နေပြီးသားလေကွာ'

အားလုံးထဲမှာ အအေးဆုံး ဖြစ်သော လင်းနေကတောင် တိုးအမရာကို မဝံ့မရဲဖြင့် မှတ်ချက်ချလေသည်။

'ယောဂီကြီးဝတ်ပြီး ဒီလိုကြီးလျှောက်တာတော့ မကောင်း





ဘူးကွ၊ မသင့်တော်ဘူး'

'အေးလေ. . အရင် ဒီလိုမဟုတ်ပါဘူး'

'ဟေ့ကောင်. . မင်းမရီးလောင်းက ဒါလား'

သာကြီးအောင်က သူ့နားထင်ကို လက်ညှိုးဖြင့် ထိုးပြပြီး ဂေါက်နေတာလားဟု မေးလေသည်။

'မသိတော့ဘူးကွာ. . ဟိုတစ်နေ့ကတင် အကောင်းကြီးပါ၊ အဲဒါ မင်းတို့ကောင်တွေ ဆွဲငင်အားများသွားလို့ ဓာတ်ပြောင်းသွားတာ ဖြစ်မယ်'

'အေးပေါ့. . ဗိုလ်တစ်ရာအားနဲ့ အဖိုဓာတ်တွေ များသွားတာကိုး. . ဟာ. . ဘာတွေ လျှောက်ပြောနေတာလဲ'

ထိုအချိန် သူတို့ရှေ့မှ တိုးနှင့်ကိုးက ဖြတ်ကျော်သွားသည်။ အေးလှပါပြီ၊ တည်လှပါရဲ့ ဆိုတဲ့ တိုးက ဗိုလ်တောက်သူငယ်ချင်းတွေအားလုံးကို သိမ်းကြုံးပြီး စပါးကြီးမြွေ တစ်ဒါဇင်အားနဲ့ကြည့်ချသွားသည်။

ဘာပြောကောင်းမတုန်း. . လင်းနေတို့အုပ်စု ပွဲကျသွားသည်။

'ဟေ့. . ကိုး၊ ဘယ်လဲ'

သိပြီးသား ကိစ္စတစ်ခုကို မသိချင်ယောင်ဆောင်ပြီး နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တာ ဟိုး. . ဘိုးဘေးတွေ လက်ထက်ကတည်းက စခဲ့တာ ဖြစ်မည်။

'ဖေဖေက ဓမ္မာရုံမှာ ဝတ်ရွတ်ရမယ်ပြောလို့'

ကိုးက ပြန်ဖြေသည်။

ဗိုလ်တောက်က တစ်ဆင့်တက်ကာ

'အတော်ပဲ. . တို့အုပ်စုလည်း အဲဒီကိုသွားမှာ. . လူငယ်တွေ တက်ကြွ. . အဲလေ. . . တက်ညီလက်ညီ ရှိရင် မကောင်းဘူးလား'

'မကောင်းဘူး. . တက်ညီရင် လှေသွားလှော်၊ လက်ညီရင်တော့ ရှင် ဇာတ်ပေါက်တိုးသွားမှာပေါ့'

'မင်းလည်း နောက်တတ်သားပဲ'

စကားတပြောပြောနှင့် သူတို့တစ်အုပ်စုလုံး ဓမ္မာရုံသို့ ချီတက်လာကြသည်။

လမ်းမှာ စ,ဖောက်လာတာက တိုးပင်။

ဗိုလ်တောက်၏သူငယ်ချင်းတွေကို တစ်ယောက်ပြီး တစ်ယောက် နာမည်မေးလိုက်၊ လိပ်စာတွေ မေးလိုက်နှင့် အလုပ်ကို ရှုပ်လို့။

မိန်းကလေးပီပီ သူက စပြီး ဖုန်းနံပါတ်တောင်းလေသည်။





ကိုးလည်း ကိုယ့်အစ်မ ကိုယ် ကြည့်ပြီး အသည်းတယားယားရှိလှသည်။

ဘယ့်နှယ်. . ကောင်လေးတစ်အုပ်စုလုံးကို လိုက်ပြီး ရောနေပါလိမ့်. . .

ဗိုလ်တောက်ကတော့ သူ့ကောင်မလေးကို အရိပ်တကြည့်ကြည့် ရှိလှသည်။

ကိုးကတော့ ဒါတွေကို သိပေမယ့် တိုးကို လိုက်ထိန်းရင်း ဒေါသတွေထွက်လို့ တစ်ချက် တစ်ချက် အကြည့်စူးစူးလေးနှင့် ဗိုလ်တောက်ကို ကြည့်. . ကြည့်လာသည်။

မျက်ရိပ်ပြလည်း နားမလည်၊ တံတောင်နှင့် တွက်လည်း မရသော အစ်မကို ကိုးက လေသံတိုးတိုးဖြင့်

'မမ. . တော်လောက်ပြီလေ. . ဒီနေ့ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး'

ဆိုပြီး တားယူရသည်အထိ။ ကြည့်ဦး. . အဲဒါလား အိမ်တွင်းပုန်း။ အပြင်ရောက်တာနှင့် ဇာတိက ပြလာပြီ။

'ကိုတောက်. . အဲလေ. . ကိုခွန်းတောက်တို့လည်း ပြန်ကြတော့လေ. . ဓမ္မာရုံကိုလာတာ ကောင်လေးတွေ တရုန်းရုန်းနဲ့လို့ အပြောမခံချင်လို့ပါ. . ဖေဖေ သိရင်လည်း မကောင်းဘူး'



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဖြစ်လာမည့်အကြောင်းအရာတွေကို ကောင်းစွာ မြင်နေရပြီမို့ ကိုးက ယတိပြတ် ဖြတ်ချနေလေပြီ။

ဗိုလ်တောက်ကလည်း ပါးသည်။

'မင်းနဲ့တို့က ဘော်ဒါတွေလေ. . ဘာလို့ အစိမ်းရောင်တွေ ခြယ်နေတာလဲ. . ဒီနေ့တော့ ကိုယ့်မားသားကြီးက ဝတ်ရွတ်တဲ့သူတွေကို အအေးတိုက်ခိုင်းထားလို့ ပြန်လို့မဖြစ်သေးဘူးကွ'

မရွှေတိုးတို့က အလောသုံးဆယ် ဝင်ပြီး ပြောပြန်သည်။

'အအေးပဲလား. . မရဘူး. . မုန့်ပါ ဝယ်ကျွေးရမှာနော်'

အမယ်လေး. . လေသံကိုက အီကလဲယား စားပြီး ပြောတဲ့အတိုင်းပဲ. . အဲဒီအစ်မနဲ့တော့ စိတ်လေလိုက်တာ. .

ဘယ်အချိန်ကတည်းကများ စိတ်ကူးနဲ့ရူးပြီး မြူးနေသလဲ မသိပါဘူး။ အလစ်ချောင်းနေတဲ့ အကောင်တွေကလည်း သူကျွေးမယ်၊ ငါကျွေးမယ်ပေါ့. . ဟူး. . မောပါ့ မမရယ်. .

တကယ်ပါ ဘုရားစူး. . အဲဒီနေ့က စာအုပ်ကြည့်ပြီး လိုက်ရွတ်နေပေမယ့် စိတ်လည်း မပါတော့ ကုသိုလ်လည်း ရမှာ မဟုတ်တော့ဘူး။

ဗိုလ်တောက်တို့များ မျက်နှာလိုက်ပုံက ကိုးရှေ့မှာ အအေးနှစ်ခွက် လာချပေးသွားသည်။

*ဆောင်း ညပြာ သိုစာလေ*



မသိစိတ်က ကျေနပ်ချင်ပေမယ့် မမရဲ့ကိစ္စဝိစ္စတွေကို စိတ်က ရောက်နေတော့ ကိုးတစ်ယောက် မချင့်မရဲဖြစ်နေမိသည်။

တစ်ယောက်တည်း အေးအေးလေးရှင်သန်ခဲ့တဲ့ မမတစ်ယောက်၊ ခုကျမှ ဘာတွေထူးချင်နေမှန်းကို မသိတာ။

အိမ်ရောက်ရင် စိတ်ရှိလက်ရှိ ပြန်တိုင်လိုက်ရ မကောင်းဘူး ရှိတော့မယ်. .

▲ ▲ ▲

*ဆောင်း ညပြာ သိုစာလေ*

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တောက်တို့ဆိုင်မှာ လူစည်နေပြီ။

ထုံးစံအတိုင်း စားနေရတဲ့လူတွေ မတွေ့ရဘဲ စောင့်နေရတဲ့လူက ပိုများနေသည်။

နေ့တိုင်း အချိန်မှန်လာတဲ့ လူကြီးတစ်ယောက်တော့ သူ့ limit ကို ကျော်ပြီး ရေချိန်ကိုက်နေလေပြီ။

အမယ်. . ဒီလူကြီးက ကောင်တာမှာထိုင်တဲ့ စံပယ်တင်မဲ့ကလေးနဲ့ သူဇာကိုကို ကို လာပြီး ကြောင်နေတာ. . ပေါ့သေးသေး မဟုတ်ဘူး။

ဆိုင်မှာ ကြာကြာထိုင်လို့ရအောင် သောက်ရင်း သောက်ရင်း သူ့ကိုယ်သူတောင် သူ မနိုင်တော့။





ပြန်မလို့ ထ,ရပ်လိုက်တိုင်း ပြန် ပြန်ထိုင်သွားတာက ဆိုးသည်။

ဗိုလ်တောက်လည်း အမြင်မတော်တော့ သွားပြီး တွဲပေးသည်။

'ဟော့. . ငါ့ကို. . ဘယ်. . သူ. . လာတွဲ. . တာ. . လဲ'

အာလေး လျှာလေးကြီးနှင့် မေးနေလို့ ဗိုလ်တောက်က

'ကျွန်တော်ပါ အန်ကယ်'

ဟု တရိုတသေ ပြန်ဖြေမိသည်။ သူက ကိုယ့် customer မဟုတ်လား။

'အေး. . ကျွန်တော်ဆို လာမတွဲနဲ့. . ငါက ကျွန်မ. . လာတွဲတာပဲ လိုချင်တာကွ. . အေ့. . '

သေခါနီး ဘာယူချင်တယ်ဆိုလား. . အိုနာရှုံ့တွ အရွယ်တောင်မှ တဏှာက မလျှော့ချင်သေးဘူး။

ဗိုလ်တောက်လည်း မေတ္တာတွေ ပို့ပြီး သကာလ တွဲထားသောလူကြီး၏ ခန္ဓာကိုယ်ကြီးကို ဆောင့်ကြီးအောင့်ကြီးဖြင့် လွှတ်ချပစ်လိုက်သည်။

'အား. . သေ. . ပါ. . ပြီ. . ဟော့ကောင်. . မင်း ဘယ်လိုလုပ်. . လိုက်တာလဲ. . ဇာလေးရေ. . ဦးကို လာ. . တွဲပါဦး. . ဇာ



www.burmeseclassic.com

www.burmeseclassic.com



လေး တွဲပို့မှ ဦး. . ပြန်မှာ သိတယ်နော်'

သူဇာက ဗိုလ်တောက် မျက်စိမှိတ်ပြတာကို နားလည်ပြီး ထလာသည်။

ထိုနောက် တစ်ဖက်မှဝင်ပြီး အသာတွဲလိုက်သည်။

ဟိုလူကြီးက ကျေနပ်ပြီး လိုက်လာသည်။

တစ်လှမ်း. .

နှစ်လှမ်း. .

သုံးလှမ်း. .

ဗိုလ်တောက်နှင့်သူဇာ နေရာချင်း ချိန်းလိုက်ကြသည်။

မူးသာ မူးတာ. . အမူးပါး အန်ကယ်ကြီးက ဘာပြောတယ် ထင်သလဲ. .

'ဇာလေး အသားတွေက အိလည်း အိဘူး. . မာ. . နေ. . တာ. . ပဲ'

အဲဒီနှာဘူးကြီးကို ဗိုလ်တောက်က သူ့အဖေရဲ့ဆိုင်ကယ် ပေါ်ပစ်တင်ပြီး. . . အဲလေ. . ပေးခွပြီးမှ. . မဖြစ်သေးပါဘူး၊ မူးမူး နဲ့ ပြုတ်ကျပြီးသေရင် အချောင် အမှုပတ်ဦးမည်။

ဒီအမူးတစ်ယောက်နဲ့ ဗိုလ်တောက်မှာ ချာလပတ်ရမ်းနေ သည်။

ဆောင်းညပြာသိစ္စာပေ



လမ်းထိပ်ပြေးပြီး ဆိုက်ကားသွားခေါ်လာရသည်။

ဆိုက်ကားပေါ်တင်ပြီးမှ ဘယ်လိုက်ပို့ရမှန်း မသိတော့. . ဆိုက်ကားဆရာကို မေးခိုင်းရသည်၊

ဗိုလ်တောက်အသံကြားရင် ဇာလေးမဟုတ်လို့ မလိုက်ဘူး ဆိုမှ ရှော့ရိုက်မှာ။

'အစ်ကိုကြီး. . ဘယ်ကို သွားမှာလဲ ခင်ဗျ'

'လမ်း. . ဆုံးရင်. . အိမ် တွေ့လိမ့်မယ်. . မောင်း. . သာ မောင်း. . '

'နင်းရမှာဗျ. . ဒါ မော်တော်ကား မဟုတ်တော့ မောင်းလို့ မရဘူး. . ဒုက္ခပါပဲ. . သူ့ကိုယ်သူရော အထီးမှန်း အမမှန်း သိရဲ့ လား မသိဘူး'

ဆိုက်ကားဆရာစကားကြောင့် ဆိုက်ကားနောက်မှာ ထိုင် လာတဲ့ ဗိုလ်တောက်က ခွီးကနဲထ,ရယ်သည်။

'ဟေ့. . ဒီမယ်. . မသေမချင်းမှတ်ထား. . အထီး ဆိုတာ ယောကျ်ားကို ပြောတာ. . အမက. . ဟဲ. . ဟဲ. . မိန်းမပေါ့. . ငါ က အထီးဆိုတော့ ဘာပါလိမ့်၊ ဩော်. . မိန်းမပေါ့. . ငါက မိန်းမ'

အော်ပြီး ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။

ဆိုက်ကားဆရာလည်း စိတ်တွေလေနေပြီ။

ဆောင်းညပြာသိစ္စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာနေသလဲဆိုတာမသိဘဲ မြို့ပတ်ပြီးနင်းနေရသည်။

လမ်းမှာ တွေ့သမျှလူတွေကို

'ဒီလူ ဘယ်မှာနေသလဲ သိလား'

ဟု မေး မေးပြီး သွားရသည်။

ဆိုက်ကားသမားတစ်ယောက်က သူသိတယ် ဆိုပြီး အန်ကယ်မူးမူးရဲ့ရပ်ကွက်ကို ညွှန်ပြပေးသည်။

ပါးစပ်တစ်ပေါက် အရင်းပြုပြီး သူ့ရပ်ကွက်ကိုရောက်သာလာသည်။

ဘယ်အိမ်လဲဆိုတာ တိတိကျကျမပြောဘဲ လမ်းတစ်လမ်းထဲမှာတင် ရှာလည်ကာ တိုင်ပတ်နေသည်။

'ပြန်ကွေ့. . ဟိုဘက်ထိပ်ကို မောင်း'

ဟိုဘက်ထိပ် ရောက်ပြန်တော့ မဟုတ်သေးဘူး၊ ပြန်ကွေ့တဲ့. . .

ဆယ့်ငါးပတ်လောက် ပတ်ပြီးသောအခါ ဆိုက်ကားဆရာလည်း လျှာထွက်ချေပြီ။

'ဟေ့လူ. . ခင်ဗျား ရစ်မနေနဲ့ဗျ၊ ကိုယ့်အိမ်တောင် ကိုယ်မသိဘူးလား'

'ဒေါ့. . သနဲ့. . သေရင် ခင်ဗျား တိရစ္ဆာန် ဖြစ်မယ်နော်'





အမူးသမားက ဆိုက်ကားဆရာကို တရားပြလိုက်သေး။

'အမယ်. . အမယ်၊ ဆိုက်ကားပေါ်က ဆောင့်ကန်ချလိုက်ရ. . ကောင်လေး. . တော်ကြာ သူ မမူးဘဲ ငါမူးတော့မယ်ကွ'

'နေဦး. . ဒီနားလေးတင်. . ငါ့အိမ်က ကွက်ပြီးပျောက်နေတာ. . ဒီနားမှာပဲ. .'

သူ့အိမ်တစ်အိမ်တည်း ကွက်ပြီး ပျောက်နေသတဲ့လေ. . ဆိုက်ကားရပ်ထားသော အိမ်ရှေ့မှာ လူတစ်ယောက်က အမူးလူကြီးကို လာကြည့်ပြီး

'ဘွားညွန့်ရေ. . ဒီမှာ ဘွားညွန့်သား မူးပြီး အိမ်ပျောက်နေလို့ဗျို့'

ဟု လှမ်းအော်တိုင်သည်။

အိမ်ထဲက ထွက်လာတာက တုန်ချိ တုန်ချိနဲ့ အဘွားအိုတစ်ယောက်။

'တေ. . ဂျင်း. . ဆိုးလေး. . အိမ်ပျောက်ရအောင်. . ဒါနင့်အိမ် မဟုတ်လို့ ဘာလဲ. . မိမြရေ. . ငါ့ကို ကြိမ်လုံးယူလာပေး'

အဘွားက ကြိမ်းတော့ မူးနေတဲ့ လူကြီး ဆိုက်ကားပေါ်မှ ဆင်းပြေးသည်။ သူ့အိမ်တစ်ဆောင်လုံး ရှေ့မှာထားပြီး အိမ်ပျောက်နေတဲ့သူမျိုး တွေ့. . တွေ့ဖူးပေါင်ဗျာ. . .



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေအသံ ကြားတော့ ဟိုလူက မူးမူးနဲ့ လေ့ကားပေါ် တွားပြီး တက်သွားသည်။

ခုနက လှမ်းအော်ပြီးတိုင်သော လူကြီးက

'မင်းတို့တော့ ပင်ပန်းသွားပြီထင်တယ်. . ဒီလူ့အကျင့်က မူးလာရင် အိမ်ပျောက်ပြီ. . သူ့အိမ်သူ လိုက်ရှာရတာ အမော'

ဒီလောကကြီးမှာ ဒါမျိုးလူတွေလည်း ရှိပါသေးလားဆိုပြီး သင်ခန်းစာတစ်ခု ထပ်တိုးလေသည်။

▲ ▲ ▲



ဗိုလ်တောက်ကဲ အများအကျိုးဆောင်ပြီး အိမ်ပြန်လာချိန်တွင် ကိုယ့်သားဆို မျက်လုံးထဲမှာ crossဖြစ်နေတဲ့ ဖေဖေဖားသားကြီးက ကြုံဆူပောက်(ကြုံရင်ကြုံသလို ဆူပြီးပေါက်တာ) လုပ်ပါလေတော့သည်။

'မင်းကို ငါကြည့်နေတာကွ၊ အိမ်အလုပ်ဆို ဘာမှ ကူမလုပ်ချင်ဘူး. . မင်းတို့ တစ်ကိုယ်ကောင်းဆန်သလို ငါလည်း ဆန်တတ်ပါတယ်ကွာ. . မင်းအမေကို ပစ်ပြီး နောက်မိန်းမ ယူလိုက်ရမလား ပြောလေ. . .'

သူ လိုချင်ရင် လိုချင်တယ်ပေါ့။ ကျွန်တော့်ကို ခေါင်းစဉ်တပ်ပြီး လွဲချချင်နေတာများ မသိတာလိုက်လို့။



www.burmeseclassic.com

www.burmeseclassic.com



'ကိုဘိုကြီး'

နားနားကပ်ပြီး အော်ထည့်လိုက်သော မေမေ့အသံကြောင့် ဖေဖေက သူ့လိပ်ပြာ သူပြန်ခေါ်နေသည်။

'ဟာ. . လန့်လိုက်လာကွာ၊ ဘာလို့ဒီလောက်တောင် ဖွတ် အော်နေရတာလဲ'

'ရှင့်အသက်အရွယ်ကြီးနဲ့ နောက်မိန်းမယူဦးမယ်. . ဟုတ် စ. . .'

'မင်းက တစ်မျိုး. . ငါ့သားကို ငါ ဆုံးမနေတာ ဝင်မပါစမ်း ပါနဲ့'

'ဘာဆုံးမတာလဲ၊ စကားထဲက ဇာတိပြနေတာများ အသိ သာကြီး'

ဗိုလ်တောက်အဖေ ဦးဘိုကြီးက ကြံ့ရင် ပါဆယ်ဆွဲတတ်တဲ့ လူမျိုး။

KTV ဆိုလည်း သွားအားပေးသည်။

ပန်းကုံး စွပ်ချင်တာလည်း သူ့အပြင် နှစ်ယောက်မရှိပါ။

သူ့မိန်းမက သိပေမယ့် မသိချင်ယောင် ဆောင်ပြီး နေရ သည်။ ဗိုလ်တောက်က အဖေနှင့်အမေ စကားအချေအတင် မဖြစ်ခင် ဝင်ပြီး ထိန်းရသည်။





'သားက ဟိုအန်ကယ်ကြီး အရမ်းမူးနေလို့ သူ့အိမ် လိုက် ပို့ပေးနေလို့ပါ အဖေရာ'

'သူ့ဟာသူ မူးတာမကလို့. . အန်ဖတ်ပဲ ဆို့ဆို့၊ မင်း အပူ ပါသလား ဟမ်. . ကိုယ့်အိမ်မှာ အလုပ်ရှုပ်လို့လူခွဲမရှိရတဲ့ကြားထဲ'

သူ့သားကို ဆက်ဆူမည် စိုး၍ ဗိုလ်တောက်အမေက

'သူ ကောင်းတာ လုပ်တာပဲဟာ၊ ရှင် ဘာမှ ကလေးကိုဆူ မနေနဲ့. . လာ. . သား'

ဆိုပြီး ဗိုလ်တောက်ကို ဆွဲခေါ်သွားလေသည်။

အဖေ မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေတာ သိတော့ ဗိုလ်တောက်က အပိုးကျိုးပြကာ စားပွဲနံပါတ်သုံးမှာ ဝင်ပြီး ကူလုပ် ပေးလိုက်သည်။

ဆံပင်ရှည်ရှည်. . အသား ညိုညိုနှင့် အသက် လေးဆယ် လောက်ရှိမည့် လူတစ်ယောက် ထိုဝိုင်းမှာ ထိုင်နေသည်။

ဗိုလ်တောက်က

'အစ်ကို. . ဘာမှာထားသလဲခင်ဗျ'

'ငါမှာတာ ငါးမုန့်ကြော်တစ်ပွဲပါကွာ. . နှစ်နာရီလောက်ရှိ ပြီ. . ခုထိမရောက်လာသေးဘူး'

Customer က ရင်ဖွင့်ချေပြီ။ ဗိုလ်တောက်က



www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . ဒါက ဒီလိုရှိတယ်ခင်ဗျ. . ကျွန်တော်တို့ဆိုင်က ကိုယ့်ဖောက်သည်တွေကို ချစ်တယ်လေ. . အဲဒီတော့ ဒီမျက်နှာတွေကို ကြာကြာမြင်ချင်လို့ပါခင်ဗျ. . . ငါးမုန့်ကြော်လောက်က အခုကြော်ရင် အခု ရတာပေါ့ဗျာ'

'ဒီလိုလား'

'ဟုတ်ပါတယ်ခင်ဗျ ဒီလိုပါပဲ၊ ဒါနဲ့ အစ်ကိုက တစ်ယောက်တည်း လာပုံထောက်တော့ လူပျိုကြီးလားခင်ဗျ'

အလိုက်ကမ်းဆိုးမသိစွာ မေးလိုက်တော့ ရင်ဖွင့်ဖို့ အဖော်ရှာနေသောလူကြီးက

'အတော်ပဲ မင်းကို ငါပြောပြမယ်၊ ဒီလိုကွာ. . ငါ့တစ်သက်မှာ မိန်းမတစ်ဒါဇင်လောက်. . ဟာ. . မဟုတ်သေးဘူး ငါ့အသက်လောက်နီးနီး မိန်းမတွေကို လိုက်ခဲ့တယ်ကွာ၊ တစ်ယောက်မှ ငါ့ကို ပြန်မကြိုက်ကြဘူး why? ငါ့ရုပ်က ဟိုမင်းသားလေ. . သျှားညိုနဲ့ တူတယ်နော်. . တူတယ်မဟုတ်လား. . .'

သူ့ဟာသူမေးတဲ့ မေးခွန်းကို သူ့ဟာသူ ပြန်ဖြေပြန်သည်။ သူ့ရုပ်သူ မင်းသားနဲ့တူတယ်ဆိုပဲ။

'အထီးကျန်တယ်ကွာ၊ ငါ မိန်းမလိုချင်တာလည်း တစ်ပိုင်းကိုသေနေပြီကွ. . မင်းပြော. . ငါ ဘာလုပ်ရမလဲ'





'မိန်းမတွေ ပေါပါတယ် အစ်ကိုရာ၊ ဖူးစာမဆုံသေးလို့ပါ၊ လာမှာပေါ့'

'အေး. . လာနိုး ရနိုးနဲ့ စောင့်လာတာ. . လေးဆယ်ကျော်လာပြီ၊ ငါ ဆက်ပြီး မစောင့်နိုင်တော့ဘူးကွ ဒီတော့ ငါဆုံးဖြတ်ချက်ချလိုက်ပြီ. . မိန်းမ မယူတော့ဘူး'

'ဘုန်းကြီးဝတ်တော့မလို့လား'

'မဝတ်ပါဘူး ဝတ်စရာလား. . ငါ ယောကျ်ားယူမလားလို့'

'ဗျာ'

'ဟုတ်တယ်လေ၊ လူဖြစ်လာရင် မိန်းမနဲ့ယောကျ်ား နှစ်မျိုးပဲရှိတဲ့ဥစ္စာ. . မိန်းမ မရရင် ယောကျ်ားယူမှာပေါ့ကွ'

'ဗုဒ္ဓေါ'

ဗိုလ်တောက်သည် ယောကျ်ား ယူမည်ဟု ကြွေးကြော်နေသောလူကြီးအနားမှာ တစ်စက္ကန့်တောင် မနေရဲတော့ပါ။

တပ်ခေါက်ပြီး သူ့အခန်းထဲသို့ပြေးပါတော့သည်။ လူအမျိုးမျိုး၊ စိတ်အထွေထွေနဲ့ပါလား. . .

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုကြီးကတော်သည် ဆိုဖာခုံပေါ်မှာ ခြေချိတ်ထိုင်ပြီး ဒီနေ့လာသော သတင်းစာတစ်စောင်ကို စိတ်ဝင်စားစွာ ဖတ်နေချိန်တွင် တယ်လီဖုန်းသံ မြည်လာသည်။

သတင်းစာကို ဘေးချပြီး ဖုန်းကို ကိုင်တော့

'ဟယ်လို. . .'

တစ်ဖက်မှ မိန်းကလေးအသံ ထွက်လာသည်။

'ဟိုလေ. . ဦးဘိုကြီးတို့အိမ်ကလား မသိဘူး'

စိတ်ထဲမှာ သို့လော သို့လော ဖြစ်သွားပြီး

'ဟုတ်ပါတယ်'

'အပတီ'

ဆောင်းညပြာသိစာလေ



အမယ်. . အပတီ တဲ့။

ဘာများ ရယ်စရာ ပါနေလို့လဲ မသိဘူး။

အသံနားထောင်တာနဲ့တင် ဆတ်ကော့လတ်ကော့ဆိုတာ သိသာနေပါပြီ။

အဲဒီမိန်းမက

'အခု ပြောနေတာ ဘယ်သူလဲ'

အဲဒါ ငါမေးရမှာဟဲ့ဟု ပြောလိုက်ချင်သည်။ ဒါပေမယ့် ပညာရှိအမျက်ဆိုတာ အပြင်ထွက်လို့ မကောင်းဘူးတဲ့။

'ဩော်. . တို့က သူ့ညီမလေးပါ'

'ညီမလေးလား. . ဒါဆို အတော်ပဲ၊ သူ့ကို ဖြစ်အောင်ပြောပေးနော်. . သူလာနေကျ KTVက ဆက်တာ လို့. . သိလား ညီမလေး၊ သူ မလာတာ ကြာလို့ သတိရနေပြီလို့. . အပတီ'

ကောင်မ. . . ကြည့်စမ်း. . အမယ်လေး. . အမယ်လေး ကိုဘိုကြီးတို့ ပါဆယ်ဆွဲထားတာတွေ ပေါ်လာပြီ။

'ညီမလေး ဆက်ဆက်ပြောပေးနော်'

'ဟုတ်ကဲ့. . ပြောပေးမှာပါ. . စိတ်ချ၊ နောက်တစ်ခါ သတိရရင်လည်း ဆက်လိုက်ပါနော်'

ဆက်မှ အကျိုးအကြောင်းသိရမှာ မဟုတ်လား။

ဆောင်းညပြာသိစာလေ

www.burmeseclassic.com

www.burmeseclassic.com



ဘိုကြီးတို့ လည်တာလောက်တော့ ဘိုကြီးမိန်းမက အမီ လိုက်နိုင်ရမှာပေါ့။

'ဟယ်. . ညီမလေးက သိပ်သဘောကောင်းတာပဲ'

ကိုယ့်သမီးအရွယ်လောက်ရှိမည့်သူက ညီမလေး ခေါ်တာကို ခံနေရသည်။ ညီမလေး ဖြစ်မှတော့ ညီမstyle အပြည့်ဖမ်းရမှာပေါ့။

'ဒါနဲ့ မမကိုမေးရဦးမယ်. . ကိုဘိုကြီးက တော်တော်ကဲသလားဟင်'

'ညီမလေးကလည်း ဘာတွေ လျှောက်မေးနေမှန်း မသိဘူး၊ ကဲလား မကဲလား သိချင်ရင် ကိုယ့်အစ်ကို ကိုယ်မေးကြည့်ပါလား၊ လာသမျှအထဲမှာ သူ အကဲဆုံး. . အဟိ. . ဒါပဲနော်'

ဟိုက ပြောပြီး ဖုန်းချသွားလျှင် ဘိုကြီးကတော်က ဒေါသတွေ မိုင်ကုန်ထွက်ပြီး ကျန်နေခဲ့သည်။

ဦးဘိုကြီးသည် ရေမိုးချိုးပြီး ရှုံးစမိုးဖြင့် ဆင်းလာသည်။

'ကိုဘိုကြီး. . ဒါက ဘယ်လဲ'

'ငါ့သူငယ်ချင်းတစ်ယောက် နေမကောင်းလို့ သွားကြည့်မလို့'

'ဒါဆို အတော်ပဲ၊ ကျွန်မလည်း ပျင်းနေတာနဲ့ လိုက်ခဲ့မယ်





နော်'

'ဟာ. . မင်း လိုက်လို့ မဖြစ်ပါဘူး. . ဒီကောင်က အရက်ကြောင် ကြောင်နေတာကွ၊ တောပြော တောင်ပြောတွေ လျှောက်ပြောနေမှ. . အိမ်မှာပဲ အေးအေးဆေးဆေးနေခဲ့စမ်းပါကွာ'

'ဘာလဲ. . ရှင် ကျွန်မကို မခေါ်ရဲဘူး မဟုတ်လား၊ ရှင့်ကို ခုနက ကောင်မလေးတစ်ယောက် ဖုန်းဆက်တယ် သိလား၊ နာမည်လေးကလည်း အဆန်းပဲ 'အိရှုပါကို'တဲ့. . လူလည်း တော်တော်လှမယ် ထင်တယ်. . သူ့ကို ရှင်သိတယ် မဟုတ်လား'

အမှန်တော့ ဦးဘိုကြီးကို သူ့မိန်းမ်က အစ်အောက်မေးနေခြင်း ဖြစ်သည်။

မျက်နှာအမူအရာလည်း မပျက်သလို အပြုံးလည်း မပျက်ဘဲ စိမ်ပြေနပြေ ကလိနေခြင်းသာ။

အဲဒီမှာ နည်းနည်းမှ အစမ်းသပ်မခံတဲ့ ဦးဘိုကြီးတို့က

'အိရှုပါကို. . ဟုတ်လား. . ပေါက်ပေါက်ရှာရှာ. . သူ့ကို ငါ မသိပါဘူးဟာ'

'ဒါဖြင့် ရှင်သိတာ ဘယ်သူတွေတုန်း'

'အဟီး. . အများကြီးပဲကွ. . မေခိုင်တို့၊ သူဇာတို့၊ လဲ့လဲ့တို့ စိမ်းမြ. . . '



www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . တော်တော်များတာပဲ. . ဒါနဲ့ ကိုဘိုကြီး (    ) KTVရော ရောက်ပြီးပလား. . အသစ်ဖွင့်ထားတာလေ'

တစ်ချက်ပစ် တစ်ချက်ထိသော ဦးဘိုကြီးက

'အေး. . သွားပြီးပြီ'

ဟု ပြန်ဖြေသည်။

သူကတော့ သူ့မိန်းမ သဘောရိုးနဲ့မေးနေတယ် ထင်ပြီး အမှန်အကန်တွေချည်း ဖြေနေမိသည်။

'ကိုဘိုကြီးရေ. . ရှင် ခဏလေးစောင့် သိလား. . သုံးမိနစ်ပဲ စောင့်'

သူ့မိန်းမ အပေါ်ထပ်တက်သွားတာ ကြည့်ပြီး စိတ်ထဲမှာ ထူးဆန်းနေသည်။

ခဏနေတော့

'ရော့. . ရှင့်အထုပ်တွေ. . သွားတော့. . ရှင် အိမ်ပေါ်က ဆင်းတော့. . ရှင့်ကို ကျွန်မ ပါမစ်ပေးလိုက်ပြီ၊ ဒီနေ့ဒီအချိန်ကစပြီး ကြိုက်တဲ့ ကာရာအိုကေ သွားနေလို့ရပြီ၊ အသက်ကြီးပြီး အလကား ဟာကြီး. . သားကို ကျွန်မ မထိန်းရဘဲ ရှင့်ပဲ ထိန်းနေရတာ စိတ်ကုန်လာပြီ၊ ဘယ့်နှယ်တော်. . ရှင် အပြင်မှာ ဘယ်လောက်ရှုပ်ရှုပ် တစ်သျှူးလို သုံးပြီးလွှင့်ပစ်ခဲ့ပါလား၊ ကျွန်မ မသိချင်ယောင်ဆောင်





ပြီး နေလာခဲ့တာ ကြာပါပြီ. . အခုတော့ ရှင့်ဟာတွေက အိမ်အထိ အမျှင်တန်းပြီး ပါလာပြီလေ. . ကျွန်မ သည်းမခံနိုင်တော့ဘူး. . သွားတော့. . ရှင် ဆင်းတော့'

ဦးဘိုကြီးတို့ ပျာချေပြီ။

'မလုပ်ပါနဲ့ မိန်းမရာ၊ ငါ့ဘေးနားမှာ မင်းမရှိရင် ငါ မအိပ်တတ်ဘူးကွ. . . အနှစ် နှစ်ဆယ်ကျော် အတူတူနေခဲ့တာတွေ မေ့ပြီလား မိန်းမရာ. . မင်းကိုယ်က သနပ်ခါးနံ့လေးရှူပြီးမှ ငါအိပ်တတ်တာလေ'

Heartထိစေမယ့် ဒိုင်တွေနဲ့ ပစ်လည်း သူ့မိန်းမက မီးနီပြနေပါပြီ။

'တော်. . စမ်း. . ပလီပလာနဲ့ အီကြာလာလုပ်မနေနဲ့'

'အဲဒါ. . စိုင်းစိုင်းခမ်းလှိုင်သီချင်းလေကွာ. . ငါနဲ့ ဘာဆိုင်လို့လဲ'

'ရှင်. . သွားမလား မသွားဘူးလား ပြော. . '

ဟိုက သံရိုက်တဲ့ တူကြီးကို ကောက်ကိုင်ပြီး မေးနေပြီမို့

'အေး. . အေး. . ငါ သွားပြီနော်. . မိန်းမရေ မင်း. . မင်း ငါမရှိမှ ငါ့တန်ဖိုးကို သိမယ်နော်. . ငါကတော့ မင်းကိုအချစ်မပျက်ပါဘူး. . တစ်နေ့မှလည်း မေ့မှာမဟုတ်ဘူး. . ရွှတ်'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုကြီးက အပြတ်ကြွေပြပြီး နှပ်ချေးတွေပါ ထွက်ကုန်သည်။

သူ့အဝတ်အိတ်ကလေးကို ကိုင်ပြီး ငိုရင်း ထွက်သွားတဲ့ ယောက်ျားကို ဒေါ်မိမိတင်က မျက်ရည်တွေ ဝဲကာ စိတ်မကောင်းခြင်းကြီးစွာဖြင့် ကြည့်ပြီး ကျန်နေရစ်ခဲ့သည်။

'အမယ်လေး ကိုဘိုကြီးရယ်. . ကျွန်မက ရှင့်ကို အတည်နှင်ပါ့မလား. . စိတ်ဆိုးလို့ ပြောမိတာ ရှင်က တကယ်ဆင်းသွားပြီပေါ့. . ဟီး. . ရှင်မရှိတော့ ကျွန်မကို ဘယ်သူက ညီမလေးအစ်ကိုက အကဲဆုံးဆိုပြီး ဖုန်းဆက်မှာလဲလို့. . ဟီး. .'

ငိုနေလိုက်တာ၊ သူ့ခမျာ အဲဒီနေ့က ထမင်းတောင် မစားနိုင်ရှာပါ။

ဗိုလ်တောက်လည်း သူ့အမေထမင်းမစားလို့ဆိုပြီး ကုလားဆိုင်က မိုးပျံခေါက်ဆွဲ သွားဝယ်လာပြီး ကျွေးတာ. . မစားဘူး ထင်လို့လေ. . အမေ မစားမှ သူဆွဲလို့ရမှာကိုး။

အထင်နဲ့အမြင်ပါ စင်အောင် လွဲချေပြီ။

သူ့အမေက စားလိုက်သမှ. .

'အမေ. . တော်ပြီလား'

'အေး. . ကောင်းလိုက်တာ သားရယ်. . ကြည့်စမ်း တစ်ပွဲ





လုံး ကုန်သွားတယ်'

'ဟုတ်ပ အမေရာ၊ အိမ်က အဋ္ဌလီမအတွက် အရိုးတောင် မကျန်ဘူး'

စိတ်လေတယ်. . တကယ်ပဲ. . အမေတို့ သူ့ယောက်ျားကို လွမ်းတာများ. . .

ပြောပြော. . ငိုငို. . . စားစားပဲ၊ အစားအသောက်တော့ တကယ့်ကို မပျက်ဘူးခင်ဗျ. .

ထမင်းသာ မစားတာ. . ခေါက်ဆွဲစားလိုက်၊ ပေါင်မုန့်စားလိုက်နဲ့ ဟန်ကို ကျလို့. . .

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

အဖေ အိမ်က ထွက်သွားတာ စုစုပေါင်း ငါးနာရီကြာပါသည်။

ည ဆယ်နာရီ ကျော်တော့ ကုပ်ချောင်း ကုပ်ချောင်းဖြင့် အမေ မသိအောင် အိမ်ပေါ်ပြန်တက်လာသည်။

'ငတောက် . . ငတောက်ရေ . . သားလေး'

ဦးဘိုကြီးက လေသံတိုးတိုးဖြင့် ခွန်းတောက်အခန်းတံခါးကို လာခေါက်ပြီး ခေါ်နေသည်။

မဖွင့်ပေးမှာစိုးလို့ တစ်ခါမှ မခေါ်ဖူးတဲ့ သားလေးတွေဘာတွေပါ ခေါ်လို့ . . .

သားဖြစ်သူကလည်း ကြားရဲ့သားနဲ့ မကြားချင်ယောင်





ဆောင်ပြီး ပေအိပ်နေသည်။

'သားလေးရေ . . ငတောက် . . အဖေ့ကို တံခါး ဖွင့်ပေးပါကွာ . . ငါ့သားကဲ သိပ်လိမ္မာတာ . . နော် . . '

ဦးဘိုကြီးက သားကို အသည်းအသန်ခေါ်နေချိန်တွင် သူ့နောက်မှာ သူ့မိန်းမရောက်နေတာ လုံးလုံး မသိလိုက်ပါ။

'ဟဲ့ . . သား . . ဒီမှာ နင့်အဖေ ခေါ်နေတယ် . . တံခါးဖွင့်ပေးလိုက်ဦး'

ကဲ . . အမေတို့ လုပ်ချလိုက်ပြန်ပြီ။

သူ့ယောက်ျား၊ ကျွန်တော့်အဖေ ပြန်လာတာ လက်ခံချင်ရဲ့သားနဲ့ ဝိနည်းလွတ်အောင် ရှောင်ထွက်သွားတာ။

နင့်အဖေကို တံခါးဖွင့်ပေးလိုက်ဦး ဆိုပဲ . . .

အဲဒီတော့ အဖေ ကဲတာ အဖေ့အပြစ်လား၊ အမေ့ကြောင့်လား . . .

အမေက ဒီလောက် အလိုလိုက်မှတော့ အဖေက နည်းနည်းပိုကဲမှာပေါ့။

အမယ် . .

ပြီးတော့ ပြောသေး . .

နင့်အဖေဖုန်းကို ငါမဆက်ရဲဘူး တဲ့ . . တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



'လူကြီးမင်းခေါ် ဆိုသောဖုန်းသည် ခုတင်အောက်ကို ပြုတ်ကျနေပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်' လို့ ပြန်ထူးမှာ ကြောက်လို့ဆိုပဲ။

တတ်လည်း တတ်နိုင်တဲ့ အဖေနှင့်အမေ . .

သေချာတာက တီတွေ၊ တွတ်တွေ ရတဲ့အထိ သူတို့လင်မယား ကွဲမှာ မဟုတ်ဘူးဆိုတာပဲ . .

▲ ▲ ▲



ရန်ဖြစ်ပြီး ပြန်ချစ်ရင် ပိုလို့တောင်မှ ချစ်ကြသလိုပဲ။

ဘယ်နေရာသွားသွား . . တတွဲတွဲ မခွဲဘဲ ကဲကဲ သဲသဲဖြစ်နေကြသည်။

ဗိုလ်တောက်အမေဆိုရင်လည်း ပြင်ထားလိုက်သမှ ရုပ်ရှင်မင်းသမီးတွေတောင် အရှုံးပေးရမည်။

ဝတ်လိုက်တဲ့အရောင်က နုဖတ်ပြီး ဆယ့်ခြောက်နှစ်အပျိုမလေးအလား ထင်ရသည်။

ဦးဘိုကြီးတို့ကလည်း အကဲပိုသည်။ ဟိုနားနဲ့ဒီနား လှမ်းတာတောင်မှ

'မိန်းမရေ . . ဖြည်းဖြည်းလျှောက်နော် . . တော်ကြာ ချော်



www.burmeseclassic.com

www.burmeseclassic.com



လဲပြီး စကာဒ်ပြနေဦးမယ်'

ဆိုပဲ။

အတိုင်းသား မြင်နေ၊ တွေ့နေ၊ ကြားနေရတော့ ဒေါ်အဥ္ဇလီတို့မျက်စိထဲမှာ ကြက်ခြေခတ်သွားသည်။

'အမယ်လေး. . အမယ်လေး. . ဖြစ်ပျက်နေလိုက်တာ . . ကိုယ့်အသက်ကိုယ့်အရွယ်မှအားမနာတော်. . ကြားလား ကိုမောင် သူများတွေများ မိန်းမကို ဟောသလို. . ဟောသလို ဖူးဖူးကို မှုတ်ထားတာ. . ရှင်တို့နဲ့များ ကွာပါ့'

ဦးရွှင်မောင်ကလည်း တွယ်ဖို့ချောင်းနေတာဆိုတော့ ချက်ချင်းကို ချေပကိုး ပြန်သွင်းတာ. .

'အေး. . မဟုတ်တာလုပ်တဲ့သူက ဒီလိုပဲ ဖားမှာပေါ့၊ ငါတို့က မှန်မှန်ကန်ကန်နေတဲ့လူဆိုတော့ ကြော်ငြာဝင်စရာမလိုပါဘူးကွာ. .'

'အေးလေ. . သူ့မိန်းမစကာဒ်က ကွဲပြီးသားဟာများ'

'ဘယ်မှာလဲ. . ငါလည်း မမြင်ပါလား'

ဦးရွှင်မောင် မေးတာက သဘောရိုးနဲ့ပါ။ ဒေါ်အဥ္ဇလီက အငေါ်တူးပြီး

'ဟိုမှာ. . အနောက်မှာ. . ကိုးရိုးယားစကာဒ်ဝတ်ထားလို့





လမ်းလျှောက်ကောင်းအောင် အကွဲက ပါပြီးသား. . တွေ့လား'

လို့ ပြတော့ ဦးရွှင်မောင်က

'ဟာ. . မင်းကလည်း ဘာတွေ လာပြနေတာလဲ'

ဆိုပဲ. . .

'အမယ်. . ခုနက ရှင်ပဲ မြင်ချင်လို့ မေးနေတာ မဟုတ်လား'

'ငါ ယောင်ပြီး ပြောမိတာကွ. . ဒါပဲ စကားအကျ လိုက်ကောက်နေ'

ဟိုဘက်က တစ်တွဲက အဆင်တွေပြေနေချိန်တွင် ဒီဘက်မှာတော့ ပြောရင်းဆိုရင်း စကားက အစပ်မတည့်တော့ချေ။

ကိုး ရောက်လာတော့ တစ်ခန်းရပ်ပြဇာတ်လို စိတ်တွေကောက်ပြီး ခဏရပ်သွားသည်။

ကိုးက အခြေအနေကြည့်ပြီး

'အမေ. . ဘာဖြစ်နေတာလဲ'

'သိချင်ရင် နင့်အဖေ နင်မေးကြည့်'

ကိုးက အဖေဘက်လှည့်ပြီး

'အဖေ. . ဘာဖြစ်ကြတာလဲ'

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်က မမေးလည်း ဖြစ်သည့်ကိစ္စကို သူမကိုယ်၌က လျှာရှည်ပြီး စပ်စုနေတာ။

ဦးရွှင်မောင်က တစ်ခါ

'နင့်အမေကို သွားမေးပါလား'

ဆိုပြီး လွှဲချပြန်သည်။

ဒေါ်အဥ္စလီက

'ကောင်းပြီ . . ကျွန်မကပဲ ပြောပြရတာပေါ့၊ ဒီလို သမီးရေ ဟိုဘက်က အသက်ကြီးပြီး ဆပ်စလူးထ,ချင်တဲ့ မိန်းမလေး . . သိတယ် မဟုတ်လား၊ သူဝတ်ထားတဲ့ စကဒ်က အကွဲပါတယ်လေ . . အဲဒီအကွဲကို နင့်အဖေက မြင်ချင်လို့တဲ့ . . သမီးပဲ စဉ်းစားကြည့်'

စကားလည်း ဆုံးရော ကိုးက

'ဟာ . . အဖေကလည်း မမိုက်လိုက်တာ . . ဘာလို့ over 40 ကြီးကို မြင်ချင်တာလဲ . . . အမေအပြောခံရတာနဲ့ တန်အောင် အခုခေတ် model ပုံလေးတွေ ကြည့်ပေါ့'

'ဟင် . . ခွေးစုတ်မ . . ကြည့်စမ်း၊ ငါက ငါ့ဘက် ပါမလား မှတ်တယ် . . ဒင်းက အဖေကို မြှောက်ထိုးပင့်ကော်နဲ့'

အမေက လိုက်ရိုက်နေပြီမို့ ခြံထဲမှာ ကိုးတစ်ယောက် ပတ်ပြီးပြေးနေရသည်။





ခွန်းတောက်ရေ . .

ရှင့်မိဘနှစ်ပါးနဲ့ ကျွန်မရဲ့မိဘတွေက သိပ်ပြီးချစ်ကြတာပဲ သိလား . . မျောက်မြင်ရင် ခဲနဲ့ထုချင်တယ် ဆိုလား . .

ဘာလို့များ ဒီလောက်တောင် ကြည့်လို့ရနေသလဲ မသိပါဘူး . .

ဒါနဲ့များတောင် ရှင်က ဇာတ်လမ်းလာစချင်သေးတယ်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်အဥ္စလီက သူမ ယူလာသော ဓာတ်ပုံတွေကို ဦးရွှင်မောင်ရှေ့မှာ တစ်ပုံချင်းချပြပြီး

'ဒီကောင်လေးကို ပြောတာ. . . ကျွန်မတော့ ကြိုက်သွားပြီ'

အရင်းမရှိ အဖျားမရှိ ပြောချလိုက်တော့ ဦးရွှင်မောင်က မျက်လုံးကြီးပြူးပြီး ကြည့်သည်။

'ဩော်. . ဒီလိုလေ. . သူတို့က ဆေးကုမ္ပဏီရှိတယ်တဲ့. . အဲဒီတော့ ရှင့်အလုပ်နဲ့ဆို အကိုက်ပေါ့'

'မင်းသဘောပဲ ဖွတ်လုပ်မနေနဲ့လေ. . ငါ့သမီးကြီးလည်း မေးကြည့်ပါဦး'





'အို. . သမီးက ကျွန်မပြီးရင် ပြီးပါတယ်. . ဘယ်လိုလဲ. . တွေ့ကြည့်မလား'

'သဘော. . သဘော. . မင်းသဘောပဲ'

'အမယ်လေး. . ရှင့်သမီးကို အပြီးပေးလိုက်တာမှ မဟုတ်တာ. . တွေ့ကြည့်ရုံနဲ့ ပဲ့ပါမသွားဘူး ဟွန်း. .'

တိုးအမရာအတွက် သတို့သားလောင်း ရွေးနေခြင်း ဖြစ်သည်။

ကိုယ့်သမီးအခြေအနေကို ကိုယ်သာ သိသည်။ ဆတ်ကော့လတ်ကော့ အငယ်မထက် အခုတစ်လော အကြီးမကို ပိုပြီး သတိထားနေရသည်။ သိပ်ပြီး မဟန်ပါ။

ငါ့သမီး တော်လှ တော်လှနဲ့ ယောက်မ မြင်းစီးပြီး ထွက်ချင်သည့်သဘောမှာ ရှိသည်။

ဆေးဆိုင်မှာများ ကောင်လေးတွေ မလာနဲ့. . လာတာနှင့် တိုးတို့က ဝင်ရောတော့သည်။

သူ့အဖေဆိုလည်း ပါးစပ်က ဟောင်းလောင်းပွင့်ပြီး သမီးကို ကြည့်နေရသည်။

တစ်နေ့. . . ခပ်ဖြောင့်ဖြောင့် ကောင်လေးတစ်ယောက် ဆေးလာဝယ်သည်။ Hair style က ခုခေတ် ကိုရီးယားမင်းသား



www.burmeseclassic.com

www.burmeseclassic.com



တွေ ညှပ်တဲ့ အရှည်ပုံစံလေးနှင့် ဝတ်ထားတဲ့ ဒီဇိုင်းကလည်း လန်းသည်။ '

တိုးက ဘာမဆိုင်ညာမဆိုင် ဝင်ပြီး အဆစ်ပေးတော့ သူ့အဖေ လန့်သွားတာ မဆန်းပါ။

Biogesic တစ်ကဒ်နှင့် vicks သကြားလုံး ဆယ်လုံး လောက်နှိုက်ပြီး ရက်ရက်ရောရောကို ပေးပစ်လိုက်တာ. .

ကောင်လေးခမျာလည်း အားနာနာနဲ့ လက်ဖဝါးကြီး ဖြန့်ပြီးတော့ကို ယူသွားတာ. .

ဦးရွှင်မောင်က ဒေါ်နဲ့မောနဲ့ သမီးကို မာန်တာပေါ့။ အဲဒီမှာ သူ့သမီးပြန်ပြောတဲ့စကားကြောင့် ပက်လက်လန်တော့တာပဲ။

'မိတိုး. . နင်က ဝေသန္တရာမလားဟင်. . ဘာသဘောနဲ့ ငွေဆေးတွေ အလကားပေးပစ်ရတာတုန်း'

'အဖေက ဘာသိလို့လဲ. . ခုနက ပေးလိုက်တာ promotion လုပ်တာလေ. . ဒါမှ အဖေ့ဆေးဆိုင်ရောင်းကောင်းမှာပေါ့. . ဟုတ်ဘူးလား'

'နေပါဦး. . နင့် promotion က စေတနာတွေ ရက်ရက်ရောရောပါနေသလိုပဲ၊ ဆေးကို promotion လုပ်ရင်းနဲ့ လူပါ ပါသွားဦးမယ်'

ဆောင်းညပြာသိစာပေ



'ပါသွားတော့လည်း ကောင်းတာပေါ့ အဖေရယ်. . အဖေတို့ ကျွေးရသက်သာတာပေါ့. . အဟီး. . '

'ကြည့်စမ်း. . ကြည့်စမ်း၊ ရုပ်ကိုက စပ်ဖြီးဖြီးနဲ့ မိတိုးနော် နင့်ကို ငါကြည့်နေတာ သိပ်ပုံမကျတော့ဘူး'

တစ်ချက် တစ်ချက် ထ,ထဖောက်တော့လည်း ခက်သား။ သူ့အမေနဲ့တိုင်ပင်ပြီး တစ်ခုခုတော့ လုပ်ပေးမှပါပဲ. .

သမီးတွေ မွေးထားမိတာ မီးပုံ ဖင်ခုနေရသလိုပါပဲလား။

▲ ▲ ▲

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဦးရွှင်မောင်နဲ့ လေဒီလီတို့က လူရှာ (အဲလေ. . . သမက်လောင်းရှာတဲ့နေရာမှာလည်း ကျွမ်းတာပါပဲ)

သမီးကြီးနဲ့ရည်ရွယ်ပြီး တွေ့ပေးဖို့ ရှာလာတာက လက်ရှိအောင်မြင်နေတဲ့ ဆေးကုမ္ပဏီတစ်ခုရဲ့MD ဖေယျာသက်လွင်. .

အဲဒီကောင်(သူ့ဟာသူ MD မကလို့ MFပဲ ဖြစ်ဖြစ် ကိုယ့်သမီးကို လာကြည့်မယ့်သူဆိုတော့ ဒီလိုပဲခေါ်မှာ)က ဒီနေ့ အိမ်လာမယ်ဆိုလို့ ဒေါ်လီလီတို့ အလုပ်တွေရှုပ်နေလိုက်တာ။

သမီးငယ်ရဲ့အကူအညီနဲ့ တစ်အိမ်လုံး ဖိတ်ဖိတ်လက်နေအောင် အစွမ်းကုန် ပြင်ဆင်ခဲ့နေသည်။

အကြီးမက ဝင်ကူမယ်လုပ်တော့ ဘာမှမလုပ်ခိုင်းဘဲ. .





'သွား. . သွား. . သမီး မလာနဲ့၊ ချွေးတွေ ထွက်ပြီး အလှပျက်ကုန်ဦးမယ်. . ဒီနေ့ ငါ့သမီး head to foot အကုန်လုံး လှနေရမယ်. . အချိန်ရှိခိုက် လုံ့လစိုက်ပြီး မှန်ရှေ့မှာပဲ အလှသွားပြင်နေပါဟယ်၊ သူ့မိဘတွေပါ ပါလာမှာနော်. . လူကြီးတွေ ရှေ့မှာ အနေအထိုင်ပိရိပြီး အပြောအဆိုယဉ်ကျေးပါစေ. . ကြားလား သမီး. .'

'ဒါဆို သမီး အလှသွားပြင်မယ်နော်. . သွားပြီ ကိုးရေ. . ငါ့ညီမလေး ပင်ပန်းနေပြီ ဟင်း. . ဟင်း. . ဟိုဆိုဖာကလေး ပြောင်အောင်သုတ်လိုက်ဦး. . သိလား'

ကိုးမှာသာ တိုးရဲ့ အပြောကြောင့် စိတ်ခုပြီး ကျန်နေခဲ့ရ၏။

'မေမေ့သမီးကို ကြည့်ပြောဦးနော်၊ ဘာလဲ လူကိုများ ခိုင်းသွားလိုက်တာ သူ့ကျွန်ကျနေတာပဲ၊ တကတဲ သူဌေးကတော်တောင် မဖြစ်သေးဘူး. . ဟိုက လာကြည့်တဲ့အဆင့်ပဲ ရှိသေးတယ်၊ ဘဝင်က မိုးပျံပူဖောင်းတက်စီးလို့'

'သမီးရယ် လာမှာပေါ့. . သူ့အလှည့် ပြီးရင် သမီးအလှည့်လေ. . ငါ့သမီးလေးကို ဒိတ်ဒိတ်ကျဲသူဌေးကြီးနဲ့စပ်ပေးမှာ သိလား၊ အေး. . ကြုံတုန်း သတိပေးထားရဦးမယ်. . ဟိုဘက်ခြံက မင်းသားအခွက်နဲ့ လူကြမ်းbody ရှိတဲ့ အကောင့်ကိုများ ယောင်ပြီး အဖက်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့၊ အဲဒီလို ဆွေသေးမျိုးသေးထဲကို ငါ့သမီးအဝင်မခံနိုင်ဘူး ကြားလား'

'ကြားတော့ ကြားတယ် မေမေ. . ဒါပေမယ့် အာမခံကြေးရမှ အာမခံနိုင်မယ်. . သိပ်မများပါဘူး. . အဟီး. . တစ်သိန်းလောက်'

ခန်းဆီးစတွေ အသစ် လဲပြီး တပ်နေသော ဒေါ်လီလီက ဒေါပွလာပြီး

'ခေတ်ကာလက ပြောင်းပြန်ဖြစ်ကုန်ပြီ. . မိဘစကား နားထောင်ဖို့အရေး မိဘက ပိုက်ဆံပြန်ပေးရဦးမယ် ဟုတ်လား. . မိကိုးနင်တော့ နာချင်ပြီထင်တယ်'

ထိုစဉ် ခြံထဲသို့ ကားတစ်စီး ဝင်လာပြီး မရှေးမနှောင်းမှာပင် ဦးရွှင်မောင်အသံကြီးက ဟိန်းပြီး ထွက်လာသည်။

'လီလီ. . ဟိုမှာ. . နင့်သမက် အလောင်းတော်ကြီး ကြွလာပြီ'

'နင့်အဖေက လုပ်ချလိုက်ပြန်ပြီ မိကိုးရေ၊ နင့်အစ်မ သွားခေါ်ခဲ့. . သွား. . .'

ဒေါ်လီလီတို့မှာ ပျာယာခတ်နေသည်။ အိမ်ရှေ့ ထွက်ပြီး ညှော်ကြိုလုပ်ရသလို နောက်ပိုင်းကိစ္စတွေအတွက် စိတ်က မအေးပါ။





'လာ. . သား ဇေယျာ၊ ကြော်. . . မမခင်တို့လည်း ပါတာကိုး'

မေမေခင် ဆိုတဲ့ ဇေယျာသက်လွင်ရဲ့အမေက အင်မတန်မှ ကိန်းခန်းကြီးလေသည်။

ကတော် ဆယ်ပါးမှာ ဘယ်အပါးထဲ ပါသလဲ မသိပေမယ့် ကြားရတဲ့သတင်းက ပစိပစပ်များပြီး ဇီဇာကြောင်သတဲ့။

တစ်အိမ်လုံးမှာ သူ စားတဲ့ ထမင်းပန်းကန်ကို သီးသန့်ခွဲထားပြီး သောက်ရေခွက်၊ ဇွန်း၊ ဘာဆိုဘာမှ အများနဲ့ အရောမခံတဲ့ လူမျိုးပေါ့။

ကြားစကတော့ ဒေါ်လီလီစိတ်ထဲမှာ နည်းနည်း ချဉ်သွားသည်။

အဲဒီလိုအချိုးနဲ့ ဘယ်လိုလုပ်ပြီး အလှူအိမ်သွားမလဲ။

လီလီတို့ကတော့ ဘယ်သူကျွေးကျွေးလိုက်စားနေတဲ့ ပါးစပ်ပိုင်ရှင် မဟုတ်လား။

ကိန်းခန်းကြီးနေလို့ကတော့ ငတ်သွားမှာပေါ့၊

ဒီခေတ် ဒီအခါကြီးမှာ စေတနာရှင် သဒ္ဓါပေါက်လို့ ကျွေးရင် စားရမှာပဲ. .

ဇေယျာသက်လွင်ရဲ့အဖေ ဦးသက်လွင်ကကျ တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လိုက်ရင် brandတစ်ခုတည်း LACOST(မိကျောင်း) တံဆိပ်မှတဲ့. .

ခေါင်းပေါ်ကနေ မိကျောင်းဦးထုပ်ကို စပြီး ဆင်လိုက်တာ ခြေထောက်က ဖိနပ်အထိ. . .

အဲဒီမိသားစုထဲကို အိမ်က လင်တရူးမ(အခု လတ်တလော မှ ရောဂါ ထ,လာတာ) ကို ထည့်လိုက်ရင် ဘာတွေ ဆက်ဖြစ်သွားမ လဲ. . .

'မမခင်တို့ လာမယ်ဆိုလို့. . လီက ဟင်းတွေကို ရှယ်ချက်ထားတာ. . မမခင်ကလေ ပြောလို့ပြောတာမဟုတ်ဘူး သိပ်ပြီး နုတာပဲ. . အဟုတ်၊ ဦးသက်လွင်နဲ့ တွဲလာရင် လင်မယားလို့ မထင်ရဘူး. . သားအဖကျနေတာပဲ၊ သားဇေယျာရဲ့ အစ်မလို့ ပြောရင်တောင် ရတယ်သိလား. . အဟင်း'

over50ကြီးကို ဂေါ်ပြားနှင့်ကလော်ပြီးပြောသည့် ဒေါ်လီလီ။

'ကိုမောင်. . ရှင် အဲဒီမှာ ဘာရပ်လုပ်နေတာလဲ၊ ကိုသက်လွင်ကို လာခေါ်လေ'

ယောက်ျားကိုလည်း ဆော်သြရသေး။

ဇေယျာသက်လွင်ကို အကြိုတော် ထောက်ဖို့ အကြီးမကို





လိုက်ရှာတော့ မယ်မင်းကြီးမကျေးဇူးရှင်သမီးက လှေခါး ာတာ. . ဟင်း လာနေသည်။

ဒေါ်လီလီ့မျက်လုံးတွေက သမီးဖြစ်သူ၏ပေါင်တံဖြူဖြူ ်ယောက် ကိုလည်း မြင်ရော နားထင်မှာ သွေးတက်ဆောင့်တော့တာပဲ။ ပြန်

တိုးအမရာတစ်ယောက် အပျော်တွေလွှန်ပြီး ထဘီမေ့ကျ ခဲ့ပြီ ထင်သည်။

ဘုရား. . ဘုရား. .

ယောက္ခမလောင်းတွေရှေ့မှာ အရှက်တော် ကွဲ ကွဲရချည့်ရဲ့. . .။

ဒေါ်လီလီသည် သမီးအနားကို အပြေးလေးရောက်သွားပြီး. .

'မိတိုး. . ညည်း ဘာဖြစ်လို့ ထဘီ မပါဘဲ ဆင်းလာရတာလဲ. . သွား. . အပေါ်ပြန်တက်ပြီး သွားဝတ်'

'ဟာ. . မေမေကလဲ အထဲမှာ ဘောင်းဘီတို ပါတယ် မယုံရင် ပေါ့ဒီမှာကြည့်. .'

မိတိုးက အရှက်မရှိ သူဝတ်ထားတဲ့ အကျီအရှည်ကို လှန်ပြီး ပြနေသေးသည်။

ဒေါ်လီလီက မိတိုးလက်ကို အတင်း ပြန်ဆွဲချရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက္ကန္တြေရရလေး နေစမ်း. . ငါ နားရင်းအုပ်မိလိမ့်မယ် သိ တံဆိပ်မှ အရှက်မရှိ ဘာတွေလုပ်ပြနေမှန်းကို မသိဘူး'

'မေမေတော့ Expireဖြစ်သွားပြီ၊ ဒါ. . အခု ခေတ်စားနေ ေ Fashion. . ဟွန်း. . ဘာမှမသိဘဲနဲ့. . လာ. . ဟိုမှာ ဧည့်သည် ေတွစောင့်နေရတာ အားနာစရာကြီး'

မျက်စိထဲမှာ ကန့်လန့်ကြီး။

အင်္ကျီထဲမှာ ဘောင်းဘီတို ပါတာ သူပြလို့သာ တွေ့ရတာ ရုတ်တရက် ကြည့်လိုက်ရင်တော့ အင်္ကျီတစ်ထည်တည်းသာ တွေ့ ရသည်။

နောက်ပြီး မိတိုးက ဒီလို တစ်ခါမှ မဝတ်ဖူးတော့. . ပို့ဆိုး နေသည်။

'ဟိုင်း. . အန်တီ How are you ?'

ဘိုဆန်ဆန်နှုတ်ဆက်ပြီး တိုးအမရာက ယောက္ခမလောင်း တွေရှေ့က ဆိုဖာမှာ ခြေချိတ်ပြီး ဝင်ထိုင်လိုက်သည်။ ထိုနောက်

'အန်တီကလေ ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင်နဲ့ တူတယ် သိလား'

ဒေါ်မေမေခင်ရဲ့မျက်နှာကြီးက ချက်ချင်း ဝင်းပသွား သည်။





'ဒါပေမယ့် ဟိုဆယ်ပေအကွာက ကြည့်မှ တူတာ. . ဟင်း ဟင်း'

ပြန်ရိုက်ချလိုက်သော မိတိုးစကားကြောင့် ဟိုတစ်ယောက် မျက်နှာ ချက်ချင်းပျက်သွားတာတွေ့ပြီး ဒေါ်အဥ္စလီက. . .

'ဟယ် ဒီကောင်မလေးဟာလေ လူကြီးကို လိုက်စ,နေပြန် ပြီ. . သူက ဒီလိုပဲ မမခင်၊ သူ့စိတ်ထဲမှာ အရမ်းချစ်လာပြီဆိုရင်. . ဒီလို လိုက် လိုက် စ,တော့တာ'

'ဟုတ်. . အန်တီ့ကို သမီးအမေလိုချစ်လို့ စ,တာ အဟိ. . '

ဦးရွှင်မောင်မှာ မပြောသာလို့သာ ငြိမ်နေရပေမယ့် ကိုယ့် သမီးလုပ်ပုံကို အသည်းတယားယားရှိလှသည်။

တစ်ချက် တစ်ချက် မိတိုးက ဇေယျာသက်လွင်ကို မျက်လုံး ကျွတ်ထွက်မတတ် ကြည့်ရသေးသည်။

မိန်းကလေးမို့ မရဲတရဲ ရှက်ကိုးရှက်ကန်းကြည့်တာမဟုတ် ပေါ်တင်ကြီးကို ရှိုးနေတော့တာ။

မိန်းကလေး စ,ကြည့်တော့ ယောကျ်ားကလေးက အနေရ ခက်နေတာပေါ့။

ဇေယျာသက်လွင်ခမျာ ခေါင်းမဖော်ရဲတော့။

တိုးမျက်နှာကို စေ့စေ့မကြည့်ဘဲ မျက်လုံးတွေကို အောက်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ထားရင်း တိုးပေါင်တံတွေကို ကြည့်နေသလိုဖြစ်သွားသည်။

အားလုံးကို မြင်နေရသော ဦးရွှင်မောင်မှာ မျက်နှာ ပူလို့ တစ်ဖက်သို့ လှည့်ထားရသည်။

ဒေါ်မေမေခင်က တိုးကို စမ်းသပ်မေးခွန်း မေးသည်။

'သမီးက လှတော့. . ရည်းစားတွေ. . ဘာတွေ. . မရှိဘူးလား'

ဒေါ်လီလီက အလောတကြီး ဝင်ဖြေသည်။

'မရှိပါဘူး မမခင်ရယ်. . . သူတို့က အိမ်တွင်းပုန်းတွေလေ'

'ဟုတ်လား. . သမီး အသက်ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ့်သုံးနှစ်'

ဒေါ်လီလီကပဲ ဖြေပြန်သည်။ ဒေါ်မေမေခင်က ခနဲ့တဲ့တဲ့ ရယ်ရင်း

'အို. . ဒီအရွယ်အထိ ရည်းစား မရှိဘူးလား. . . ဟင်း. . ဟင်း. .'

တိုးစိတ်ကို ဆွပေးနေသလား အောက်မေ့ရသည်။

ကြည့်စမ်း. .

အဘွားကြီး. . .





ရယ်သံကိုက လှောင်ရယ် ရယ်နေတော့ ရှုတ်တရက် မခံချင်စိတ်ကို ထိန်းချုပ်လို့မရသော တိုးက

'ရည်းစားရှိတာပေါ့ အန်တီရယ်. . တိုးမှာလေ dateလုပ်တဲ့သူတွေ များလွန်းလို့ ရက်တောင်ပြည့်နေပြီ အဟင်း. . .'

ဒေါ်မေမေခင်မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

ဒေါ်လီလီ့မျက်လုံးတွေက ဇီးကွက်လို ပြူးကျယ်လာသည်။

'တိုး. . နင် လူကြီးကို နောက်စရာလား။ ဩော်. . ထမင်းပွဲပြင်ပြီးပြီ ထင်တယ်. . လာ. . လာ. . မမခင်တို့ ထမင်း စားကြရအောင်'

ဒေါ်လီလီက အာရုံပြောင်းဖို့ ကြိုးစားရင်း ထမင်း စားဖို့ အတင်းခေါ်တယ်ဆိုရင်ပဲ ဒေါ်မေမေခင်က

'မမခင် မစားတော့ဘူး ညီမရယ်. . ကိုယ့်အိမ် မဟုတ်ရင် မစားတတ်လို့ပါ'

ဟု ပြောင်ပြောတော့သည်။ ဦးသက်လွင်က အားနာတတ်သူပီပီ

'အားနာစရာ ခင်ရာ. . . သူများက အပင်ပန်းခံပြီး ချက်ပြုတ်ထားတဲ့ဉစ္စာ'

'ဒါဆိုလည်း ရှင်တို့သားအဖ သွားစားလေ'



www.burmeseclassic.com

www.burmeseclassic.com



ပါမစ် ရတာနဲ့ ဦးသက်လွင်က ဒေါ်လီလီနောက်မှ လိုက်သွားသည်။

တိုးက ထိုင်ရာမှမထသေးသော ဖေယျာသက်လွင်၏လက်ကို အတင်းဆွဲခေါ်သွားသည်။

ဒါကိုမြင်တော့ ဒေါ်မေမေခင်တို့ တိုးကို မေတ္တာတွေ ပို့နေမိသည်။

'ဟွန်း. . ဘယ်လိုမိန်းကလေးမှန်းကို မသိဘူး. . တစ်စက်မှက္ကန္ဒြေမရဘူး၊ ထိုင်လိုက်ရင် အောက်စက လွတ်သေး၊ အိမ်ရောက်ရင် ငါ့သားနဲ့ငါ့လင်တော့ မျက်ခမ်းစွံတော့မှာပဲ'

ဒေါ်လီလီက အအေးခွက်ကလေး ကိုင်ပြီး ပြန်ရောက်လာသည်။

'မမခင်. . အအေးလေးတော့ သောက်လိုက်ပါဦး'

'မသောက်တတ်ပါဘူး ညီမရယ်၊ သူများအိမ်က ခွက်တွေ ပန်းကန်တွေနဲ့ မစားတတ်မသောက်တတ်လို့ပါ. . မမခင်တို့အမေ ပေးခဲ့တဲ့စည်းကမ်းတွေပေါ့. . သူများထိုင်ပြီး ထသွားရင် ချက်ချင်း ဝင်မထိုင်ရဘူးတဲ့. . လိပ်ခေါင်းရှိရင် ကူးတတ်တယ်ဆိုလို့ ဒ်မျိုးတွေ ကအစပေါ့နော်. . '

အမယ်လေး. .





ကြီးကျယ်လိုက်တဲ့ ခင်ကြီးကျယ်နဲ့မှ လာတွေ့ရလေခြင်း။

ရေရှည်မှာ ခမည်းခမက် တော်ရရင် အသက်ရှုကျပ်ပြီး သေမလား မသိပါဘူး။

မသောက်လည်း နေပေါ့ ဘာမှမတိုက်ရရင် ပိုတောင်သက်သာသေး။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

ဦးသက်လွင်သည် ထမင်းပန်းကန်ထဲကို သုံးကြိမ်မြောက် ထပ်ထည့်လာသော ထမင်းကို ဟင့်အင်းမရှိ အထည့်ခံရင်း မြိန်ရည်ယှက်ရည် စားနေတာ ကြည့်ပြီး ဦးရွှင်မောင်တစ်ယောက် အံ့သြနေသည်။

ဘယ်အချိန်ကတည်းက ဝေါ်ကြီးကျနေသလဲ မသိပါဘူး။

ထမင်းပန်းကန်ထဲမှ အသည်းတစ်ဖတ်ကို အသာ ဖဲ့ယူနေစဉ် စားပွဲအောက်မှသူ့ခြေထောက်ကို နွေးအိနေသောခြေဖဝါးလေးဖြင့် တို့ထိ ကစားနေတာ သတိထားမိသည်။ မတော်တဆ ထိမိတာမျိုးလည်း မဟုတ်ပါ။

တစ်ကြိမ်လည်း မဟုတ် နှစ်ကြိမ်လည်း မဟုတ်တော့ စိတ်





လှုပ်ရှားလာသည်။ ဘယ်သူဆိုတာကိုလည်း သူသိနေသည်။

သူ့ရှေ့မှာထိုင်ပြီး အပြုံးချိုချိုလေးဖြင့် ထမင်းစားနေသော တိုး။

ဘုရား . . ဘုရား . .

ဘာတွေဖြစ်ကုန်ပြီလဲ။

ဒီလိုကြီးတော့ မကျီစယ်ပါနဲ့လား ကလေးရယ်။

ဒီအချိန်မှာမင်းစိတ်ဝင်စားရမှာကဖေယျာသက်လွင်လေ. . ဦးသက်လွင်မှ မဟုတ်တာ။

ဘယ့်နှယ် ဒီခြေထောက်ပဲ လာ လာ ခလုတ်တိုက်နေတာ။ တိုက်ပါများရင် ယိုင်လာတတ်တယ်နော်။

ခုတ်ရာတခြား ရှရာတခြား ဖြစ်ကုန်ပြီထင်ရဲ့၊

ရင်တွေတောင် ခုန်လာပြီ။

ထမင်းဆက်စားလို့မရတော့ ဦးသက်လွင်က တိုးကို လှမ်းကြည့်လိုက်သည်။

အောက်က ခြေထောက်ကလည်း အတို့ မပျက်သေး။ ဒီကောင်မလေးဟာ ဖွတ်။

တိုးက ဦးသက်လွင် လှမ်းကြည့်နေသဖြင့် ရယ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား. . အဖေဖြစ်သူက မျက်နှာချိုသလောက် သူ့သားမျက်နှာက တည်တင်းနေလိုက်တာ။

ဒီလောက် ခြေထောက်ကိုတို့နေတာတောင်မှ အသိအမှတ်ပြုဖော်မရတာ. . ဟွန်း. . နေပေါ့။

အမှန်က တိုးသည် ဖေယျာသက်လွင်ကို ချဉ်းကပ်ဖို့ ကြိုးစားခြင်းသာ ဖြစ်သည်။

ကံကြမ္မာက လွဲချော်ပြီး သားခြေထောက်နှင့်မထိဘဲ အဖေခြေထောက်ကိုမှ တည့်တည့်တိုးမိသွားသည်။

တို့တာတခြား ထိတာတခြားဖြစ်နေတာ တိုး သိပုံမရပါ။

ဒေါ်လီလီက သမီးကို သူ့ယောက္ခမလောင်း ဦးသက်လွင်မကြာခဏ အကဲခတ်နေတာ သတိထားမိသည်။

ဒီလိုဆို မဆိုးဘူး. . အလားအလာကောင်းသားပဲ။

ထမင်းစားပြီးတော့ ဦးသက်လွင်က

'ကျွန်တော် အပေါ့သွားလို့ရမလား ခင်ဗျ'

ဟု မေးတော့ ဒေါ်လီလီက တိုးအား

'သမီး အန်ကယ်ကို လိုက်ပို့ပေးလိုက်ပါကွယ်'

'ဟုတ်. . မေမေ. . လာပါ အန်ကယ်'

တိုးနောက်က ကပ်လိုက်လာစဉ် တိုးဆီမှ ပျံ့လွင့်ပြီးကျန်ခဲ့





သော ရေမွှေးရနံ့ကြောင့် ဦးသက်လွင်၏ စိတ်တွေ ပိုလှုပ်ရှားလာသည်။

ကောင်မလေး တော်တော်လှတာပဲ။

မတတ်နိုင်ဘူးလေ. . သူ့ဘက်က စ,လာတာပဲ

'သမီး'

ရင်ထဲကလာသည့် အသံဖြင့် လှိုက်လှိုက်လှဲလှဲ ခေါ်တော့ တိုးခမျာ ကြက်သီးပုင် ထ,သွားသည်။

အိမ်သာကို ထိုးပြပြီး

'ဟိုမှာပါ အန်ကယ်'

'သမီးက ဦးကို သဘောကျလား'

အို. . ကိုယ့်ယောက္ခမလောင်းပဲ သဘောမကျဘူးပြောရင် ရိုင်းရာကျမှာပေါ့. .

သားလိုချင် အဖေကို ဖားရမှာ ထုံးစံပဲ။

'ကျ. . ကျပါတယ် အန်ကယ်'

ဒီကောင်မလေးက ပွင့်ပွင့်လင်းလင်းရှိသားပဲ။

ဦးသက်လွင်က တစ်ဆင့်တက်လာပြီး

'ဒါဆို ဦးတို့ အပြင်မှာတွေ့ကြမလားဟင်. . သမီး'

ဟင်. . သူ့စကားက ဘာကြီးလဲ။



www.burmeseclassic.com

www.burmeseclassic.com



တိုးက အူလည်လည်ဖြစ်နေပေမယ့် အိမ်သာထဲရောက်နေသော ကိုးက ကောင်းစွာ သဘောပေါက်သွားသည်။

ထိုကြောင့်ပင် အိမ်သာတံခါးကို ဆောင့်ဖွင့်ပြီး ထွက်လာကာ

'ဒီမယ်. . ကျွန်မ မသိလို့မေးပါရစေဦး အခု ကျွန်မ အစ်မကို လာကြည့်တာ ရှင့်သားအတွက်လား ရှင့်အတွက်လား ဟင်'

ဒေါသခိုးတွေ ဝေနေသော ကိုး၏မျက်လုံးတွေကို မြင်ပြီး ဦးသက်လွင် တစ်ချိုးတည်း လစ်ပြေးတော့သည်။

ကိုးက အငယ်ပီပီ အစ်မဖြစ်သူကို ဆုံးမနေရသည်။

'တွေ့လား မမ. . နင် အနေအထိုင် မတတ်တော့ သူများ အထင်အမြင်သေးစရာဖြစ်ကုန်ပြီ. . အလကား. . ဘာမှအထင်ကြီးစရာမရှိဘူး. . လူကြီးဖြစ်ပြီး နှာကြီးနေတဲ့လူ'

တိုးမှာတော့ ညီမစကားကို နားမထောင်အားပါ။

'သွားပြီ. . နင် လုပ်တာနဲ့ နောက်တစ်ခါ သူတို့ လာရဲမှာ မဟုတ်တော့ဘူး'

'အေး. . လာရဲရင်လည်း ငါက နှင်ထုတ်မှာ'

ရည်ရွယ်တာတွေ ဘာတစ်ခုမှမဖြစ်လာသော တိုးက ခြေဆောင့်ပြီး ထွက်သွားသည်။





ဒေါ်မေမေခင်တို့က သူ့သား ဇေယျာသက်လွင်ကို တိုးတိုးတိတ်တိတ် သတိပေးနေသည်။

'သား မေမေတို့ နောက်ဆုတ်လိုက်ရအောင်၊ အဲဒီကောင်မလေးက မလွယ်ဘူး. . ရည်းစား ဒီလောက်များနေမှတော့ တော်ပါပြီ သားရယ်. . မင်းလည်း လူငယ်ပဲ စဉ်းစားပေါ့. . အမြည်းခံရတာများရင် ဘယ်ကောင်းတော့မလဲ'

ဦးသက်လွင်တစ်ယောက် လောလောလောလောဖြင့်ထွက်လာပြီး

'လာ. . လာ. . ပြန်ကြမယ်'

လို့ ပြောကာ သူအရင် ကားပေါ်တက်သွားသည်။

ဒေါ်မေမေခင်လည်း အံ့ဩပြီး

'ဟင်. . ရုတ်တရက်ကြီး'

'မမခင်တို့ ပြန်ကြတော့မလို့လား'

ဒေါ်အဥ္ဇလီက ထွက်မေးတော့ ဇေယျာသက်လွင်က မျက်နှာပူပြီး သူ့အဖေနောက်လိုက်သွားသည်။

တစ်ယောက်တည်း ကျန်ခဲ့သော ဒေါ်မေမေခင်လည်း ပါးစပ်ထဲ တွေ့ရာတွေ လျှောက်ပြောမိသည်။

'အားတော့နာပါတယ် လီလီရယ်၊ သားကောင်မလေး အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာရောက်နေလို့ အဲဒါသွားရှင်းပေးရဦးမယ် သူတို့နှစ်ယောက်ပြန်ပြီး ပြေလည်အောင်လို့လေ'

ငုတ်တုတ်ကြီး မေ့ပြီး ကျန်နေခဲ့သူက ဒေါ်လီလီပင် ဖြစ်သည်။

'ကြည့်စမ်း ကြည့်စမ်း သူ့သားကောင်မလေးနဲ့ ပြန်ပြီးပြေလည်အောင် လုပ်ပေးဦးမယ်. . ဒါဖြင့် ငါ့သမီးကို ဘာလာလုပ်ကြတာလဲ၊ အားအားယားယား ဘာအရှုးလာထတာလဲ ငါပြောလိုက်ရမကောင်းဘူး ရှိတော့မယ်'

ဒေါသတွေ စွတ်ထွက်နေသော အမေဖြစ်သူကို ကိုးက

'သွားမှပဲ နို့မို့ဆို မမလည်း သူ့သားနဲ့မပါဘဲ သူ့အဖေနဲ့ ပါသွားမှာ'

ဆိုပြီး ဖြစ်ကြောင်းကုန်စင်အောင် ရှင်းပြသောအခါ ဒေါ်လီလီတို့ ဆွေ့ဆွေ့ခုန်တော့သည်။

'သေချင်းဆိုးကြီး၊ ငါ့အိမ် လာပြီး ဒီလိုပဲ အတင့်ရဲသလားဟင်. . တွေ့မယ်. . နောက်တစ်ခါ လမ်းမှာတွေ့လို့ကတော့ ပါးရှစ်စိတ်ကွဲအောင် ရိုက်ပစ်လိုက်မှာ'

▲ ▲ ▲



ဦးရွှင်မောင် ဈေးမှပြန်အလာ ဦးဘိုကြီးအိမ်ရှေ့အရောက်မှာ လူတစ်ယောက် ရေမော်တာအနားမှာ အလုပ်ရှုပ်နေတာ တွေ့လိုက်ရသည်။

ဧကန္တ ရေမော်တာ လာပြင်တဲ့သူပဲ ဖြစ်မှာ။

အိမ်က ရေမော်တာပျက်နေတာ သွားပြင်ဖို့ သတိရသွားပြီး. .

'ဟေ့လူ. . ခင်ဗျား ဘာလုပ်နေတာလဲ'

'ဟို. . ဟိုဟာ မော်တာ လာပြင်တာ'

ဦးရွှင်မောင်မှာ အဆင်သင့်လိုက်လေခြင်းဆိုပြီး သဘောတော် ကျသွားကာ



www.burmeseclassic.com

www.burmeseclassic.com



'ဟာ ဒါဆို အတော်ပဲ ငါ့အိမ်ကမော်တာပျက်နေလို့ ကြည့်ပေးစမ်းပါကွာ'

'ကျွန်တော် အချိန်မရလို့ ဒီမော်တာတောင်ဆိုင်ယူသွားပြီး ပြင်ရမှာ. . ဦး ပြင်ချင်ရင်တော့'

'အေး. . အေး. . ငါ သဘောပေါက်ပြီ ဒါဆို ခဏစောင့်ဦး ငါ ယူလာခဲ့ပေးမယ်'

'ကျေးဇူးပဲ ဦးလေးရေ'

ဦးရွှင်မောင်က သူ့အိမ်မှာ ဈေးခြင်းချပြီးတာနဲ့ မော်တာကို ဖြုတ်ပြီး ပြန်ထွက်လာသည်။

ကြုံတောင့်ကြုံခဲ မဟုတ်လား. . နို့မို့ဆို ဆိုင်ကို ယူသွားရဦးမှာ. .

'ဟော့. . ငါ့မော်တာကို သူတို့အိမ်ကဟာထက် ပိုကောင်းအောင် ပြင်ပေးရမယ် ကြားလား'

'ဟာ. . စိတ်ချ ဆရာ. . ကျွန်တော့်ကို ကျေးဇူးပြုပြီး ဆိုက်ကားခေါ်ပေးလို့ရမလား ခင်ဗျ'

လူပုံက လူရည်သန့်ကလေး။

စကားပြောတာကအစ ရည်ရည်မွန်မွန် ရှိတာ ဆိုတော့ ဘယ်သူက မကူဘဲ နေနိုင်မှာလဲ။

*ဆောင်းညပြာသိစာလေ*



'အေး. . ခေါ်ပေးမယ် အခု သွားခေါ်လာပေးမယ်၊ ဒီအိမ်က ဘိုကြီးသာဆို မင်းကို ဘယ်ခေါ်ပေးမလဲကွ၊ ငါ့မှာတော့ မြန်မာစိတ်ဓာတ်အပြည့်ပဲ'

'ကြည့်တာနဲ့တင် သိပါတယ် ဦးရာ. . ဟဲ ဟဲ ဦးငယ်ငယ်ကဆို ရုပ်ရှင်မင်းသား ကျော်ရဲအောင်နဲ့ တော်တော်တူမှာပဲ'

နှစ်ချက်လောက် ပင့်မြှောက်လိုက်တော့. . ရွှင်မောင်တို့ ကော့ကော့ ကော့ကော့ဖြင့် ထွက်သွားပြီး ဆိုက်ကား သွားခေါ်လာခဲ့သည်။

'ကဲ. . ငါ့မော်တာ ဘယ်နေ့ ရမှာလဲ'

'ဒီမှာ ကျွန်တော့်ဆိုင်ကတ်ပြား၊ ပြီးတာနဲ့ချက်ချင်း လာပို့ပေးမယ်. . ဦးလေး ဖုန်းဆက်ချင်လည်း ဆက်လို့ရတာပေါ့. . အခု လောလောဆယ်တော့ ဆိုက်ကားခ မပါလာလို့ ခဏစိုက်ပေးပါဦး၊ နောက်မှ မော်တာပြင်ခထဲက ပြန်နှုတ်လိုက်နော် ဦး'

သူ့ခမျာ လောလောနဲ့ ထွက်လာတာ ဆိုတော့ မေ့ကျန်ခဲ့တာနေမှာ။ သနားပါတယ်လေ. .

'ရော့. . ရော့. . တစ်ထောင်ယူသွား'

'ဦးလေးကြီး ကျန်းမာချမ်းသာပါစေဗျာ. . Miss Universe ကောင်မလေးတွေ တစ်ဖက်ငါးရာမက ရံနိုင်ပါစေ'

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှင်မောင်မှာ ပြုံးပြုံးပျာပျာဖြင့် ဘေးဘီဝဲယာကို ကြည့်ရသေးသည်။ လီလိုလက်သံ ဘယ်လောက်ပြောင်သလဲဆိုတာ တစ်နေ့ကတင် ခံခဲ့ရပြီးပြီ။

'မောင်မင်းကြီးသား အာပြဲကြီးနဲ့ စွတ်အော်မနေနဲ့. . ကြွမှာဖြင့် မြန်မြန်ကြွ'

ကျေးဇူးတွေ ဆယ်ခါ တင်ရင်း လက်တပြပြဖြင့် ပါသွားသော ရေစက်ပြင်သမားကို ကြည့်ပြီး ဦးရွှင်မောင် အကျေနပ်ကြီး ကျေနပ်နေသည်။

Morning Exercise အဖြစ် လမ်းလျှောက်ပြီး ပြန်လာသော ဦးဘိုကြီးက ဦးရွှင်မောင်ကို တွေ့တာနှင့် တစ်ဝက်အံ့ဩပြီး တစ်ဝက်က မကျေမနပ်ဖြစ်သွားသည်။

'ဟေ့လူ. . စောစောစီးစီး ခင်ဗျား ကျုပ်ခြံရှေ့မှာ ဘာလာလုပ်တာလဲဗျ'

ဦးရွှင်မောင်လည်း တကယ်တိုသွားပါသည်။

'အေး. . ဘာလုပ်သလဲ သိချင်ရင် ပိုက်ဆံငါးရာ အရင်ပေး. . .'

'ဘာကိစ္စပေးရမှာလဲ ရာရာစစ'

'ဟ. . မင်းပဲ ရေစက် ပြင်ဖို့ လူခေါ်ထားတာလေ. . မင်း





တို့ မော်တာရော၊ ငါ့မော်တာပါ ဆိုက်ကားနဲ့တင်သွားတာ. . အဲဒီ ပိုက်ဆံ ငါ စိုက်ထားရလို့ အခု ပြန်ပေး'

'မဟုတ်သေးဘူးကွ. . . ငါ့သားနဲ့ ငါ့မိန်းမ အစောကြီးကတည်းက ဘုရားသွားကြတာ. . မော်တာပြင်ဖို့ ဘယ်သူမှ မခေါ်ပါဘူး၊ ဒါ. . ဒါဆို ငါ့မော်တာ ပါသွားပြီပေါ့. . ရွှင်မောင်. . မင်း. . မင်းက သူခိုးမှန်း မသိဘူးလားကွ'

'အံမာ. . သူခိုးက ငါ့ကို visiting-cardပေးမလားကွ. . ဒီမှာ သူ့ဆိုင်ကတ်ပြား. . မင်း မကျေနပ်ရင် ဖုန်းဆက်ပြီး မေးလို့ရသေးတယ်. . ငါ့အမြင်ပြောရရင် ဒီကောင့်ပုံက သူခိုးရုပ် မပေါက်ပါဘူး'

'အေး. . နင့်ပထွေးသူခိုးက ခေါင်းမှာ ချိုပေါက်နေတာမှ မဟုတ်တာ'

'မင်း စကားပြောတာ မမိုက်ရိုင်းနဲ့ ဘိုကြီး'

'ရိုင်းတော့ ဘာဖြစ်လဲ. . အခု ငါ့မော်တာ ပါသွားပြီ၊ မင်း သိသိကြီးနဲ့ ထည့်ပေးလိုက်တာ မဟုတ်လား'

'သိမှတော့ ငါ့မော်တာပါ ပါမလားကွ'

တစ်ယောက်တစ်ခွန်း အချေအတင်ပြောရင်း ခွန်းကြီးခွန်းငယ်တွေ ဖြစ်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလည်း သူ့ရှိတာ အကုန်ထုတ်၊ ကိုယ်လည်း ကိုယ့်ရှိတာ အကုန်ထုတ်ပြီး ဆဲဆိုနေကြသည်။

ကိုးက သူ့အဖေကို ထွက်ဆွဲခေါ်သည်။

'ပတ်ဝန်းကျင်ကို အားနာစရာ အဖေရယ်၊ တော်ပါတော့ ဟိုဦးလေးကြီး. . ရှင်လည်း တော်တော့၊ ရှိတာတွေ အကုန် ထုတ်ထုတ်ပြီး ကြွားမနေနဲ့၊ မရှက်ဘူးလား'

ဦးဘိုကြီး ရှက်သွားသည်။ ရှက်ရှက်ဖြင့်

'တော်တော် တရားတယ်. . နင့်အဖေက အရင် စဆဲတာလေ. .'

ကိုးကလည်း တရားမျှတစွာပင် ပြန်ပြောသည်။

'သူ့မှာ ပါးစပ်ပါလို့ ဆဲနေတာပဲ. . ဘာဖြစ်လဲ. . သူ ဆဲလည်း ဦးလေး ငြိမ်ခံနေလိုက်ရင် ပြီးတာပဲ ဥစ္စာ'

'အွန်း. .'

ဦးဘိုကြီး ပြောမည့်စကားတွေ ပါးစပ်ထဲမှာ ဆို့သွားသည်။ ဦးရွှင်မောင်က လက်မ,ထောင်ပြီး

'ဒါမှ ငါ့သမီးကွ'

ဟု ကြွေးကြော်သည်။

ဗိုလ်တောက်တို့သားအမိ ပြန်ရောက်လာသောအခါ ဦးဘို





ကြီးက သူ့မိန်းမကို အတိုင်အတောထူလေသည်။ ဗိုလ်တောက်အမေက ထဘီစွန်တောင်ဆွဲပြီး

'နင်တို့သားအဖက ဒါ. . ဘာသဘောလဲ. . ငါ မရှိဘူးဆိုပြီး ငါ့ယောက်ျားကို လာကလိ. . အဲလေ. . အနိုင်ကျင့်တာလား. . ပြောစမ်း'

ပွဲက ပိုပြီး ဆူလာသည်။

ဗိုလ်တောက်က ကိုးမျက်နှာလေးကို ကြည့် ကြည့်ပြီး သနားလာသည်။

အားလည်း နာလာလေသည်။

'တော်ပါတော့ အမေရာ. . ပါတာက ပါသွားပြီပဲ. . ပြန်ဝယ်လိုက်ပေါ့. . . ဒါနဲ့ ဦးလေးဆီက ကတ်လေး ခဏလောက်. . ကျွန်တော် အဲဒီနေရာ ဖုန်းဆက်ပြီး မေးပေးမယ်လေ'

ဦးရွှင်မောင်က ဆောင့်ကြီးအောင့်ကြီးဖြင့် လှမ်းပေးသည်။

ဗိုလ်တောက်က ဖုန်းသွားဆက်ပြီး ခဏအကြာတွင် ပြန်ထွက်လာသည်။

'အင်ကြီး ပေးသွားတာဗျ. . အဲဒီလူ အဲဒီနေရာမှာ မရှိဘူး၊ သူတို့ မသိဘူးတဲ့'

'ဟား. . ဟား. . ဟား. . ဟား'



www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုကြီးက လှောင်ရယ် ရယ်သည်။

'ငါ မပြောဘူးလား. . သူခိုးကို မော်တာဖြုတ်ပေးပြီး ဆိုက်ကားပါ ငှားပေးတဲ့အကောင်'

အလှောင်ခံရတာကို အသည်း နာပေမယ့် မှန်နေတော့လည်း ပါးစပ်ပိတ်ပြီး နေရတာပေါ့။

ဗိုလ်တောက်က ကိုး၏မျက်နှာကို တကြည့်ကြည့် လုပ်နေသည်။ ကိုယ့်ချစ်သူမျက်နှာကလေးကို တစ်ချက်မှ မညိုစေချင်ပါ။

ကိုးမျက်နှာက နည်းနည်းမဟုတ်။ များများကြီး တင်းနေပြီမို့. . .

'ကိုး. . ကိုယ့်အဖေ အမိုက်အမဲလေးကို ဗွေမယူပါနဲ့နော် . . နော်လို့. . စိတ်တော့ မဆိုးပါနဲ့. . . ပိတ်ထိုးချင် ထိုးပစ်လိုက်ပါဗျာ. .'

ဒါပဲ. . . ပြောလိုက်ရင်. . စစ်မြေပြင်မှာ မှန်ချိုလျက်ဆားလာရောင်းနေတဲ့ရုပ်နဲ့ ကိုးက မျက်စောင်းကို ဗိုလ်တောက်ဆီ ဒိုင်းကနဲ ဆောင့်ပြီး ထိုးပစ်လိုက်သည်။

'အဖေ လာ. . သွားမယ်. . စေတနာက လူတိုင်းနဲ့ မတန်ဘူးဆိုတာ အဖေ သိပြီ မဟုတ်လား. . အားအားယားယား သူများကိစ္စ ဝင် ဝင်မပါနဲ့'





ကိုးက အနိုင်နဲ့ပိုင်းပြီး ထွက်သွားသောအခါ ဦးဘိုကြီးက

'မှတ်သားလောက်ပါပေတယ်. . ကျေးဇူးရှင်ရယ်. . . ငါ့မော်တာ သူခိုးလက် ဖြုတ်ပေးတဲ့ စေတနာလေ. . . လျော်ပေး. . အစား ပြန်လျော်ပေး'

မော်တာကိစ္စ စကားများပြီးကတည်းက သူတို့နှစ်အိမ် ပို့ပြီး အငြိုးကြီးသွားသည်။

နဂိုကမှ မေးထူးခေါ်ပြောမရှိတဲ့ကြားထဲ အခုဆို မေးထိုးပြီး ခေါ်ရင် ကောကြွမည့် အနေအထားမှာရှိသည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

## အားအားယားယား

ဟုတ်ကဲ့. . ဒီခေါင်းစဉ်အောက်မှာ လူတွေ ဘာလုပ်ကြသလဲဆိုတာ သိချင်လို့ ကျွန်တော် ဗိုလ်တောက်က ရပ်ကွက်ထဲမှာ တစ်ပတ် ပတ်ပြီး ထွက်စပ်စုမိတယ်ခင်ဗျ. .

ဟိုဘက်လမ်းက 'HairStyle' ဆိုတဲ့ အမျိုးသမီးသီးသန့်ဆံပင်ညှပ်ဆိုင်ရှေ့ကို ရောက်သွားတယ်ခင်ဗျ။

ဆိုင်ထဲမှာ မိန်းမတွေချည်းပဲ ငါးယောက်လောက်ရှိမယ်။ သူတို့ ဘာပြောနေသလဲဆိုတာ သိချင်မှာပဲနော်. . .





ခဏလေး. . . ကျွန်တော် ပြောပြမယ်ခင်ဗျ. . . ပြောချင်လွန်းလို့ကို ချောင်းပြီး နားထောင်ထားရတာ. .

ခပ်ဝဝ၊ အသားက black coloun ဆံပင်က ယိုးဒယားကလာတဲ့ အိုးတိုက်စတီးခွေနဲ့ မိန်းမကလေ. . အားအားယားယား ဆံပင်လာကောက် ဆိုပဲ. .

ဒီလောက် ကွေးကောက်နေတဲ့ ဆံပင်ကို ထပ်ပြီးကောက်ဦးမယ်ဆိုတော့. . . ပြောတော့ပါဘူး. . .

အဲဒီမိန်းမက ခြေသည်း၊ လက်သည်း ဂျီး လာချွတ်နေတဲ့ မိန်းမကို လှမ်းပြောနေတာ. .

'မျက်သွယ်. . နင့်ကို ငါ သတင်းထူးတစ်ခု ပြောရဦးမယ် သိလား. . ပွဲစားမ စုချစ်ကို သိတယ်ဟုတ်. . အေး. . သူ့ယောကျ်ားက အခြောက်ကြီးတဲ့. . . တော်'

'ဟယ်. . ဟုတ်ရဲ့လား၊ ဒီလောက် ဆင်စားမကုန်၊ ကျွဲစားမကုန်တဲ့ ခန္ဓာကိုယ်ကြီးကို'

'အမယ်လေး. . ဟုတ်လွန်းလို့ ဟိုဘက်ဘူတာတောင် လွန်သေး. . သူ့မိန်းမတောင် မသိဘူး. . ငါ အရင်သိလာတာ'

'ဘာလဲ. . ရှင်က. . သူ့မိန်းမနေရာ အစားဝင်ကြည့်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေလျှောက်ပြောနေတာလဲ၊ ငါတို့လမ်းထဲက ကောင်လေးကို စုချစ်ယောကျ်ားက ပုံ့ပိုးနေတာ၊ စပွန်ဆာပေးနေတာ သိပြီလား'

'ဖြစ်ရလေဟယ်. . အဲဒါ ဒီကောင်မ ဝင့်လည်တာ သိလား၊ သူက ပွဲခရရင် ပြီးရော. . နေရာတကာ ဂျင်းထည့်လွန်းလို့ သူပြန်ခံရတာနေမှာ'

တစ်နှစ်လုံး မချွတ်ထားတဲ့ ဂျီးတွေ စုပြုံပြီး ချွတ်နေပုံ ရသည်။

အဲဒီမှာ မျက်နှာပေါင်းလာတင်တဲ့ မိန်းမက

'ညည်းတို့သတင်းက စိတ်ဝင်စားစရာမကောင်းပါဘူးအေ၊ ငါပြောပြမယ်'

ပြောမယ်ဆိုလို့ သူ့ခမျာ မျက်နှာတစ်ပြင်လုံးမှာ ပါးစပ်တစ်ပေါက်ပဲ အားတာခင်ဗျ. . လွတ်နေတဲ့နေရာကို ပြောတာပါ. . ပေါင်းတင်ထားလို့ ကျန်တဲ့နေရာတွေက အလွတ်ကိုမရှိတာ. .

'အခုခေတ်စားနေတဲ့ အင်္ဂါနဲ့စပြီး စနေနံနဲ့ဆုံးတဲ့ နာမည်လေးလုံးနဲ့မော်ဒယ်မလေးကို ဟိုအဖွဲ့ထဲက အဆိုတော်ကောင်လေးက ကားတင်ပြေးသွားတယ်ဆိုပဲ'

'ဟာ. . ဒီကောင်မလေးနှယ်. . ကားပေါ်က ခုန်ချလိုက်





ပြီးရော. . '

'ဟဲ့. . ခုန်ချစရာလား. . သူက အဲဒီအဆိုတော်လေးကို ကျိတ်ပြီးကြိုက်နေတာ ကြာပြီတဲ့. . အဲဒါကြောင့် ပျော်ပြီး လိုက်သွားတာ. . ငါ့အထင်တော့ ကားနဲ့တင်ခေါ်သွားလို့ ကားတင်ပြေးတယ် ဖြစ်သွားတာ နေမှာ'

မှတ်လောက်စရာပင်။

နောက်တစ်ယောက်က ဝင်ပြီး

'အဲဒီကောင်လေးမို့ သူ့ကို သွားခိုးတယ်ဟယ်. . ငါကြားတာတော့ ဒီကောင်မလေးက ကိုယ်ဝန်ဖျက်ချတာ သုံးခါရှိပြီဆိုပဲ၊ ပထမတစ်ကြိမ်က ဟိုမင်းသားနဲ့တဲ့. . နောက်တစ်ကြိမ်က နာမည်နှစ်လုံးနဲ့ဒါရိုက်တာတဲ့. . '

'နင့်ဟာကလည်း ရှင်းရှင်းလင်းလင်းပြောပါဟဲ့. . နာမည်နှစ်လုံးနဲ့ဒါရိုက်တာတွေက အများကြီး'

'ဩော်. . ငါလည်း ရှင်းရှင်းလင်းလင်းမသိလို့ပေါ့'

'ဒါဆို ငါသိပြီ. . နောက်ဆုံးတစ်ကြိမ်က နင့်ယောကျ်ားနဲ့ပဲ ဖြစ်ရမယ်'

'ကောင်မ. . အဲဒါ နင်ပြောစရာလား အမယ်လေး. . လာပြောနေစရာကို မလိုဘူး၊ ငါ့ယောကျ်ားကလေ. . မိန်းမ မြင်ရင်ကို



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်တာ. . သူကြားကားဆွဲလာလို့ ငါလိုက်ရှင်းရတာကို မနည်းတော့ဘူး'

သူတို့ဟာသူတို့တော့ အဟုတ်ပဲခင်ဗျ။

ကျွန်တော့်မှာသာ အသိတစ်ခုတိုးသွားတာ. . .

အားအားယားယားရှိရင် အတင်းတွေ တုပ်ကြတာကိုး။

အဲဒီလမ်းထဲက ကျွန်တော် ထွက်လာတော့. . . မုန့်လက်ဆောင်းလုပ်တဲ့အိမ်က ဒေါ်ကျင်ပိုးနဲ့ တွေ့တယ်ခင်ဗျ။ ကျွန်တော် လှမ်းပြီး နှုတ်ဆက်တာပေါ့။

'အန်တီ. . ဘယ်က ပြန်လာတာလဲ'

'ဗိုလ်တောက်ပါလား. . ငါ ဒီနေ့ အားနေလို့ ရုပ်ရှင်သွားကြည့်တာ လေးကား ပြီးသွားတယ်'

'ဗျာ. . လေးကားတောင် ကြည့်ခဲ့တယ်'

အံ့ဩစရာဆိုတော့ အံ့ဩတာပေါ့ဗျာ။

'တစ်ရုံဝင်တစ်ရုံထွက် တစ်ကားပြီးတစ်ကား ကြည့်ခဲ့တာလေ. . နို့မို့ဆို ငါ ပျင်းနေတာကိုး'

ဩော်. . ဒါလည်း အားအားယားယားပါလား။

▲ ▲ ▲



ဗိုလ်တောက်သူငယ်ချင်း ထူးကိုကို သင်္ဘောပေါ်မှမြေကြီးပေါ်သို့ ခြေချ အဲလေ. . ပြန်ရောက်လာသဖြင့် သူငယ်ချင်းတစ်စု လက်ဖက်ရည်ဆိုင်ထိုင်ပြီး လေကန်နေကြသည်။

'မင်း ဘယ်တော့ သင်္ဘောပြန်တက်ရမလဲ ထူးကို'

'နေပါဦးကွာ၊ ငါ့နားထဲမှာ သင်္ဘောဆိုလို့ လောလောဆယ် သင်္ဘောသီးတောင် မကြားချင်ဘူး၊ တကယ်. . ကံကောင်းလို့ မင်းတို့သူငယ်ချင်းငါ့မျက်နှာကို ပြန်တွေ့ရတာမှတ်. . နို့မို့ဆို ငါ မသာဖြစ်နေလောက်ပြီ'

'ဘာဖြစ်လို့လဲ. . မုန်တိုင်းမိတာလား'

'ငါ night dutyကျနေတုန်း အရက်မူးပြီး လှေခါးပေါ်က



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျတာ တော်တော်အီသွားတယ်၊ ကြည့်ပါလား တစ်ကိုယ်လုံး စုတ်ပြတ်နေတာ'

သနားစရာ ထူးကိုရဲ့ မျက်ခွက်ကလေးကို ကြည့်ပြီး ဝိုင်းမေတ္တာပို့ကြသည်။

'နည်းတောင် နည်းသေး. . .duty ချိန်မှာ မူးနေရတယ်လို့. .'

'ပျင်းတာကိုးကွ. . တစ်နေ့လာလည်း ဒီပင်လယ်၊ ဒီမျက်နှာတွေပဲ တွေ့နေရတာ. . . ကောင်မလေး ချောချောလေးတွေဆို တော်သေးတယ်. . ခုဟာက သင်္ဘောပေါ်မှာ မျိုးတူတွေချည်းပဲ'

'သတိ'

သံရှည် ဆွဲပြီး သတိဟု အော်လိုက်သော ငထွန်း၏ အသံကြောင့် အားလုံးရဲ့အကြည့်တွေက ဆိုင်ထဲဝင်လာသော ကောင်မလေးတစ်ယောက်ဆီ ရောက်သွားသည်။

ကျားသားမိုးကြိုး. . .

မတော်ရသေးတဲ့ မရီးလောင်းကြီးပါလား. . .

လမ်းလျှောက်တာ ရှိုးရှိုးမလျှောက်ဘူး။ တစ်ကိုယ်လုံး ခါပြီး ရမ်းနေသည်။

ခုတစ်လော အဲဒီ 'တိုး'ဆိုတဲ့ တစ်ယောက်ဟာ ယောကျ်ား





ု အမြဲ လာတတ်တာ ဘာ

; ဝင်တိုက်ကုန်ပြီ'

၊နေတာက အကြောင်းမဟုတ်ပေ

ု ကို ဝင်တိုက်သွားသည်။

y. . မမြင်လို့ တိုက်မိသွားတာ'

ထူးကိုဂ၊ - ယ့်သူလား။ အတိုက်ခံရလို့ ကျေနပ်နေတာ. . .

ပြီးတော့ ဒီကောင်က တိုးအမရာကိုမြင်ပြီး. .

အင်း. . သူ့စိတ်ထဲရှိတာ သူပဲ သိမှာပေါ့လေ. .

'ရပါတယ်ဗျာ. . မတော်တဆပဲ ဥစ္စာ. . ဒါပေမယ့် အဲဒီ accidentကြောင့် ကျွန်တော် ရင်တော်တော်ခုန်သွားတယ် ခင်ဗျ'

ထူးကိုရဲ့ ဗိုင်ထဲမှာ တိုးအမရာ မျောပါသွားတာ သေချာသည်။

ဝင်တိုက်တဲ့သူကလည်း မမြင်လို့တဲ့. . .

အေးပေါ့လေ. .

သူ့ဟိုဒင်းမှာ မျက်လုံးမှမပါတာ. .

အတိုက်ခံရတဲ့ကောင်ကလည်း ကျေနပ်လို့. . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဇာတ်လမ်းက စ,ဖို့ ဖြစ်လာတာ. .

နောက်ပိုင်းကျတော့. . .

ထူးကိုကလည်း ကျွန်တော်တို့ရပ်ကွက်ထဲ ချောင်းပေါက် မတတ်လာ. .

ဟိုတစ်ယောက်ကလည်း အထာတွေ ပေး၊ ပဲတွေ ကျွေးနှင့် တစ်ပတ်အကြာမှာ ငြိကုန်ကြရော. .

ဒီလိုရပ်ကျော်ရွာကျော်ပြီး မတော်ရသေးတဲ့ မရီးလောင်း ကို အလစ်သုတ်ဖို့ ကြံနေတဲ့ ကောင်ကို ပါးပါးကလေး ပညာပြရ သေးတာပေါ့. . .

ဘယ့်နှယ်. . ကိုယ့်မှာတောင် အဆင် မချောသေးတာ. . သူတို့က OKနေပြီ ဆိုတော့ ဂျေဝင်စရာပေါ့. .

နောက်ပြီး ထူးကို ဆိုတဲ့ကောင်က စိတ်ချရတာ မဟုတ်။ အပေါင်းပေး အသစ်ယူစနစ်ကို သိပ်ကြိုက်တဲ့ကောင်။

သူ့ဟာကြီးကို စိတ်ကုန်လာရင် ကျွန်တော့်ပစ္စည်းကို မျက် စောင်းကျလာဦးမှာ. .

တစ်နေ့ တိုးနဲ့ကျွန်တော်တို့အုပ်စု လက်ဖက်ရည်ဆိုင်မှာ ဆုံတော့ အားလုံးက တိုင်ပင်ထားကြတဲ့အတိုင်း မှင်သေသေဖြင့်

'တိုး. . ဟိုကောင်ကြီး ရှေ့အပတ်ထဲကျရင် သင်္ဘော ပြန်





တက်ရတော့မယ် သိလား. . ဒါကြောင့် ဒီကောင် ကြွေနေတာ. . ထမင်းတောင် မစားနိုင်ဘူးတဲ့'

မဟုတ်က ဟုတ်ကတွေ လံကြုပ်လုပ်ပြီး ပြောသမျှ မိရွှေ တိုးက ယုံလေသည်။

ငထွန်းက ပိုတောင်ဆိုးသေး။

'နင် သူ့အတွက် ဘာမှ ဝယ်မပေးတော့ဘူးလား. . သူတို့ သင်္ဘောသားတွေက သနားစရာပါဟာ. . . ကိုယ်စားချင်တာ မစား ရတဲ့ဘဝနဲ့ ပင်လယ်ထဲမှာ အကျဉ်းချခံနေရတာ. . ငါ့ကို ထူးကိုက ပြောပြဖူးတယ်. . ဘဲကင်လေး စားချင်လိုက်တာမှ သေမတတ်ပဲ. . တဲ့. . ခမျာ ဘယ်နားသွားစားမလဲ. . . နင် စဉ်းစားကြည့်. . ဘယ် နေရာကြည့်ကြည့် ရေပဲရှိတဲ့ဥစ္စာ. . တစ်ခါတလေ ဝက်ခေါက်ကင် လေး စားချင်တယ် တဲ့. . သနားစရာပါကွာ သူ့အကြိုက်လေးတွေ မှတ်ထားနော် တိုး'

တိုးခမျာ ရစ်ဝဲလာတဲ့ မျက်ရည်တွေကို ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း မျက်တောင်ဖျားတွေတောင် စိုနေပြီ။

'အေးပါဟယ်. . ငါ သူကြိုက်တာတွေအားလုံး စာရင်းလုပ် ပြီး ဝယ်လာပေးပါ့မယ်'

ဗိုလ်တောက်က တစ်ခါဝင်ပြီး သတိပေးပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှင်မောင်မှာ ပြုံးပြုံးပျာပျာဖြင့် ဘေးဘီဝဲယာကို ကြည့်ရသေးသည်။ လီလီ့လက်သံ ဘယ်လောက်ပြောင်သလဲဆိုတာ တစ်နေ့ကတင် ခံခဲ့ရပြီးပြီ။

'မောင်မင်းကြီးသား အာပြဲကြီးနဲ့ စွတ်အော်မနေနဲ့. . ကြွမှာဖြင့် မြန်မြန်ကြွ'

ကျေးဇူးတွေ ဆယ်ခါ တင်ရင်း လက်တပြပြဖြင့် ပါသွားသော ရေစက်ပြင်သမားကို ကြည့်ပြီး ဦးရွှင်မောင် အကျေနပ်ကြီး ကျေနပ်နေသည်။

Morning Exercise အဖြစ် လမ်းလျှောက်ပြီး ပြန်လာသော ဦးဘိုကြီးက ဦးရွှင်မောင်ကို တွေ့တာနှင့် တစ်ဝက်အံ့သြပြီး တစ်ဝက်က မကျေမနပ်ဖြစ်သွားသည်။

'ဟေ့လူ. . စောစောစီးစီး ခင်ဗျား ကျုပ်ခြံရှေ့မှာ ဘာလာလုပ်တာလဲဗျ'

ဦးရွှင်မောင်လည်း တကယ်တိုသွားပါသည်။

'အေး. . ဘာလုပ်သလဲ သိချင်ရင် ပိုက်ဆံငါးရာ အရင်ပေး. . .'

'ဘာကိစ္စပေးရမှာလဲ ရာရာစစ'

'ဟ. . မင်းပဲ ရေစက် ပြင်ဖို့ လူခေါ်ထားတာလေ. . မင်း





'ကြွေသွားပြီကွ. . အဟီး. . လမ်းလျှောက်တဲ့styleပါ တစ်ခါတည်းပြောင်းသွားတာ ကြည့်ပါလား. . စားပွဲတောင်မှ ဝင်မတိုက်တော့ဘူး'

'ငါတို့ စ,တာ လွန်သွားပြီလား မသိဘူး၊ ဟိုကောင် ထူးကိုက မနက်ဖြန်ကျရင် ပေါက်ချလာမှ. . အဲဒါမှဒုက္ခ'

'ဒီအတောအတွင်း ဒီကောင် ဒီဘက် မလာအောင် ထိန်းထားရမယ်၊ ဒီကောင်သိလို့ မဖြစ်ဘူး'

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

သူတို့ ထင်သလိုပါပဲ. .

နောက်နေ့ကျတော့ ထူးကိုကိုတစ်ယောက် ဗိုလ်တောက်တို့အိမ်ကို အစောကြီးပေါက်ချလာသည်။

စောဆို. . မနက် ခုနစ်နာရီကြီး ရောက်လာတာ. . .

ဗိုလ်တောက်က အိပ်ရာထဲမှာ ကွေးလို့ ကောင်းတုန်း. . ဆောင်းဝင်ခါနီးပြီဆိုတော့ အေးအေးလေးလေ. . .

ဘသားချောက ဟိုဘက် ခြံထဲကို ချောင်းပြီးရင်း ချောင်းနေသည်။

'ဟေ့ကောင်. . မင်း ဘာတွေချောင်းနေတာလဲ၊ စိတ်ချ. . မင်းကောင်မလေးတော့ တွေ့ရမှာ မဟုတ်ဘူး၊ အဘိုးကြီးနဲ့ပဲ တိုး





မှာ မယုံရင်ကြည့်'

'သွားပြီကွာ. . ငါက အရုဏ်ဦးမှာ ဖူးနေမယ့် သူ့မျက်နှာလေးကို မြင်ယောင်ပြီး အစောကြီး ထ,လာရတာ. . ဟာ. . နေဦး . . ဗိုလ်တောက်. . ဟိုမှာ ထွက်လာတဲ့ အန်တီကြီးက တိုးတို့အမေလား'

'အင်း'

ဗိုလ်တောက်က ထူးကို မြင်သာထင်သာရှိအောင် ဦးရွှင်မောင် ဈေးခြင်းကိုင်ပြီး ထွက်လာတဲ့အချိန်မှာ ခေါ်ပြလိုက်သည်။

'ထူးကို လာဦး၊ တစ်နေ့ကျရင် ဒီနေရာကို မင်းဝင်ပြီးဒီလိုပဲ ဝယ်ရမယ် စိတ်ချ၊ သေချာကြည့်ထားနော်. . အဘိုးကြီးက ဈေးခြင်းကိုင်ရင် ညာလက်မှာပဲ ကိုင်တာ သူ့ဈေးခြင်းထဲမှာ အလေးတွေဆိုဒ်စုံပါတယ်'

'မင်းက ဒီလောက်တောင် လေ့လာထားမှတော့. . မင်းပဲ ဝယ်ပေါ့ကွ. . မင်းလည်း သူ့သမက်လောင်းပဲဥစ္စာ'

ထူးကိုက ဗိုလ်တောက်ကို ပြန်ပက်သည်။

'ဟား. . ဟား. . ဒါဆို အတွက်မလိုက်တမ်း တစ်နေ့ တစ်ယောက် ဝယ်ကြတာပေါ့'

တိုး ထွက်လာမယ့်အချိန်ကို ထူးကိုက စောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ပေးတွေ့လို့ မဖြစ်ရေးချ မဖြစ်ပါ။

ထူးကို သဘော်မတက်ဘဲ တက်တော့မည်ဟုလိမ်ထားတာတွေ ပေါ်ကုန်လိမ့်မည်။

'ထူးကို. . ငါ မေ့နေလို့ကွာ. . မနေ့တုန်းက တိုး ငါ့ကိုမှာထားတယ်ဟ. . သူ ဒီနေ့ မရှိဘူးတဲ့. . သူ့အမျိုးတွေဆီ သွားအိပ်တယ်. . အလှူရှိလို့လေ'

'ငါနဲ့တစ်နေ့တုန်းက တွေ့တော့ ဘာမှမပြောပါဘူး'

'ဟုတ်တယ်. . သူ့အမေတောင် ခုနက ပြင်ဆင်ပြီး ဆိုင်ကယ်စီးသွားတာ မတွေ့ဘူးလား. . သွားပြီး ဝါးတီးပေးမလို့ ထင်တယ်'

ထူးကိုက ဗိုလ်တောက်ပြောသမျှ ယုံပြီး ဘာမှ ပြန်မမေးတော့ပါ။

အဲဒီအချိန်မှာ ဗိုလ်တောက်ရဲ့ကိုးက အိမ်ရှေ့ကိုထွက်လာပါသည်။

အပေါ်အကျီက လက်ပြတ်မှာ ဇာအတွန့်လေးတွေ တပ်ထားပြီး ဂါဝန်တိုကလေးဖြင့် ဆံနွယ်ခွေခွေကလေးတွေကို နှစ်ဖက်ခွဲပြီး ချည်ထားသော ကိုးသည် နုနယ်ပျိုမြစ်စွာ လှချင်တိုင်း လှနေပါတော့သည်။

*ဆောင်းညပြာသိစာလေ*



'ဗိုလ်တောက်ရေ. . မင်းကောင်မလေး ထွက်လာပြီကွ. . တောက်. . မိုက်တယ်ကွာ. . သူ့အစ်မထက်တောင် လှသေးတယ်'

ကြည့်. . .

ဇာတိက ပြလာပြီ။

'သွားကွာ. . သွား. . မင်း ပြန်ရင် ကောင်းမယ်'

ဗိုလ်တောက်က အတင်း တွန်းလွှတ်ပြီး နှင်တော့ ထူးကိုတဟားဟားရယ်ပြီး ပြန်သွားသည်။

သူ့ကောင်မလေး 'တိုး' ထွက်မလာတာပဲ ကျေးဇူးတင်ရဦးမည်။

ဟိုကျေးဇူးရှင်ကလည်း အသာတကြည် ပြန်သွားလို့သာတော်တော့သည်။

အနေနီးပြီး လူချင်းဝေးနေရတဲ့ဘဝကို တကယ်စိတ်ကုန်သည်။

တစ်နေ့တခြား လှလှလာသော ကိုးကိုလည်း စိတ်က မချ။

ဘယ်တော့များမှ သူပိုင်ပစ္စည်းလို့ နံပါတ်ချိတ်နိုင်မှာလဲ၊ ချိတ်ခွင့်ရှိမှာလဲ. . .

ဖြစ်ချင်ရာဖြစ်. .

ဒီSundayကျရင် လှုပ်ရှားရမည်။

*ဆောင်းညပြာသိစာလေ*

www.burmeseclassic.com

www.burmeseclassic.com



စွန့်စားရတော့မည်။

တစ်ယောက်တည်း ငေါင်နေတာနဲ့ စာရင်. . နှစ်ယောက်အတူရှိနေတာ ပိုကောင်းမည် ထင်သည်။

အဲဒီနှစ်ယောက်ကနေ. . .

ဟဲ. . ဟဲ. . ဆက်မတွေးရဲတော့ဘူး. . .

▲ ▲ ▲



သူတို့ ဆုံနေကျ လက်ဖက်ရည်ဆိုင်လေးသို့ 'တိုးအမရာ' တစ်ယောက် အထုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးနှင့် ရောက်လာပါသည်။

ဗိုလ်တောက်တို့အုပ်စု တစ်ယောက်ကိုတစ်ယောက် မျက်စတွေ ပစ်နေကြသည်။

'ဟဲ့. . နင်တို့သူငယ်ချင်း မလာသေးဘူးလား. . သွားခါနီးလာခါနီး ငါ့ဆီတောင် အဆက်အသွယ်မလုပ်ဘူး. . လွန်လွန်းအားကြီးတယ်. . ငါ့မှာတော့ ရှိသမျှမုန့်ဖိုးတွေ အကုန်ထုတ်ပြီး သူစားဖို့ဝယ်လာပေးရတာ. . ဟွန်း. . ဒီနေ့ မလာလို့ကတော့ ဒါတွေအကုန်ပြန်သယ်သွားမယ်. . လုံးဝ မကျွေးဘူးမှတ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . အဲဒီလိုလုပ်လို့မဖြစ်ဘူးလေ. . သူက လ မှ တစ်ပိုင်းမဟုတ်ဘူး၊ တစ်ကိုယ်လုံးကို သေနေတာ'

'ဖွဟဲ့. . ဖွ. . မဦးမချွတ်၊ ငါ့ရည်းစား သွားခါနီး စရာလား. . သေချင်းသေ နင်တို့သာ သေမှာ'

'ဩော်. . စကားလည်း မှားလို့ မရပါလား. . . သူ အရမ်း အလုပ်ရှုပ်နေလို့ ဒီတစ်ရက်နှစ်ရက်တော့ လာဖြစ်မှာမဟုတ်ဘူး. . နင် ပေးချင် ငါတို့သွားပေးပေးမယ်လေ. . ဒီလိုဆို ဖြစ်တယ်မဟုတ်လား. . .'

'ဒီမှာ. . ဘဲကင်ရော ဝက်ခေါက်ကင်ပါ ပါတယ်. . ဟိုကို ယူသွားလို့ ရ,မရတော့ မသိဘူး၊ သူ့ကို အရမ်းစားစေချင်လို့ ဝယ် လာခဲ့တာ'

ငတ်ကြီးကျတဲ့အဖွဲ့ကလည်း အဆင်သင့်ဆိုတော့

'ဗိုလ်တောက်. . ငါတို့ ဒီည မင်းတို့ဆိုင်မှာ တွေ့မယ်နော်'

အမြည်းရပြီဆိုတော့ ဗိုလ်တောက်တို့ဘီယာဆိုင်ကို မျက်စိ ကျပြီပေါ့။

'တိုး. . အခုလို လာပေးတဲ့အတွက် ထူးကိုကိုယ်စား ကျွန် တော်တို့က ကျေးဇူးတင်ပါတယ်၊ သူ့ကို ဖြစ်အောင် ပေး,ပေးပါ့မယ်'

'ဒါဆို ငါသွားပြီနော်'





'ကောင်းပြီ. . ဘိုင့်ဘိုင်'

တိုး ထွက်သွားတာနှင့် သူပေးခဲ့သောအထုပ်ကို ဖြည်ကြည့် ကြသည်။

မုန့်တွေက နည်းနည်းနောနောမဟုတ်။

အားလုံးက စားကောင်းမည့်ပုံမို့ ဗိုလ်တောက်တို့တစ်အုပ် စုလုံး တစ်ယောက်တစ်မျိုးစီ ဝိုင်းလုပြီး စားကြသည်။

'သားသား စားချင်တာ စားလို့ရပြီ. . ချောင်းဆိုးတော့ဘူး၊ ရင်ကျပ်တော့ဘူး'

ထူးကိုသာ သိလျှင် ရင်နာလိုက်မည့်ဖြစ်ခြင်း။

ထူးကို ကို အရင်းပြုပြီး သူတို့အုပ်စုတွေ တစ်ဖြုန်စ်ဖြဲ မျို ဆို့နေကြသည်။

'သူများ မသဒ္ဒါတာ စားပြီး ချောင်းဆိုးဦးမယ်၊ ရင်ကျပ်ဦး မယ်. . ဆေးခန်းရောက်ဦးမယ်'

'စားမှာပဲ. . စားမှာပဲ. . ငါ့ကို လာမတားနဲ့၊ စားမှာပဲ. . . စားမှာပဲ. . ဗိုက်ပေါက်အောင် စားမယ်. . အဟီး. . စားလို့ကောင်း တယ်ကွ. . ရော့. . ဗိုလ်တောက် စားကြည့်စမ်း'

'အေး. . ကောင်းသားပဲ. . . ဟိုမမတော့ ရေ တော်တော် ခန်းသွားလောက်ပြီ. . ဟား. . ဟား'



www.burmeseclassic.com

www.burmeseclassic.com



ဦးဦးဖျားဖျား ပူဇော်ပသချင်တဲ့သူက မစားရဘဲ ရွှေကြီးညိုတွေ ဝိုင်းဆွဲတာများ သိရင် တိုးအမရာတစ်ယောက် ဆွေ့ဆွေ့ခုန်သွားလောက်သည်။

▲ ▲ ▲



'ကိုး'

'ဘာတုန်း'

'♥'

International သင်္ကေတလေးကို လုပ်ပြလိုက်တော့ ကိုးက ရေသည်မိန်းမလို လက်ဝါးထောင်ပြလေသည်။

ပါးရိုက်မယ့် သင်္ကေတတော့ မဟုတ်လောက်ပါဘူး။

ကိုယ်လိုရာ ကိုယ် ဆွဲတွေးလျှင် သူ အပျိုလို့ပြောတာပဲ ဖြစ်မည်။

လမ်းပေါ်မှာ လူကလည်း ရှင်းနေသည်။

အပျိုလေးကို အိုသွားအောင် ချစ်ဖို့က သူ့တာဝန်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဒီကိစ္စကို အပြတ်ဖြတ်မှ. .

ဗိုလ်တောက်က နှုတ်ခမ်းလေး စူပြီး လက်ဝါးထောင်ပြနေသော ကောင်မလေးကို သူ့ရင်ခွင်ကျယ်ကြီးထဲကို ဆွဲသွင်းပြီး ခပ်တင်းတင်းဖက်ထားလိုက်သည်။

ဆန့်ကျင်ဘက်အထိအတွေ့အောက်မှာ ကိုး ရုန်းမထွက်နိုင်ဖြစ်သွားသည်။

'မင်းကိုချစ်တယ်. . မင်းကို ချစ်တယ်. . သိပ်ချစ်တယ်. . ကိုး'

သူ အဆက်မပြတ်ပြောနေမိသည်။

သူ့ရင်ခွင်ထဲမှာ ကိုးလေး ငြိမ်သက်နေသည်။

ဗိုလ်တောက်က တစ်ဆင့် တက်ပြီး အကြင်နာပေးဖို့ အလုပ်. .

'ဟိုမှာ. . ဟိုမှာ. . အဖေ လာနေပြီ၊ ဘယ်လိုလုပ်မလဲ. . ဒုက္ခပါပဲ. . ကျိုင်တော့ အကြီးကြီးတက်ပြီ'

ကိုးရဲ့အထိတ်တလန့်အော်သံကြောင့် ဗိုလ်တောက်က ဆုံးဖြတ်ချက်တစ်ခုကို အပီချပစ်လိုက်သည်။

နစ်နာချင် နာပလေ့စေတော့. .

သူ့လူပျိုဘဝလေး အစွန်းထင်းခံပြီး ကိုးအမရာကို ခိုးပြေး





တော့မည်။

'ကိုး. . လာ. . ပြေးမယ်'

'မိကိုး. . ဘယ်ပြေးမလို့လဲ. . လာ. . ပြန်လာခဲ့စမ်း'

ဦးရွှင်မောင်က သူ့သမီးကို အသည်းအသန် ပြန်ခေါ်နေချိန်. .

ကိုးခမျာ ဗိုလ်တောက် ဆွဲခေါ်ရာနောက် ဘုမသိဘမသိဖြင့် ပါသွားသည်။

'ဗိုလ်တောက် ဆိုက်ကားပေါ် မြန်မြန်တက်၊ ဟိုမှာ အဘိုးကြီး လိုက်လာပြီကွ'

အရေးကြုံလျှင် ကူညီမည့်သူက အဆင်သင့်. .

ဗိုလ်တောက်တို့ ကုသိုလ်ကံများ မိန်းမကို ဆိုက်ကားပေါ်တင်ပြီး ခိုးလာခဲ့သည်။

ဦးရွှင်မောင်မှာတော့ မီးပုံပေါ် ဖင်ခုပြီး ထိုင်မိသလို ဆွေ့ဆွေ့ ဆွေ့ဆွေ့ခုန်ပြီး ကျန်နေခဲ့သည်။

'မိကိုး နင် ငါ့စကားနားမထောင်ရင် ဒီညလွန်တာနဲ့ ဒုက္ခရောက်ပြီသာ မှတ်. . ယရစ်နဲ့ပြို့မှ နောင်တ မရနဲ့. . နင် နောင်တ မရနဲ့. . ဟီး. . လီလီရေ. . နင့်သမီးတော့ ဆိုက်ဂျဲရိုးနဲ့ ပါသွားပြီကွ'



www.burmeseclassic.com

www.burmeseclassic.com



လိုက်စရာ ရှားလို့ . . ရန်သူ့သားနဲ့မှ လိုက်သွားရတယ်လို့ မိကိုးရာ . .

အလကားချေးပုံတွေ . . .

အချိန်တန် . . ယောကျ်ားနောက် လိုက်ဖို့ပဲ သိတဲ့ သမီးတွေ . . .

▲ ▲ ▲



'ရှင် . . ဒါ ဘာလုပ်တာလဲ'

ကိုးက သူမနံဘေးမှာ ခေါင်းအုံးချပြီး ဝင်အိပ်မလို့ပြင်နေသော ဗိုလ်တောက်ကို ရှက်ရှက်ဖြင့် အော်သည်။

'ကိုယ့်မိန်းမအနား ကိုယ်အိပ်တာပဲ . . မရဘူးလား၊ ဘယ်လိုဖြစ်နေတာလဲ ယောင်ဖော့(ကိုရီးယားလို မိန်းမကိုခေါ်ခြင်းဖြစ်သည်)ရာ . . '

'ရှင် ပြောလေ ကဲလေပါလား . . ရှင့်နောက်ကို လိုက်ချင်လို့ လိုက်ခဲ့တယ် မထင်နဲ့ . . ဖေဖေ့ကို ကြောက်လို့ လိုက်ခဲ့တာ . . ရှင်နဲ့ ကျွန်မ လက်မှတ်မထိုးမချင်း လင်မယားမဖြစ်သေးဘူး၊ အဲဒီတော့ ရှင့်ဘာသာ ဘုရားစင်ရှေ့မှာ သွားအိပ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို လက်မှတ်ထိုးပြီးရင် အနားမှာ ပေးအိပ်မှာလား. . လာ. . လာ. . ထ. . အခု လက်မှတ်သွားထိုးမယ်'

ဗိုလ်တောက်က ကိုးလက်ကို ဆွဲခေါ်ပြီး တရားရုံးသွားဖို့ ပြင်သည်။

'ရှင် ရူးနေလားဟင်. . ညကိုးနာရီ ဘယ်တရားရုံးက ဖွင့်မှာလဲ'

'ကိုးကလည်းကွာ. . မနက်ဖြန်ပဲ လက်မှတ်ထိုးတော့မယ် ဥစ္စာ. . ဒီတစ်ညလေးနဲ့ အိပ်မယ်နော်. . ကိုးအနားမှာပဲ အိပ်ပါရစေ'

'မရဘူးဆို မရဘူး. . သွား. . အရှေ့မှာပဲ သွားအိပ်'

ညှိနှိုင်းမရဖြစ်နေသောသူတို့နှစ်ယောက်ကြားသို့ အိမ်အမိုးမှ အိမ်မြှောင်တစ်ကောင် ပြုတ်ကျလာသည်။

'အား. . အမယ်လေး. . အိမ်. . အိမ်မြှောင်ကြီး'

ကိုးက ကြုံးအော်ပြီး လူခန္ဓာကိုယ်က ဗိုလ်တောက်ဆီသို့ Auto ရောက်သွားသည်။

ဗိုလ်တောက် တစ်ကိုယ်လုံးကို သိမ်းကျုံးပြီး ဖက်ထားလိုက်တာများ တော်တော်နှင့်ပြန်ခွာလို့မရတော့။

အခုနကတော့ သူမအနားကို ကပ်မှာစိုးလို့ အတင်းမောင်း





ထုတ်ပြီး ခုကျတော့လည်း သူ မဟုတ်သလိုလိုနဲ့ ဗိုလ်တောက်ကို အတင်းဖက်ထားလေသည်။

ချော်လဲရောထိုင်ပြီး ဗိုလ်တောက်က ကိုးကို သူမ ဖက်တာထက် ပိုပြီးဖက်ပစ်လိုက်သည်။

တစ်ခုခုတော့ တစ်ခုခုပါပဲ။ ကိုးအမရာက အကောင်သေးတဲ့ အိမ်မြှောင်ကို ကြောက်ပြီး လူ အကောင်လိုက်ကြီးကိုကျတော့ မကြောက်တော့ဘူးလား မသိဘူး. . .

ညှိလို့မရတာတွေလည်း မရှိတော့ဘူးဆိုတော့ ထိုနေ့ညက သူတို့နှစ်ယောက် ငြိတော့ ငြိကုန်ကြသည်။

ရည်ရွယ်ချက်မရှိဘဲ အဖေကိုကြောက်ပြီး ထွက်ပြေးသော ကိုးသည် ဆိုက်ကားဆရာကောင်းမှုကြောင့် ယောက်ျားတစ်ယောက် ရလိုက်ပါသည်။

▲ ▲ ▲



www.burmeseclassic.com

www.burmeseclassic.com

‘ကူညီပါ ကိုတိုးကြီးရာ၊ ကျွန်တော်တို့လက်မှတ်ထိုးဖို့ အသိ 'သက်သေနေရာမှာ လက်မှတ်လိုက်ထိုးပေးပါဗျာ’

‘ဟာ. . မလိုက်ရဲပါဘူး. . မင်းတို့ဘိုးတော်တွေက မလွယ်ပါဘူးကွာ. . တစ်သက်လုံး ပြဿနာရှာလို့ဆုံးမှာ မဟုတ်ဘူး၊ ဒို့ပြင်လူ သွားခေါ်ပါကွာ. .’

ဒီလိုပဲ ငြင်းလိုက်ကြတာ ဆယ်ယောက်တောင် မကတော့ပါ။

သတို့သား သတို့သမီးနေရာမှာ ထိုးဖို့လူက အဆင်သင့်ဖြစ်နေပေမယ့် သက်သေနေရာမှာ လိုက်ထိုးပေးသူ မရှိလို့ ဗိုလ်တောက်နှင့် ကိုးတို့ ခုချိန်ထိ အကြင်လင်မယားအရာမမြောက်သေး



BURMESE CLASSIC .com



ပေ။ သူတို့အစား စိတ်မရှည်နိုင် ဖြစ်လာသော ဆိုက်ကားဆရာ ကိုနိုင်ကြီးက

‘ဗိုလ်တောက်. . . မင်းတို့ သက်သေ လိုနေတာ မဟုတ်လား’

‘ခင်ဗျားအသိတွေရှိလို့လား. . ခေါ်ပေးပါဦးဗျာ’

‘စောစောက ပြောရောပေါ့ကွာ၊ ဒါပေမယ့် သူတို့က ဆိုက်ကားနင်းတာ ရပ်ပြီး လာကူရမှာဆိုတော့ သုံးထောင်တော့ မင်းပေးရလိမ့်မယ်’

‘ပေးမယ်ဗျာ၊ ခင်ဗျားသာ အမြန်ဆုံးသွားခေါ်လာတော့’

‘ဒါများကွာ. . နာရီဝက်ပဲ စောင့်’

ဖူးစာရေးနတ်မင်းကြီး ကိုနိုင်ကြီးက သူတို့နှစ်ယောက်ကို သူ့အိမ်မှာ ပေးနေပြီး သူကတော့ အမျိုးတွေဆီမှာ သွားအိပ်ရှာသည်။

သဘောမနောကောင်းသည့် လူပျိုကြီး ဒီသီတင်းကျွတ်မှာ အမြန်ကျွတ်ပါစေဗျာ. .

ဗိုလ်တောက်နှင့်ကိုးသည် ကိုနိုင်ကြီးအနောက်မှာ ပါလာသော လူအုပ်ကြီးကို ကြည့်ပြီး အံ့သြနေသည်။

‘ဗိုလ်တောက်ရေ ဒီမှာကြည့်. . ငါခေါ်လာတာ ဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်မှာရှိတဲ့လူ အကုန်ပဲ. . သူတို့က ဆိုက်ကားမနင်းရဘဲ သုံးထောင် ရမယ်ဆိုလို့ အကုန်လုံးလိုက်လာကြတာ'

ဗုဒ္ဓေါ. .

အသိသက်သေက နှစ်ယောက်ပဲ လိုတာ. . ကိုနိုင်ကြီးတို့ စေတနာပိုပြီး လုပ်ချလာပြန်ပြီ။

'နှစ်ယောက်ပဲ လိုတာဗျ'

'သူတို့က အားလုံး ဆယ့်လေးယောက်ဆိုတော့. . မင်းတို့ လက်မှတ် ခုနစ်ခါ ထိုးပေါ့ကွာ. . တစ်ခါထိုး နှစ်ယောက်နှုန်းနဲ့ဆို အတော်ပဲ ဟဲ. . ဟဲ'

ထိုနေ့က သက်သေနေရာမှာ လက်မှတ်ထိုးဖို့ ဆိုက်ကားဆရာနှစ်ယောက်ကို သုံးထောင်စီပေးပြီး ခေါ်ထားခဲ့ကာ ကျန်လူအားလုံးကို မင်္ဂလာဦးအဖြစ် လက်ဖက်ရည်နှင့် မုန့် ကျွေးပြီး ပြန်လွှတ်လိုက်ရလေသည်။

▲ ▲ ▲



BURMESE CLASSIC .com

သူတို့က လက်မှတ်ထိုးဖို့အရေး ဝရုန်းသုန်းကားဖြစ်ပြီး ရှုပ် ထွေးနေချိန်တွင် သူတို့နှစ်အိမ်မှာလည်း ထုံးစံအတိုင်း ရန်ပွဲတွေ ဆက်နေတော့သည်။

ဦးရွှင်မောင်ခြံထဲက သရက်ကိုင်း တစ်ကိုင်း နယ်နိမိတ်ကျော်ပြီး ဦးဘိုကြီးခြံဘက်ကို ရောက်နေသောကြောင့် ဦးဘိုကြီးက သရက်ကိုင်းကို ခုတ်ချလေသည်။

ဒါကိုမြင်တော့ ဦးရွှင်မောင်ဒေါသတွေ အထွတ်အထိပ်ကို ရောက်ပြီး ပေါက်ကွဲတော့သည်။

'ဟေ့ကောင် ဘိုကြီး. . မင်း ဒါဘာလုပ်တာလဲ'

'မင်း မမြင်ဘူးလား. . ခုတ်လိုက်တာလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်. . ဒီလိုကြေးလား၊ ငါ့သရက်ကိုင်း နယ်ကျော်တော့ အခုတ်ခံရတယ်၊ အခု မင်းရဲ့သားက နယ်ကျော်ပြီး ငါ့သမီးကို မ, ပြေးသွားပြီ. . ငါ ဘာလုပ်ရမလဲ'

'ခုတ်ပေါ့ကွ'

'အေး. . မင်းစကားနဲ့မင်းနော်'

'ရာရာစစ. . ငါ့သားက သရက်ကိုင်းမှမဟုတ်တာ၊ ဘာကို ခုတ်မှာလဲ. . ရှင်မောင် အစုတ်ပလုတ်'

'မင်းက နှာဘူး၊ ဘိုကြီး နှာဘူး. . နှာဘူးဘိုကြီး'

သူ့ယောက်ျားကို နှာဘူးပြောရပ့ါမလားဆိုပြီး ဦးဘိုကြီး မိန်းမက

'သူ့ဟာသူ နှာဘူးထတာ ရှင်နဲ့ဘာဆိုင်လို့တုန်း'

ဆိုပြီး ဝင်ရန်တွေ့တော့ ဦးဘိုကြီးက မျက်လုံးကြီးပြူးကာ

'မိန်းမ. . မင်းပြောမှပဲ ငါ'ဘူး'လုံးလုံးဖြစ်တော့တယ်'

ဆိုင်ကယ်တစ်စီးနဲ့အပြင်က ပြန်လာသော ဒေါ်အဥ္စလီက နားစွန်နားဖျားကြားပြီး ဝင်ကလော်တုတ်ပုံက

'ဘိုကြီးဆို လူ မပြောနဲ့ အိမ်ကခွေး ဘိုကြီးတောင် နှာဘူး ထတာပဲ'

'ကြည့်စမ်း. . ကြည့်စမ်း. . ငါ့ယောက်ျားကိုများ ခွေးနဲ့နှိုင်း



BURMESE CLASSIC .com



စရာလား. . အေး. . နောက်ဆို နင့်သမီးက နင်တို့ပြောတဲ့ အဲဒီနှာဘူးဘိုကြီးကိုပဲ ယောက္ခမတော်ရတော့မှာ'

အားအားယားယား ရှိတိုင်း. . ရန်ပွဲတွေ တစ်ပွဲပြီး တစ်ပွဲ နွှဲနေကြသော မိသားစုနှစ်စု. . ။

အမုန်းတွေနဲ့ ပြည့်နေတဲ့နေရာမှာလည်း ချစ်တတ်တဲ့ နှလုံးသားနှစ်ခု ပေါက်ဖွားလာနိုင်သေးတာပဲလေ. .

သူတို့မိသားစုနှစ်စု ရှေ့ဆက်ပြီး ရန်ဖြစ်ကြဦးမှာလား? ဒါမှမဟုတ် ပြေလည်သွားနိုင်မလား?

မူပိုင်နှင်းဆီ

12:20 Am

16th, October, 2010 (Saturday)



www.burmeseclassic.com